
www.burmeseclassic.com



# ဒယ ယေဂိဒွ

ဆေးရုံခန်းကြီးထဲမှ ဖုန်းခေါ်သံ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# ဒဿ မဟိဒ္ဓ

BURMESE CLASSIC

## ဆေးရုံခန်းကြီးထဲမှ

# ဖုန်းခေါ်သံ

မေ စီစဉ်သည်

ဖြန့်ချိရေး – စိန် စာပေ
၀၉ ၅၀ ၂၇၅၆၆
၀၉ ၅၀ ၁၁၂၈၄

www.burmeseclassic.com

www.burmeseclassic.com

လောကတွင် လက်တွေ့မမြင်ရမကြုံရပါလျှင် ယုံကြည်ရ ခက်သည်ချည်းသာ ဖြစ်ပါသည်။

မမြင်ရ မကြုံရတိုင်းသာ မယုံကြည်နိုင်ပါဘူး ဟု ဆိုလာခြေအံ့ . . . .

သင့်၏ ဝမ်းဗိုက်ထဲတွင် အူများရှိပါသည်။

သင်ယုံနိုင်ပါ၏လော . . . .

ဆေးပညာရပ်ဆိုင်ရာ ကိရိယာပစ္စည်းများ၏ အကူအပံ့ဖြင့် သင့်ဗိုက်ထဲကို သင်မမြင်ရမချင်းပေါ့။

BURMESE CLASSIC

စိန်စာပေ

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၅၀၁၁၅၀၀၈၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၅၀၁၁၇၉၀၈၀၉ |
| ထုတ်ဝေသူ | ဦးကျော်ဆန်း (၀၉၃၂) (ရဲအောင်စာပေ) အမှတ် (၂)၊ ချွန်းလမ်း (၁) မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်း/အဖုံး ပုံနှိပ်သူ | ဦးကျင်ရင် (၀၅၄၁၇) ရွှေခြင်္သေ့ ပုံနှိပ်တိုက် အမှတ်၁၂၊ စောရန်ပိုင် အနောက်ရပ်ကွက်၊ သရဖီလမ်း၊ အလုံ၊ ရန်ကုန်။ |
| ပုံနှိပ်ခြင်း | ၂၀၀၉ အောက်တိုဘာ ပထမအကြိမ် |
| အုပ်ရေ | ၁၀၀ |
| တန်ဖိုး | ၁၀၀ကျပ် |
| အတွင်းဖလင် | AZ |

၈၉၅. ၈၃

ဒဿ မဟိဒ္ဓ

ဆေးရုံခန်းကြီးထဲမှဖုန်းခေါ်သံ / ဒဿ မဟိဒ္ဓ ။ ရန်ကုန် ရဲအောင်စာပေ၊ ၂၀၀၉ ။

၁၆၀ - စာ ၊ ၁၂ × ၁၈ စင်တီ

(၁) ဆေးရုံခန်းကြီးထဲမှဖုန်းခေါ်သံ


www.burmeseclassic.com

www.burmeseclassic.com

## "ခြောက်ပေနီးနီး အထုတ်အမည်းရှည်ကြီး"

တောင်းကင်ပြင် တစ်ခွင်တွင် တိမ်သားမိုးမည်းများက
-လုံးပြည့် ဖြန့်ကျက်နေကြသည်။

လင်းရောင်ပေးမည့် ရွှေလသည် မည်သည့်တိမ်ညိုကြား
-၌ ခိုဝင်ပုန်းနေသည် မသိ။

မိုးကုတ်စက်ဝိုင်းကိုပင် မမြင်ရတော့။

မည်းသည်းနေသော ပင်လယ်ပြင်ကျယ်ကြီးတွင် လေပြင်း
-ကြောင့် လှိုင်းခေါင်းဖြူများမှာ မီးခိုးရောင် ပေါက်နေကြရင်း
-ဟဲဟဲ မြည်နေကြသည်များမှာ အသည်းယားစရာ။

ရောမ ကား်တင်သင်္ဘောကြီးတစ်စင်း။

ရေမိုင်ပြည့်ခုတ်မောင်း နေလျှက်ရှိသည်။

သင်္ဘောကြီး၏နောက်ဘက် ရေယက်ပန်ကာကြီးမှ
-တ်ထုတ်လိုက်သော လှိုင်းဂယက်များမှာ တဝေါဝေါနှင့် မျဉ်းဖြူ
-န်းကြီးကဲ့သို့ အမြှုပ်များ ဒလဟောထလျက် ကျန်ရစ်ခဲ့၏။

ရေကြောင်းအချက်ပြ မီးနီ၊ မီးစိမ်းလေးများမှအပ
-သင်္ဘောကြီးတစ်စီးလုံး မည်းမည်းမှောင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



သဘော်သားကြီးများ အားလုံးလိုလို အိပ်ရာဝင်ကြပြီ။

အခန်းများအတွင်းမှ မီးရောင် ပြင်ပသို့ မထွက်စေရေး အတွက် လိုက်ကာခန်းဆီး အထူများဖြင့် အခန်းပြတင်းပိုင်းများတွင် ညအခါတိုင်း ကာရံထားကြရစမြဲဖြစ်သည်။

ထိုသဘော်ကြီးမှာ အခြေ ဝမ်းဗိုက်ရေဆီမှ တွက်လျှင် ဆယ့်ငါးထပ်ရှိ တိုက်အဆောက်အဦကြီး တစ်ခုခန့် မြင့်လေသည်။

ကုန်းပတ်မှာ ဆယ့်သုံးထပ်အမြင့်တွင်ရှိ၏။

ကုန်းပတ်ပေါ်တွင်တော့ မည်းမည်း မည်းမည်းနှင့် မသိမသာသော လှုပ်ရှားမှုလေးများ ဖြစ်နေကြ၏။

လူနှစ်ယောက်သည် လေးလံလှသော တစ်စုံတစ်ရာကို တိတ်ဆိတ်စွာ သယ်ဆောင်လာကြသည်။

ထိုတစ်စုံတစ်ရာ ဆိုသောအရာမှာ အတော်အတန် လေးသော သဘောရှိသည့် ရှည်မျောမျော အထုတ်အမည်းကြီး ဖြစ်၏။

ထိုလူနှစ်ယောက်မှာလည်း ခေါင်းစွပ်နှင်းကာအကျီထူ မည်းမည်းကြီးများကို ဝတ်ဆင်ထားကြ၏။

ငါးပေကျော်ခြောက်ပေခန့်ရှည်သော ထိုအထုတ်ကြီးကို အထုတ်အစွန်း တစ်ဖက်တစ်ချက်ဆီမှ အတူတကွ ပင့်မြှောက်လိုက် ကြသည်။

ကုန်းပတ်ကျယ်ကြီး၏ အရံအတားများမှာ ခါးသယ်ခန့် အမြင့်လောက်သာ ကာရံထားသော သံလက်ရန်းတန်းလေးများ သာ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုလက်ရန်းတန်း အမြင့်လောက်ကို ကျော်လွန်အောင် မနည်းမနော အင်အားသုံးပြီး မြှောက်တင်ပြီးသည်နှင့် တစ်ပြိုင်နက် ဟိုး အောက်ဆီက လှိုင်းထ ဒေါပွနေသော ရေပြင်ကျယ် မည်းမည်းကြီး ဆီသို့ လွှတ်ချလိုက်ကြလေသည်။

"ဗွမ်း"

ထိုအထုတ်မည်းမည်းရှည်ရှည်ကြီးထဲတွင် သင်္ဘောစက်သုံး သံထည်ပစ္စည်းဟောင်း အလေးတုံးကြီးတစ်ခုပါ ပါဝင်ပုံရသည်။

ထိုကြောင့် ထိုအထုတ်ကြီးမှာ ရေထဲသို့ ကျလျှင် ကျ ခြင်း မှာပင် ပင်လယ်နက်ထဲသို့ နစ်စ ပြုလေသည်။

ပစ်ချလိုက်သူ လူနှစ်ဦးမှာ သင်္ဘော၏သံလက်ရန်းတန်း များကို ကိုင်ရင်း ထိုအထုတ်မည်းကြီး မျောပါ၊ နစ်မြုပ်၊ ကျန်ရစ်ခဲ့ သည့်အထိ မျက်စိတစ်ဆုံး ကြည့်နေကြသည်။

ထိုအချိန်တွင် သူတို့နှစ်ဦးကို သင်္ဘောကြီး၏ ပင်မ မောင်းနှင် ထိန်းချုပ်မှု ပဲ့စင်မြင့်ကြီးထဲမှ တစ်စုံတစ်ယောက်က ရေကြောင်းသုံး ခဲ့အားကောင်းလှသည့် မှန်ပြောင်းကြီးဖြင့် တိတ်ဆိတ်ငြိမ်သက်စွာ ကြည့်နေလေသည်။

ဒါကို သူတို့နှစ်ဦး သိဟန်မတူ။

ထို့ထက်ဆိုးသည်ကား သူတို့နှစ်ဦးကို သူတို့နှစ်ဦးသား မြင်နိုင်စွမ်း မရှိသော နေရာများမှ၊ အကောင်အထည် မရှိသော မျက်လုံးပေါင်း များစွာတို့က တိတ်ဆိတ်ငြိမ်သက်စွာ ကြည့် နေကြသည် ဆိုပါလျှင်. . . . ။

* * *

စိန်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## "ငွေ့ငွေ့ဝဲဝဲ ရနံ့ဆိုး"

စင်းကျန်။

ရောမ မော်တော်ကားတင် သင်္ဘောကြီးပေါ်ရှိ စူပါစားဖို ဆောင်မှူးကြီး စားတော်ကဲ Chief Cook တစ်ဦး။

သူ ရုတ်တရက်လန့်နိုးလာသည်။

ခုတလော ဤသို့ လန့်၍၊ လန့်၍နိုးရသည်မှာ ခဏခဏရှိ နေပြီ။

ထို့ကြောင့် အိပ်ဆေးများကိုမသောက်ချင်ဘဲ သောက်နေ ရ၏။

ပြန်ပြီးစဉ်းစားမိတော့ စောစောက အိမ်မက်ကိုသတိရ လိုက်၏။

သူသည် သက်ရှိလူ တစ်ကိုယ်လုံးကို အရှင်လတ်လတ် လှီးဖြတ်၊ စင်းကော ချက်ပြုတ် နေခဲ့ပါကလား။

ဝမ်းဗိုက်ကိုခွဲကာ အူများ၊ ကလီစာများကို တစ်စစီ



www.burmeseclassic.com

www.burmeseclassic.com


စိတ်ကြိုက် ဖြတ်တောက်၊ လှီးထုတ် ယူနေ၏။

အခွဲခံရသူခများမှာတော့ ပွင့်နေသော သူ့၏ ဝမ်းဗိုက် အကွဲ ဟောင်းလောင်းကြီးကို ထိတ်လန့် နှလုံးနာစွာဖြင့် လှမ်းကြည့်နေရှာ၏။

သူဆက်ပြီး မစဉ်းစားချင်တော့။

အန်ချင်စိတ် ပေါက်လာသည်။

ထိုစဉ်မှာပင် လက်ခနဲ သူ စဉ်းစားမိသွား၏။

နေ့လည်ခင်းတုန်းက ဟင်းချက်ပြုတ်ပြင်ဆင်ရန်အတွက် အအေးခန်းရိက္ခာ အသား၊ ငါး သိုလှောင်ခန်းကြီးအတွင်းသို့ ဝင်ခဲ့ရသည်။

ရေခဲမှတ်အောက် ရောက်သည်အထိ အေးခဲထားသော အခန်းတွင်းသို့ ထုံးစံအတိုင်း အအေးခန်းသုံးဝတ်စုံပြည့်ဖြင့် ဝင်ဖြစ်ခဲ့သည်။

ရေခဲကိုင်ထားသော အသားခန်း၊ ငါးခန်း များဖြစ်၍ အသား၊ ငါးများမှာ ပုပ်သိုးပျက်စီးမှုမရှိဘဲ လတ်လတ်ဆတ်ဆတ်ပဲ ရှိနေကြလေသည်။

ထိုပုပ်သိုးပျက်စီးမှု အလျဉ်းမရှိပါဆိုသည့် အခန်းကြီး ထဲမှာမှ ပုပ်အဲ့ ပျက်စီးနေသော အနံ့ဆိုးတစ်ခုကိုဟောင်ခနဲ ရလိုက်လေ၏။

ဒါဆိုလျှင် အချို့သော အသား၊ ငါးများ ပျက်စီးမှုရှိနေပြီ ဆိုသည့်...ာင်းအချက်တစ်ခု ပေါ်ပေါက်လာပြီဟုဆိုနိုင်လေသည်။

...ည်အတိုင်းသာဆိုလျှင် ရေခဲခန်းစက်များ၏ ထိန်းချုပ်မှု


www.burmeseclassic.com

www.burmeseclassic.com


တာဝန်ခံ အင်ဂျင်နီယာချုပ်ထံသို့ သတင်းပို့မှ ဖြစ်မည်ဟု တွေးပြီး အကြောင်းကြားခဲ့၏။

အင်ဂျင်နီယာချုပ်နှင့် ပထမအင်ဂျင်နီယာတို့က ဆောင်ရွက်ဆဲအလုပ်များကိုပစ်ထားခဲ့ကြကာ ချက်ခြင်းပင် ကွင်းဆင်းစစ်ဆေး ကြည့်ရှုခဲ့ကြ၏။

သို့သော်လည်း ပုပ်ဟောင်သောအနံ့ကို လုံးဝမရခဲ့သည့်အပြင် ပျက်စီးနေသော အသားများ၊ ငါးများ ကိုလည်း မတွေ့ခဲ့ရ။

စူပါလုပ်သက်ရင့် စားဖိုမှူးကြီးဖြစ်သူ မစ္စတာ စင်းကျန်ခမျာ စစ်ဆေးလာသူနှစ်ဦး၏ အယုံအကြည်မရှိသော မျက်လုံးများ၏ဒဏ်ကိုသာ စင်းပြီး ကျန်ရစ် ခံစားလိုက်ရရှာလေသည်။

နေ့လည်ခင်းတုန်းက သူကိုယ်တိုင် သေသေချာချာ ရရှိလိုက်ပါသော စူးစူးသိုးသိုး သည်ပျက်စီးမှု ရနံ့ဆိုးမှာ ဘယ်ကနေ ဘယ်လိုလုပ် ထွက်ပေါ်လာခဲ့ရပါသနည်း။

ပြီးတော့ဘယ်လိုလုပ်ပြီးပျောက်ကွယ်သွားရပါလေသနည်း။

အလုပ်နှင့်ပတ်သက်လျှင် အောက်ကျနည်းနည်းလေးမှ မခံချင်သော ပင်လယ်ပြင်လုပ်သက်ရင့် စားဖိုဆောင်၊ စားတော်ကဲ အကြီးအမှူးကြီးတစ်ယောက်အနေဖြင့် သည်လိုလွဲမှားပြီး တိုင်ကြားမှုမျိုးမှာ မဖြစ်သင့်၊ မဖြစ်ထိုက်ပါပေ။

အားလုံးမှာ တာဝန်ကိုယ်စီ အလုပ်ကိုယ်စီဖြင့် မနားတမ်းနေ လုပ်ကိုင် လှုပ်ရှားနေရကြသူများ မဟုတ်ပါလား။

ဘယ်သူမှ အချိန်ပို မရှိကြ။


www.burmeseclassic.com

www.burmeseclassic.com



သူ သည်ရနံ့ဆိုးကြီးကို ရခဲ့စဉ်က သေသေချာချာကို ရရှိခဲ့ခြင်းပါ။

ထို့ကြောင့် သေချာမှုရှိစေရန် သူသည် ယခုတစ်ရေးနိုးညကြီး မင်းကြီး၌ပင် သဘော်ကြီး၏ စားရိပ်မြုံ အခန်းရှိရာဆီသို့ ဆင်းလာခဲ့မိလေ၏။

ထိုမှ မီးဖိုချက်ပြုတ်ရာ အခန်းသို့ ဝင်လာခဲ့၏။

မီးဖိုခန်း၏ နောက်ဘက်ထဲတွင် အအေးခန်းကြီး ရှိ၏။

မည်သည့် အသားတွေကပဲ ပုပ်အဲ့နေလေသနည်း။

စင်းကျန် အအေးခန်းသုံး ဝတ်စုံကြီးကို လုံလုံခြုံခြုံ သေသေသပ်သပ် ဝတ်လိုက်၏။

သည်ပြဿနာကို သူသိပ်ပြီး သိချင်နေ၏။

လက်နှိပ်ဓာတ်မီးကိုပါ စစ်ဆေးပြီး ခါးထက်မှ ခါးပတ်တွင် ချိတ်လိုက်သည်။

အအေးခန်း တံခါးမကြီးကိုဖွင့်ပြီးသည်နှင့် ထိုတံခါးမကြီး အလိုလျောက် ပြန်ပိတ်မသွားစေရန်အလို့ငှာ လုံခြုံဘေးကင်းရေး ခလုတ် များကို ဖွင့်တင်လိုက်၏။

ဟောင်ခနဲ စူးစူးဝါးဝါး လွင့်လာသော ရနံ့ဆိုးက စင်းကျန် နံဘေးမှ ဖြတ်သန်းသွားသလို ခံစားလိုက်ရသည်။

နေ့လည်ခင်းတုန်းက ဟင်းချက်ပစ္စည်း ပစ္စယများ ဝင်ယူစဉ် ရရှိခဲ့သော အနံ့မျိုးပါလား။

ဘာ အသားငါး စားကုန် ရိက္ခာတွေများ ပုပ်သိုးပျက်စီး နေပါမလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ခါတော့ အသေအချာ စစ်ဆေးရမှုဖြစ်မည်။

နေ့လည်ခင်းတုန်းက အင်ဂျင်နီယာချုပ်ကြီးနှင့် ပထမ အင်ဂျင်နီယာတို့နှစ်ဦးလာရောက်စစ်ဆေးစဉ် ကာလတစ် လျှောက် လုံးလုံး သည်အနံ့ဆိုးကြီးများ ဘယ်သို့ ပုန်းနေကြပါအံ့နည်း။

ခုတော့လည်း တလူလူ၊ တထောင်းထောင်းနှင့် မွှးတောင် မွှးလာသည်။

ဘယ်အသားငါးတို့ဆီမှ ထွက်ပေါ်လာကြောင်း သေချာစွာ စေ့ငုစစ်ဆေး၊ သိရှိပြီးသည်နှင့် တစ်ပြိုင်နက် ပထမအင်ဂျင်နီယာ ထံသို့ ချက်ခြင်းလက်ငင်း ပိုင်ပိုင်နိုင်နိုင်အကြောင်းကြားရမည်။

သိကြရောပေ့။

အနီးဆုံးစင်ပေါ်၌ ကြက်ဆင်အကောင်လိုက် ကီလိုထုတ် များရှိသည်။

ထိုဆီမှလည်း မဟုတ်။

နောက်တစ်စင်။

ဘဲအကောင်လိုက် ကီလိုထုတ်များ။

နောက်တစ်စင်။

သိုးနှင့်ဆိတ်ပေါင်သား ကီလိုထုတ်များ။

နောက်တစ်စင်။

ကြက်အကောင်လိုက် ကီလိုထုတ်များ။

တစ်စင်ပြီး တစ်စင် စစ်ဆေးနေရာ ကြက်တောင်ပံချည်း သက်သက်အထုတ်များ၊ ကဏန်းလက်မများ၊ ဝက်ခြေထောက် အထုတ်များ၊ ငါးအသားလိတ်များ၊ အမဲပြီးအထုတ်များ၊



www.burmeseclassic.com

www.burmeseclassic.com


ကင်းမွန်ဘဝဲ၊ ပင်လယ်စာများ၊ ဝက်ပေါင်သားအထုတ်များ၊ ဆိတ်ကလီစာအထုတ်များ စသည့်စသည့် အသားဟင်းလျာ စုံစီနဖာများကို တဖြည်းဖြည်းချင်းစစ်ဆေးလာရာ အအေးခန်းကြီး၏ အတွင်းဘက်သို့ ရောက်မှန်းမသိရောက်လာလေ၏။

အထုတ်တစ်ထုတ်ချင်း ရှုနမ်းကြည့်နေပါသော်လည်း အေးခဲမာကျောနေသော အတွေ့အထိမှတစ်ပါး မည်သည့်အနံ့ကိုမှ မရ။

သို့သော် စောစောက ရန့်ဆိုးကြီးကတော့ ရွှေ့လျားနေသည့်အလား၊ ဝေ့ခနဲ၊ ဝဲခနဲ ရ ရနေပြန်၏။

စင်းကျန် စိတ်မရှည်တော့။

နားလည်း မလည်နိုင်တော့။

မြောက်ဝင်ရိုးစွန်း၊ တောင်ဝင်ရိုးစွန်း ရောက်နေသလို အေးခဲနေသော ဤအအေးခန်းကြီးထဲမှာ ကြာကြာနေလျှင် သွေးခဲပြီး သေရပါလိမ့်မည်။

အတွင်းပိုင်းစင်များသို့ မျက်စိအကြည့်လိုက် သူတစ်စုံတစ်ရာကို မြင်တွေ့သွား၏။

ဟုတ်မှ ဟုတ်ပါ့မလား။

အိပ်၍မပျော်တိုင်း အိပ်ဆေးမှီဝဲခဲ့သည့် ဒဏ်တွေပဲ များသွားလေရော့သလား။

ဇဝေဇဝါ။

* * *

စိန်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## "လှုပ်လှုပ်ရှားရှား အသားတစ်များ"

ပလတ်စတစ် ပက်ကင်ထုတ်မထားသော အသားစများ၊ အသားတုံးများ၊ အသားတစ်များ။

ဒါတွေ ဘယ်တုန်းကများ ဘယ်သူက အော်ဒါမှာကြားထားခဲ့၍ ဤနေရာသို့ ရောက်ရှိ နေရပါလိမ့်။

သူ ဤသင်္ဘောကြီးပေါ်မှာ အလုပ်စတင် လုပ်ကိုင်ရောက်ရှိနေသည်မှာ ငါးလပင် ကျော်လှုပြီ။

ဒါတွေသည် သူအော်ဒါမှာကြားခဲ့သည့် ရိက္ခာပစ္စည်းများမဟုတ်ကြ။

မြင်လည်း မမြင်ဖူး။

အသားတုံး၊ အသားတစ်များကိုကြည့်ရသည်မှာ တစ်မူထူးနေသလိုခံစားရ၏။

ရေခဲမှုန်မွှမွှလေးများ တွယ်ကပ်နေခြင်း မရှိ။

ပင်လယ်ပြင်ရိက္ခာထောက်ပံ့ရေးကုမ္ပဏီများ၏ သေသပ်စံနစ်ကျသော ထုတ်ပိုးမှုများလည်းမရှိ။



www.burmeseclassic.com

www.burmeseclassic.com


သူ၏ ရိက္ခာပစ္စည်းအဝင်အထွက် လယ်ဂျာစာရင်းကို သူ၏ရုံးခန်းပြန်ရောက်မှ ကွန်ပျူတာထဲတွင် သေသေချာချာ စစ်ဆေးရဦးတော့မည်။

လောလောဆယ်တော့ ပစ္စည်းတင်စင်များ တွင်ချိတ်ထား သော ဘင်ကတ်ဟုခေါ်သည့် ရိက္ခာအဝင်အထွက် စာရင်း ကတ်ပြားများကိုပဲ ကြည့်ရှုစစ်ဆေးတော့မည်။

ထိုပစ္စည်းတင်စင်၏စာရင်းကတ်ပြားမှာ အမှန်တကယ်ရှိ ရမည့် နေရာတွင် ရှိမနေပါကလား။

ထို့ပြင် မရှိရမည့်နေရာတွင်လည်း ရှိမနေပါချေ။

ဒါဖြင့် ဘယ်သို့ပျောက်သနည်း။

ဤအအေးခန်းကြီး၏ ပစ္စည်းများ စီမံအုပ်ချုပ်မှု တာဝန် ရှိသူမှာ သူပင်ဖြစ်ရာ၊ မနေ့တစ်နေ့ကအထိ ဒါတွေ သူမမြင်ခဲ့၊ မသိခဲ့ရပါကလား။

သူမရှိတုန်း ဤအခန်းကြီးသို့ မည်သူဝင်သနည်း။

သူ၏ စားသောက်ချက်ပြုတ်တည်ခင်းမှုဆိုင်ရာ ဌာန ကြီးရှိ သူ၏လက်အောက်၌ ဒုတိယစားဖိုမှူးနှစ်ယောက်၊ စားပွဲထိုး သုံးယောက်၊ သန့်ရှင်းရေးလုပ်သား နှစ်ယောက်တို့ရှိကြသည်။

သူပေးသောစာရင်းအရ သူ့လက်အောက်ရှိ တာဝန်ကျ ဒုတိယစားဖိုမှူးကသာ ပစ္စည်းသွားရောက် ထုတ်ယူရစမြဲ။

နံနက်ကျမှ သူ့ကို မေးကြည့်ရမည်။

"ဂျိမ်း"

စင်းကျန် ထခုန်မတတ် လန့်သွား၏။



www.burmeseclassic.com

www.burmeseclassic.com


အဝင်ဝ တံခါးကြီး အလိုလျောက် ပိတ်သွားချေပြီကော။

အတွင်းရှိ မီးများအားလုံးလည်း မှိတ်သွားကြ၏။

အနံ့ဆိုးကြီးက ဗွေခနဲ ဖြတ်သန်းသွားသည်။

စင်းကျန် ခါးမှလက်နှိပ်ဓာတ်မီးကို ဆွဲယူကာ အမြန်ဆုံး ဖွင့်လိုက်၏။

ဘေးအန္တရာယ် ကာကွယ်ရေး၊ လုံခြုံမှုခလုတ်များ တတ်ဆင်ထားပါသော ဤအခန်း၏ တံခါးကြီးကို ဘယ်သူကများ ပိတ်လိုက်ပါလိမ့်။

စင်းကျန် နည်းနည်းစိတ်ပူသွားသည်။

သည်လို ရေခဲခန်းကြီးထဲ ပိတ်မိခံနေရသော အတွေ့ အကြုံမျိုးတွေ ရှိခဲ့ဖူးပါသည်။

သို့သော် ထိုသို့ပင်ရှိခဲ့လင့်ကစား သည်တစ်ခါလို ပိတ်မိ ခံရပုံမျိုးကိုကား အတော် ထိတ်လန့် တုန်လှုပ်မိလေ၏။

ဘာကြောင့် မှန်းတော့မသိ။

ထိုစဉ်မှာပင် သူကိုင်ထားသော လက်နှိပ်ဓာတ်မီးအလင်း ရောင်စူးစူးရှကှ စောစောက စာရင်းမဲ့အင်းမဲ့ အသားတုံး၊ အသား တစ်များပေါ်သို့ ထိုးမိသွား၏။

"အာလာမာ"

သူမျက်စိကို အသေအချာ ပြူးကြည့်၏။

ပွတ်ကြည့်၏။

အိပ်ဆေးအရှိန်များကြောင့်လေလား။

ထပ်မံပြူးပြဲ ကြည့်ရပြန်၏။



www.burmeseclassic.com

www.burmeseclassic.com


သေချာပါသည်။

အသားတုံးကြီး ဖြည်းဖြည်းလေး လှုပ်နေပါကလား။

ခပ်လွှာလွှာ လှီးထားသော အသားစ ခပ်ပြားပြားမှာလည်း တဖြည်းဖြည်းချင်း တွန့်ခေါက်စ ပြုနေ၏။

အခြားသော စာရင်းမဲ့ အသားတစ်များကလည်း ကိုယ်စီကိုယ်စီ လှုပ်စ ပြုနေကြသည်။

စင်းကျန်၏ ခေါင်းအထက်မှ ဆံပင်များအားလုံး ထောင်ထသွားကြသည်။

ရုတ်တရက် အာခံတွင်း ခြောက်ကပ်လာ၏။

လတ်ဆတ်မှု ကင်းမဲ့လျက် ပျက်စီးစပြုနေသော အသားစိုင်များ၏ ရနံ့များက ပစ္စည်းတင် ဤစင်ထက်မှ စူးစူးဝါးဝါး ထွက်ပေါ်လာကြတာပါလား။

အသားတစ်ကြီးက တဖြည်းဖြည်းချင်းလှုပ်ရင်း၊ လှုပ်ရင်း၊ ဒရွတ်ဆွဲကာ စင်၏အစွန်းဘက်သို့ တအိအိ ရွေ့လာ၏။

အသားပြားကြီးကမူ ဘောက်ဖတ်လိုလို၊ ခူလိုလို လမ်းလျှောက်နေသော ဟန်ပန်မျိုးဖြင့် တဖြည်းဖြည်းချင်း တွန့်ခေါက် ရွေ့လျားနေသည်များမှာ အသည်းယားစရာကြီးပါပေ။

စင်းကျန် မျက်လုံးအစုံ အစွမ်းကုန် ပြူးကျယ်ရင်းမှ အေးစက်နေသော နံရံဆီသို့ ကျောကပ်မိသွားလေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

"ဖြန်းဖြန်းသွန်းဖြိုး ရှုရှူးမိုး"

အအေးခန်းကြီးအပြင်ဘက်မှတံခါးကို တဗုန်းဗုန်းနှင့် ထုရိုက်ဖျက်ဆီးနေသံများကို ကြားရ၏။

စက်မှုပိုင်းဆိုင်ရာတာဝန်ကျ အင်ဂျင်နီယာများနှင့်သူ၏ စက်မှုအဖွဲ့သားများ ရောက်ရှိလာကြပြီ ထင်သည်။

အအေးခန်း တံခါးကြီးမှာ လျှပ်စစ်ပိုင်းဆိုင်ရာ ချို့ယွင်းချက်များကြောင့် ဖွင့်မရတော့ပြီလော။

တံခါးသော့ခလုတ်ကို ဖျက်ဆီးနေသောအသံ ဗလံများကြောင့် ထင်သည်၊ အသားတုံး၊ အသားတစ်၊ အသားပြားကြီးတို့၏ တဖြည်းဖြည်း လှုပ်ရှားမှုများ ချက်ချင်းရပ်တန့် သွားကုန်ကြလေ၏။

သူ၏ ဝါရင့်လုပ်သက်များအရကြည့်လျှင် ဤသို့သော မသတီစရာအသားများကို သူခုတ်ထစ်၊ ကြော်လှော်၊ ချက်ပြုတ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရဖူးခြင်းမရှိ။

ဘာ အသားများပါလိမ့်။

မျက်စိထဲ ထူးတော့ထူးခြား၏။

ထို့ကြောင့် စင်းကျန် မျက်စိနှစ်လုံးကို အခါခါပွတ်ကြည့်မိသည်။

ယခုတော့ ဤအသားပြားကြီးမှာ ငြိမ်နေလေပြီ။

စင်းကျန်မှာ လက်နှိပ်ဓာတ်မီးရှည်ကြီးဖြင့် ထိုအသားပြားကြီးကို စိတ်တင်းပြီး အသာတို့ ကြည့်လိုက်သည်။

ပျော့စိစိ။

ငြိမ်သက်လျက်ရှိ၏။

ဤအသားခန်းကြီးထဲမှ ရာသီဥတုမှာ အနုတ်နှစ်ဒီဂရီဆဲလ်စီးယပ်ဖြစ်၍ သူ့မှာသာ ခိုက်ခိုက် တုန်နေရသည်၊ ဤအသားပြားကြီးကတော့ မာကျစ်နေမှုပင် မရှိပါကလား။

သူဝတ်ဆင်လာသော နှင်းကာအအေးခံ ခေါင်းစွပ်ဝတ်ရုံသည်ကြီးကြောင့်သာ အအေးဒဏ်မှအနည်းငယ် သက်သာသလိုရှိနေခြင်း ဖြစ်၏။

ဟိုဘက်က ငါးအမျိုးမျိုး သိုလှောင်ထားရာ အခန်းဆိုလျှင်ယခုထက်ပင် ပို၍အေးသေး၏။

သူသည် ဤအသားအမျိုးမျိုး၊ ငါးအမျိုးမျိုးနှင့် သစ်သီးသီး၊ ဟင်းသီးဟင်းရွက်များ သိုလှောင်ရာ စားဖိုဆောင်ကြီး၏အားဘက် ရေခဲခန်းထဲတွင် ပိတ်မိနေသည်မှာ အတော်ကြာသွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



အကာယ်၍ အပြင်ထွက်မရဘဲ အခန်းထဲတွင် လုံးဝပိတ်မိ နေပြီ ဆိုလျှင်တော့ အသက်ဘေး မတွေးဝံ့ စရာပါပေ။

တကာယ်တော့ ဤကဲ့သို့သော ရေခဲခန်း ပင်မတံခါးဝတွင် မည်သည့် အထဲမှာဝင်ရောက် အလုပ်လုပ်ကိုင်နေသူ ရှိလျှင်သော် လည်းကောင်း၊ ပစ္စည်းဝင်ရောက်ယူငင်နေသူ ရှိလျှင်သော်လည်း ကောင်း၊ ရောက်ရှိနေသမျှကာလပတ်လုံး ပြင်ပမှ အလိုလိုပိတ်၍ မသွားရလေအောင် ခလုတ်များနှင့် ကာကွယ်တားဆီးကာ လုံခြုံ အစီ အမံများအဖြစ် တတ်ဆင်ထားရစမြဲ။

ထို့အပြင် အကာယ်၍ တစ်စုံတစ်ခုသော အကြောင်းတစ်ခု ခုကြောင့် ထိုအစီအမံ၊ အကာအကွယ်၊ အတားအဆီး ခလုတ်များ ချို့ယွင်းပြီး ပိတ်မိသွားပါစေဦး၊ အချက်ပေး အသံများက နေရာ အနှံ့တွင် မြည်လာမည်ဖြစ်၏။

အထူးသဖြင့်ပင်မရေခဲခန်းကြီး အဝတွင်သော်လည်း ကောင်း၊ တာဝန်ကျအင်ဂျင်နီယာ အခန်းများတွင်သော်လည်း ကောင်း၊ ပင်မအင်ဂျင်စက်ခန်းကြီး အတွင်းတွင်သော်လည်း ကောင်း ကျယ်လောင်စွာ မြည်လာပါလိမ့်မည်။

ထို့ကြောင့်လည်း သူ့ကို ရေခဲခန်းကြီး၏ စက်ပိုင်းဆိုင်ရာ တာဝန်ကျသူ အင်ဂျင်နီယာများ လာရောက်၍ ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ဖို့ရောက်ရှိနေကြခြင်းဖြစ်လေသည်။

သူသည် ဝါရင့်စားဖိုမှူးကြီးတစ်ယောက်ဖြစ်သည်။

သူ့ဘဝမှာ သည်လိုအဖြစ်မျိုး ခဏခဏ ကြုံဖူးခဲ့ပါသည်။

အိုမင်းသော သင်္ဘောကြီးများတွင် လုံခြုံရေးခလုတ်များ



www.burmeseclassic.com

www.burmeseclassic.com



သုပ်ဆောင်ချက်လွဲမှားခြင်းကြောင့် ဤကဲ့သို့ ဖြစ်ခဲ့ရဖူးပါသည်။

အချို့သင်္ဘောကြီးများကတော့ သစ်လွင်လှသော်လည်း တစ်ခါတစ်ရံ သူတို့ကိုတည်ဆောက်ခဲ့သော လွန်းကျင်းများနှင့် အသုံးပြုသောပစ္စည်း အမျိုးအစားများပေါ် မူတည်လျက် စက်ကြောင်ခြင်း၊ ခေတ်ကြောင်ခြင်းများ ဖြစ်တတ်ကြ၏။

ဤကဲ့သို့ ခေတ်ကြောင်ခြင်းကြောင့်လည်း သူပိတ်မိခံခဲ့ရသည်လည်း ရှိခဲ့ဖူး၏။

ရေခဲခန်း၏ ပင်မတံခါးဝကြီး ပိတ်လိုက်သည်နှင့် အတွင်းရှိ ရေလုံမီးလုံးကြီးများအားလုံး အလိုလျောက် ငြိမ်းစေသော စံနစ်ကို ပြုလုပ်ထားသည်။

စားဖိုမှူးကြီး ချိဖ်ကွတ် စင်းကျန်အဖို့ မည်းမည်းပိန်းပိန်း အမှောင်ထဲမှာ ဒူးကွေးဆောင့်ကြောင့်ထိုင်ရင်း ရှူးရှူးများဖြန်းဖြန်း သွန်းဖြိုးလိုက်မိလေတော့သည်။

ဟောခုပင် တံခါးမကြီး ပွင့်သွား၏။

စက်ပိုင်းဆိုင်ရာ အင်ဂျင်နီယာနှင့် အဖွဲ့သားများ ဝင်ရောက်လာကြပါပြီကော။

* * *



www.burmeseclassic.com

www.burmeseclassic.com

## "သေကြောင်းကြံသူ"

စူပါစားဖိုဆောင်မှူးကြီး Chief Cook စင်းကျန် သူ၏ အခန်းသို့ တုန်လှုပ်စွာဖြင့် ပြန်ရောက်လာသည်။

ဟောသည် မော်တော်ကားတင် ဧရာမသင်္ဘောကြီးပေါ် သို့ ရောက်ရှိနေသည်မှာ ငါးလပင်ကျော်ပြီဖြစ်သည်။

အလုပ်ကန်ထရိုက် စာချုပ်ပြီးပြည့်ခါနီးလုပြီဟု ပြော၍ ရလေသည်။

မြန်မြန်ပြည့်ပါစေတော့ဟုသာ ဆုတောင်းနေမိသည်။

ဟိုးရှေးယခင့်၊ ယခင် အခေါက်များတုန်းကလို သည်တစ်ခေါက် သင်္ဘောလိုက်ရသည်မှာ စိတ်သိပ်မပျော်လှ။

အနောက်တိုင်းသား အရာရှိများအတွက်သော်လည်းကောင်း၊ အရှေ့တိုင်းသား အရာရှိ သင်္ဘောသားများအတွက်သော်လည်းကောင်း၊ အရှေ့တိုင်းသား ဝက်သားမစားသော လူမျိုးများအတွက်သော်လည်းကောင်း၊ အရှေ့တိုင်းသား အမဲမစားသော

www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောသားများ အတွက်သော်လည်းကောင်း၊ စားဖွယ်၊ ဟင်းစုံ အဖုံဖုံ၊ အပြားပြား၊ အသီးသီးတို့ကို နေ့စဉ် စီမံချက်ပြုတ် တည်ခင်းရသည်ကို သူနည်းနည်းလေးမှ မပင်ပန်းပါ။

ပျော်ပါသည်။

စိတ်ချမ်းသာပါသည်။

သူ၏ ကျွမ်းကျင်ရာ လိမ္မာသော အလုပ်မှာ ချက်ပြုတ် ကျော်လျှော် စီမံတည်ခင်းရသော အလုပ်များ မဟုတ်ပါလား။

သူ၏ အလုပ်ကို သူ နည်းနည်းလေးမှ မငြီးငွေ့ပါ။

သူ၏ ပင်လယ်ပြင်လုပ်သက်များမှာ နည်းမှမနည်းတော့။

သည်တစ်ခေါက်လောက် စိတ်ကျဉ်းကျပ်မှုမျိုးကို မခံစားခဲ့ ရစဖူး။

ယခုတော့ ဘာကြောင့်ရယ်မသိ အလိုလို စိတ်လေးနေ သလိုလို၊ စိတ်အားငယ်နေ သလိုလို ဖြစ်ပေါ်နေတတ်၏။

ယခု ဖြစ်ရပ်က သူ့ကို ပိုမို စိတ်အားငယ်စေလေသည်။

ဘယ်သူ့ကိုမှလည်း ဖွင့်ဟပြောဆို တိုင်ပင်၍ မဖြစ်။

သူမြင်သမျှ ဖြစ်ရပ်များကို ဘယ်သူမှ ယုံကြမည် မထင်။

လေးလံနေသော စိတ်ကို မြိုသိပ်နေခဲ့ရသည်။

အထူးသဖြင့် ဤသင်္ဘောကြီးပေါ်ရှိ ပထမအင်ဂျင်နီယာ အရာရှိဖြစ်သူ ဆန်းကစ် လတ်တလော သေဆုံးသွားပြီးကတည်းက သူ့စိတ်ထဲမှာ ပိုမိုလေးလံ လာခဲ့ရသည်။

ရေထဲကို ခုန်ချသွားသည်တဲ့။

နက်မှောင်ကျယ်ပြောလှသော ကမ်းမမြင် လမ်းမမြင်



www.burmeseclassic.com

www.burmeseclassic.com



သမုဒ္ဒရာ ရေပြင်ထဲ မိုက်မိုက်မဲမဲ ခုန်ချသွားသည်ဆိုပါလား။

ခုန်ချသွားချိန်က သင်္ဘောသားအားလုံး အိပ်စက်အနားယူ နေကြချိန် ဖြစ်သည်တဲ့။

ဘယ်သူမှ မသိကြ။

ဘာသဲလွန်စမှ မရသေး။

သက်ဆိုင်ရာ ကမ်းခြေစုံစမ်းစစ်ဆေးရေး အဖွဲ့များ၊ ပင်မ သင်္ဘောလိုင်းကြီးမှ စုံစမ်းစစ်ဆေးရေးအဖွဲ့များ၊ အသက်အာမခံ ကုမ္ပဏီကြီးများမှ စုံစမ်းစစ်ဆေးရေးအဖွဲ့များ စသည့်၊ စသည့် အမျိုးမျိုး အပြားပြားသော လုပ်ငန်းစစ်ဆေးရေး အဖွဲ့ပေါင်း များ စွာ ဝင်လာ မစဲ တသဲသဲ သာဖြစ်ခဲ့ရသည်။

အဖြေတစ်ခုမှ ရရှိမလာ။

အထူးသဖြင့် ပင်မသင်္ဘောလိုင်းကြီးမှ သင်္ဘောများ၏ အထူးကိုယ်စားလှယ်များပါ သင်္ဘောပေါ်သို့ ရောက်ရှိနေကြသဖြင့် ကျွေးမွေးတည်ခင်းရေး အစီအစဉ်များမှာ များပြားလှ၏။

ထိုသေဆုံးသွားသူ ပထမအင်ဂျင်နီယာ မစ္စတာဆန်းကစ် ဆိုသူကို သူ အထူးခင်မင်၏။

သူတို့နှစ်ဦးသည် ဤသင်္ဘောကြီးပေါ်တွင်သာမဟုတ်၊ ဤမော်တော်ကားသင်္ဘောလိုင်းကြီးထဲမှ အခြားသော သင်္ဘော ပေါင်းများစွာပေါ်တွင်လည်း အတူတကွ စီးနင်းရင်း အလုပ် တာဝန်များကို လက်တွဲ ထမ်းဆောင်ခဲ့ကြဖူးလေသည်။

ထိုသူသည် အန္တိယနိုင်ငံသားတစ်ဦးဖြစ်ပြီး အလုပ်မှာ အလွန်လေးစား၊ ကြိုးစားသူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အေးဆေး၊ ငြင်သာ၊ ပျော့ပြောင်းပြီး ငြိမ်းချမ်းသူဖြစ်သည်။

မုန်းသူမရှိ၊ ချစ်ခင်သူ ပေါများသည်။

ဝါရင့်၊ လုပ်သက်ရင့် အင်ဂျင်နီယာတစ်ဦးဖြစ်ပြီး စိတ်ဓာတ်ပိုင်းဆိုင်ရာ အရည်အချင်းလည်း မနိမ့်သူဖြစ်သည်။

သေမှုသေခင်း စုံစမ်းရေးအဖွဲ့များ၏ ယူဆချက်ကတော့ မိမိကိုယ်ကို သေကြောင်းကြံစည်ခြင်းသာဟု သတ်မှတ်ကြ၏။

သူ၏အတွင်းစိတ်နှင့် သူ၏ပုဂ္ဂိုလ်ရေး လျှို့ဝှက်ချက်များကိုတော့ ဘယ်သူမှ ခန့်မှန်းခြင်းငှာ မစွမ်းသာပါလေ။

ယနေ့ညလို ရေခဲခန်းထဲ ပိတ်လှောင်မိနေသည့်အခါတွင် စားဖိုမှူးစင်းကျန်သည် သူ၏မိတ်ဆွေဖြစ်သူ ဆန်းကစ်ကို အလွန် သတိရလေသည်။

တစ်ချိန်တုန်းက၊ တစ်ခုသော သင်္ဘောကြီးပေါ်မှာတုန်းက စားဖိုမှူးကြီးစင်းကျန်တစ်ယောက် ရေခဲခန်းကြီးထဲ ဤသို့ပင် ပိတ်မိ ခံခဲ့ရဖူးသည်။

ထိုစဉ်အခါတုန်းက မစ္စတာဆန်းကစ် တစ်ယောက် စိုးရိမ် တကြီး လာရောက်၍ ကယ်ဆယ်ပေးခဲ့ဖူးပါသည်။

ယခုတော့ မစ္စတာဆန်းကစ် ကွယ်လွန်သွားခဲ့ပါပြီ။

သူပြီးနောက် ဤသင်္ဘောကြီးပေါ်သို့ နောက်ထပ် အစား ရောက်ရှိလာသူကတော့ ပထမအင်ဂျင်နီယာအရာရှိ **"သူရ"** ဟူ၏။

အလွန်အကင်းပါးပြီး ဖျတ်လတ်သော 'ဗမာ'လူမျိုး တစ်ယောက် ဖြစ်၏။

မြေလတ်သားဟု သူကဆိုတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စင်းကျန် နားမလည်။
နှုတ်နည်းသည်။
တည်ကြည် ပြတ်သားသည်။
ခင်မင်နှစ်လိုဖွယ် ဟန်ရှိသည်။
သတ္တိကောင်း ဟန်ရှိသည်။

စူးရှသော သူ့မျက်လုံးများကို ကြည့်ရခြင်းဖြင့် ထက်မြက်မည့် သဘောမျိုးတွေ့ရသည်။။

သည်တစ်ခါ ရေခဲခန်းကြီးထဲမှ သူ့ကိုကယ်ထုတ်ရန် ရောက်လာသူမှာ ပထမအင်ဂျင်နီယာ သူရ ပင်ဖြစ်လေသည်။

စိုစွဲနေသော အောက်ပိုင်းတစ်ခုလုံးဆီမှ ရှူးရှူး၊ ယူရင်းနံ့များ စူးစူးဝါးဝါးထွက်နေရင်းမှ စင်းကျန်ခမျာ ရှက်သွေးဖြာဖြာ မျက်နှာကြီးဖြင့် ပထမအင်ဂျင်နီယာ သူရ ကို မျက်နှာချိုသွေး ရလေတော့သည်။

ပေါ်ဟို ပြဿနာကောင် စင်ပေါ်မှာကား ဘာဆိုဘာမှ မရှိတော့၊ ပကတိ၊ ဟာလာဟင်းလင်း သာတည်း။

အနံ့အသက်ဆို၍ အေးမြလတ်ဆတ်လှသော လေထုထဲ သူ၏ရှူးရှူးရနံ့ တစ်မျိုးမှတစ်ပါး စိတ်မသတီ၊ သရိုးသရီ ဖြစ်စရာ ဘာရနံ့ရယ်မှမရှိချေ။

မနက်ဖြန်မနက်ဆိုလျှင် စင်းကျန်တစ်ယောက် အပြောင်းအလဲမရှိ၍ ပျင်းနေကြသော သင်္ဘောသားကြီးများကြား အတော်လေး နာမည်ကြီးတော့မည် ဖြစ်သည်။

ဟာသ ပုံပြင်တစ်ပုဒ်ပါ ပေါ်ပေါက်လာရင်း တစ်ပတ်၊



www.burmeseclassic.com

www.burmeseclassic.com


နှစ်ပတ်လောက် မပျင်းရအောင် ပြောစမှတ် ပြုကြပေတော့မည်။

ယခုတော့ ညကြီးမင်းကြီး ရေခဲခန်းအတွင်း အညစ်အကြေးသန့်ရှင်းရေး ဆောင်ရွက်ရန် တာဝန်ယူရမည့် သဘော်သား ငယ်နှစ်ဦးမှာကား အိပ်မှုန်စုံမွှားဖြင့် စူပုပ်စိတ်တိုနေကြဟန်ရှိနေကြလေ၏။

သူတို့၏ မျက်နှာများကို မစွတာစင်းကျန်ခမျာ မချိပြုံးလေး ပြုံးပြုံး ပြနေရလေတော့သည်။

စက်ပိုင်းဆိုင်ရာ အဖွဲ့သားများက ပြုံးစိပြုံးစိ ဖြစ်နေသလောက် တစ်ယောက်သောသူကတော့ တည်ငြိမ်စွာကြည့်နေ၏။

သူကတော့ သူရ။

သူရ ၏ အဖြေရှာရခက်သည့် မျက်နှာပေါ်မှာကား အလွန်စဉ်းစားရကျပ်နေသောဟန်ဖြင့်တင်းမာ ခက်ထန်နေပါလေလား။

* * *



www.burmeseclassic.com

www.burmeseclassic.com

## "ဈေးသူမဲ့ လက်ဈေး"

အရန်စက်များအဆင်သင့်ဖြစ်ပြီး လုပ်ငန်းခွင်ထဲမှာ စိတ်ချရသည့်အဆင့်နှင့် အခြေအနေတို့ ရှိမရှိ သူရ စောင့်ကြည့်နေသည်။

သူသည် ဤမော်တော်ကားတင် ဧရာမသင်္ဘောကြီး၏ အင်ဂျင် စက်ခန်းပိုင်းဆိုင်ရာ ပထမအင်ဂျင်နီယာ အရာရှိဖြစ်၏။

သူရ ဟုခေါ်၏။

သင်္ဘောကြီးပေါ်ရောက်တာမှ မကြာလှသေး၊ နှစ်ပတ်နှင့် တစ်ပိုင်း။

သုံး၊ လေးနာရီနှင့် တစ်စိတ်ခန့်သာ ရှိသေး၏။

ခပ်လှမ်းလှမ်း၌ ဖွေးဖွေးဖြူနေအောင် ဆေးသုတ်ထား



www.burmeseclassic.com

www.burmeseclassic.com


သော အရန်မီးထိုးဆီ တန်သုံးဆယ်ကျော် ဆီလှောင်ကန်ကြီး ရှိ၏။

ထိုကန်ကြီး၏ နံရံထက်တွင် ခပ်သော့သော့ ရေးထားသည့် စာသားများ ရှိနေသည်။

သူရ ဒါကို လုံးဝ သည်းမခံနိုင်။

ရေးထားသည်က ရွှေတို့၏ စာဘာသာ၊ လက်ရေး။

"သူရ" ဟု ကသောကမျော ရေးထားပါန်။

သူရတို့၏ ရွှေရွှေ မိခင်ဘာသာစာကို အနီးကပ် လေ့လာ ကြည့်လိုက်၏။

မီးထိုးဆီ အပျစ်ကို လက်ညှိုးဖြင့်တို့ကာ ခပ်သော့သော့ ရေးထားသည့် သဘောရှိ၏။

ဆီသိုလှောင်ကန်ကြီး၏ အတွင်းမှ အပူရှိန်ကြောင့် အပြင် နံရံထက်ရှိ ထိုစာလုံးများမှာ အရည်ပျော်ပြီး စီးကျစ ပြုလာသည်။

ထို့ကြောင့် ယခု လောလောလတ်လတ်လေးမှာတင် ရေးသွားသည်ဟု ကောက်ချက်ချနိုင်လေသည်။

စည်းမဲ့ကမ်းမဲ့ သည်လိုရေးခြစ်သောသူကို မှတ်လောက် အောင် သူရ ဆုံးမပစ်ချင်၏။

သို့သော် ဘယ်သူရေးမှန်း မသိ။

ဘယ်သူကကော ရေးနိုင်မှာတုန်း။

အင်ဂျင်စက်ခန်း သင်္ဘောသား ဝန်ထမ်းများအားလုံးမှာ လူမျိုးပေါင်းစုံ ဖြစ်၏။

စက်ခန်းကြီးထဲမှာ ရွှေဆို၍ သူရ တစ်ဦးတည်းသာရှိ၏။

သူရတို့၏ ဘာသာစာပေ၊ စာလုံးတို့ကို သည်အင်ဂျင်


www.burmeseclassic.com

www.burmeseclassic.com



စက်ခန်းကြီးထဲမှ မည်သည့်သကောင့်သားက ရေးတတ်ပါလိမ့် မတုန်း။

ခုမှ အသစ်ရောက်လာသည့် ပထမအင်ဂျင်နီယာ၏ အမည်ကို မဆိုထားနှင့် မျက်နှာကိုပင် မှတ်မိအောင် သူနှင့်ကိုယ်၊ ကိုယ်နှင့်သူ ကျက်မှတ်နေကြရတုန်း အခြေအဆင့်မှာပဲရှိသေးသည်။

ဒါဆို ရေးသူ ဘယ်သူလဲ။

အင်ဂျင်စက်ခန်းပိုင်းဆိုင်ရာ ဝန်ထမ်းများထဲမှ တစ်ယောက်တည်းသော ရွှေ၊ သူရခမျာ ခုလို ညကြီးမင်းကြီး မှာလည်း ဤစက်ခန်းကြီးထဲတွင် တစ်ယောက်တည်းသာ။

အနားယူကြရသော အချိန်ဖြစ်၍ အားလုံးကိုယ်စီ သူတို့ ၏ သက်ဆိုင်ရာအခန်းများမှာ ရောက်ရှိနေကြပြီ။

သည် ဆီလျှောင်ကန် နံရံကြီးထက်က စာလုံးမည်းများဖြင့် ညစ်ပတ်နေမှုကို သန့်ရှင်းပစ်ဖို့ လိုပြီ။

သည်လို ညစ်ပတ်နေမှုမျိုးက မီးလောင်မှုအန္တရာယ် အတွက် စိုးရိမ်စရာရှိသည်။

ချမှတ်ထားသော ရေကြောင်းအင်ဂျင်စက်ခန်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်လည်း ငြိစွန်းနေသည်။

အနားယူနေကြသော သူ၏အောက်လူ ဝန်ထမ်းများ ကိုလည်း ခေါ်၍မခိုင်းချင်။

သူတစ်ယောက်တည်း နိုင်နင်းသော ကိစ္စမျိုးဖြစ်၍ ကိုယ်တိုင်ကိုယ်ကျပဲ သန့်ရှင်းမှု ပြုတော့မည်ဖြစ်သည်။

သန့်ရှင်းရေးပစ္စည်းများသွားရောက်ယူဆောင်ရန်



www.burmeseclassic.com

www.burmeseclassic.com


သို့လှောင်ခန်းဆီသို့ ခပ်သုတ်သုတ် ထွက်လာခဲ့သည်။

အဝတ်ကျွတ်စ တစ်စနှင့်အတူ သန့်စင်ဓာတုဆပ်ပြာရည် တစ်ခွက်တို့ကိုယူပြီး ဆီလှောင်ကန်ကြီးရှိရာဆီသို့ စိတ်မပြေ တစ်ပြေဖြင့် ပြန်လာသည်။

လည်ပတ်နေကြသော စက်မျိုးစုံကြား စကြိုလမ်းမှအပြန် လမ်းတွင် စိတ်ထဲတစ်ခုခု ထင့်သလိုလို ဖြစ်သွားသည်။

လှောင်ကန်အနီးသို့ ရောက်သောအခါ သူ့ရ အလွန် ခေါင်းရှုပ် သွား၏။

သူ့မျက်လုံးများကို ပြူးပြဲပြီး လှောင်ကန်နံရံထက်ဆီသို့ ကြည့်လိုက်၏။

အလို။

စာလုံးများ မရှိတော့ပါလား။

* * *



www.burmeseclassic.com

www.burmeseclassic.com

## "ငွေဆိုးဖောက်သည့်စက်"

ဆီညစ် သန့်စင်စက်က ညကြီးမင်းကြီး ဒုက္ခပေး၍သူရ တစ်ယောက် သည်အင်ဂျင်စက်ခန်းကြီးထဲ တစ်ဦးတည်း ရောက်နေခဲ့ရခြင်း ဖြစ်သည်။

သည်စက်က ဘာကြောင့် ဒုက္ခပေးရပါလိမ့်။

နေ့ခင်းကပင် သည်စက်ကြီးကို သန့်ရှင်း၊ ပြုပြင်၊ စစ်ဆေး၊ လဲလှယ် စသော အထွေထွေ အိုဗာဟော ပြုပြီးသွားခဲ့သည်။

ပြုပြင် မွမ်းမံပြီးစ၊ စမ်းသပ်မောင်းနှင်စဉ် ကာလ တစ်လျှောက်လုံး တွင်သော်လည်းကောင်း၊ အတည်ပြု မောင်းနှင်၊ စောင့်ကြည့် ကာလတစ်လျှောက်လုံး တွင်သော်လည်းကောင်း အစစ အရာရာ၊ အပြစ်ဆိုစရာ မရှိ၊ အဆင်ပြေ ချောမွေ့ခဲ့သည်။

စက်ပိုင်းဆိုင်ရာ ပြဿနာ ဘာမှပေါ်ပေါက်ခဲ့ခြင်း မရှိ။

အရိပ်အယောင်လည်း မပြ။



www.burmeseclassic.com

www.burmeseclassic.com


ကြိုတင် လက္ခဏာလည်း မတွေ့။

အလွန်ကျေနပ်ဖွယ်ကောင်းသော အခြေအနေဟု သူရ
င့်တကွ သက်ဆိုင်ရာ စတုတ္ထအင်ဂျင်နီယာတို့ ဆုံးဖြတ်၊ အတည်
ပြုခဲ့ကြသည်။

ထို့ကြောင့်လည်း သည်စက်ကြီးကို လုပ်ငန်းခွင်ထဲသို့
ယုံကြည်ကြည်နှင့်ပင် ထည့်သွင်း လည်ပတ်စေခဲ့လေသည်။

သူရ လုပ်ငန်းချိန်ပြီးစီး၍ သူ၏သင်္ဘောကေဗင်အနားယူ
န်းမကျယ်ကြီးအတွင်း ခေတ္တခဏ အနားယူနေခဲ့သည်။

ရှပ်ရှင်လေးကြည့်ရင်း တစ်ချက်မှေးခနဲ အခိုက်အတန့်မှာ
င် ထိုစက်ဆီမှ အချက်ပေးသံများက သူရှိရာ ကေဗင်ခန်းဆီသို့
သီးသန့် အဝေးလွှင့် လျှပ်စစ်အချက်ပေး စံနစ်သုံးကာ ရောက်ရှိလာ
ကြလေသည်။

သည်နေ့အဖို့ ပထမအင်ဂျင်နီယာဖြစ်သူ သူရ ၏ တာဝန်
ယူရသော ဂျူတီနေ့ဖြစ်၏။

အင်ဂျင်စက်ခန်းကြီးဆီမှ သည်တစ်နေ့လုံးနှင့် တစ်ည
သုံးစာ ဖြစ်ပေါ်လာမည့်ကိစ္စ အထွေထွေကို တာဝန်ယူ ဖြေရှင်း
ပေးရမည်ဖြစ်သည်။

ဤသို့သော ပင်လယ်သမုဒ္ဒရာကြီးများဖြတ်၊ ခရီးမ
အားတင်သင်္ဘောကြီးများသည် ညအခါဆိုလျှင် အလိုလျောက်
မောင်းနှင်မှု စံနစ်ကိုသာ အသုံးပြုလေ့ရှိစမြဲဖြစ်၏။

နေ့အချိန်များတွင်သာ ပုံမှန်ပြုပြင် ထိန်းသိမ်းစစ်ဆေးရေး
လုပ်ငန်းများကို ဆောင်ရွက်ကြရန် အလို့ငှာ စက်ခန်း သင်္ဘော


www.burmeseclassic.com

www.burmeseclassic.com



ဝန်ထမ်း ကိုယ်စီမှာ အလုပ် လုပ်ကြရ စမြဲဖြစ်၏။

ထို့ကြောင့် ယခုလို ညအချိန် ကာလများတွင် ဂျူတီတာဝန်ကျ အင်ဂျင်နီယာမှတစ်ပါး စက်ခန်းဝန်ထမ်း ကျန်သူများအားလုံး စိတ်ချ လက်ချ အားပါးတရ အနားယူနိုင်ကြလေသည်။

ယနေ့ည ဂျူတီတာဝန်ကျ အင်ဂျင်နီယာဖြစ်သူ သူ့အဖို့တော့ အထူးစပယ်ရှယ် ထီပေါက်နေပြီဟု ပြော၍ရလေပြီ။

ကောင်းလှပါပြီဟု အထူးပြင်ဆင်ပြီးသား ဤစက်ကြီးကမှသည်လို ညကြီးမင်းကြီးမှာ ဗွေဖောက်လာရသည့် ထူးထူးခြားခြားကိစ္စမျိုးကို သူရ ဘဝမှာမကြုံစဖူး။

သဘော်လိုက်စားလာသည့် ပင်လယ်ပြင်လုပ်သက်များလည်း သူရ မှာ မနည်းတော့။

ခုကိစ္စကတော့ ဦးနှောက်အတော်ပင် ခြောက်စရာ။

အပြစ်ကိုရှာ၍မတွေ့။

ကောင်းချင်လည်း ဘာမှမလုပ်ဘဲ ကောင်းသွားတတ်သည်။

ထိုစဉ်မှာပင် စိတ်ထဲ၌ မလုံမလဲ ဖြစ်လာသည်။

ဘာကြောင့်မှန်းလည်း ကိုယ့်စိတ်ကိုယ် မသိ။

အထူးသဖြင့် ကျောမလုံ သလိုလို ခံစားနေရခြင်း။

တစ်ယောက်ယောက်က တစ်နေရာရာမှ ရပ်ကြည့်နေသဖြင့် ခံစားရသော သဘောမျိုးဟု ဆိုလျှင် မမှား။

ထို့ကြောင့်လည်း သူရ နောက်ဘက်လှည့်ပြီး ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပုံမှန်လည်ပတ်နေကြသော အခြားစက် အမျိုးမျိုးမှတစ်ပါး ဘာကိုမှ တွေ့ရှိခြင်းမရှိ။

ထိုစက်များနောက်ဘက် ခပ်လှမ်းလှမ်းတွင် ဖွေးဖွေးဖြူအောင် ဆေးသုတ်ထားသော အရန်မီးထိုးဆီ တန်သုံးဆယ်ကျော် ဆီလှောင်ကန်ကြီး။

ထိုဆီလှောင်ကန် နံရံထက်တွင် ခပ်သော့သော့ရေးထားသည့် မော်တော်ကား မီးလုံးကြီးများအရွယ် ရွှေတို့၏ ဘာသာစာလုံး စ်လုံးကို အံ့ဩလှစွာ တွေ့ရှိလိုက်ရလေသည်။

သေသေချာချာ ဖတ်လိုက်တော့ 'သူရ' ဟူ၏။

စိတ်တိုတိုနှင့်သန့်ရှင်းရေး ပစ္စည်းပစ္စယများ သွားရောက် ယူဆောင် လာပြီး နောက်ဝယ်. . . .

စောစောက ထင်ထင်ရှားရှား၊ မည်းမည်း ချိတ်ချိတ်ကြီး ပေါက်ဝါး ထင်ထင် မြင်လိုက်ရပါလေသော ဤစာလုံးများ။

ယခုတော့ ဘယ်ကနေ ဘယ်သို့ ပျောက်ကွယ် သွားပါလေသနည်း။

* * *



www.burmeseclassic.com

www.burmeseclassic.com

## "လူမျိုးစုံသော်လည်း ခရီးတစ်ခုတည်း"

သူရ အလွန့်အလွန် ခေါင်းရှုပ်နေပါသည်။

သည် လှောင်ကန်နံရံထက်မှ စာကို မည်သူရေး၍ မည်သူက ပြန်၍ သန့်ရှင်းရေး လုပ်သွားရပါလေသနည်း။

လက်ရှိ အင်ဂျင်စက်ခန်းကြီးထဲမှာ တာဝန်ကျ အရာရှိအဆင့်မဟုတ်သူ ဝန်ထမ်းများတွင် စက်ကိရိယာဖြုတ်၊ တတ်၊ ပြင်ဆင်သော စက်ဆရာ ဖစ်တာ သုံးယောက်ရှိ၏။

သူတို့သည် 'ဖား' ဟု ရွှေတို့က ခေါ်ကြသော ဖိလစ်ပိုင်လူမျိုးများ ဖြစ်၏။

ဆီလောင်း အိုင်လာဟုခေါ်သော စက်အကူဝန်ထမ်းလေးယောက်ရှိ၏။

နှစ်ယောက်မှာ 'မ' ဟု ခေါ်တွင်သော မလေးလူမျိုးများဖြစ်၏။

ကျန်နှစ်ယောက်မှာတော့ 'ဘ ဂုန်း' ကုလား



www.burmeseclassic.com

www.burmeseclassic.com



ဘက်လီများသာ။

ဝိုက်ပါခေါ်သော အထွေထွေ စက်အကူ သုံးယောက်သည်ကား ပြည်မကြီးမှ ဂျက်ကီချန်းနှင့် ဂျက်လီတို့၏ ဆွေမျိုးများ။

အရာရှိစာရင်းဝင် အလုပ်သင်ဂျူနီယာအင်ဂျင်နီယာလေးမှာ သကြားလုံးဟု အမည်ခံ ဆွီဒင်လူမျိုး ချာတိတ်လေး ဖြစ်၏။

ပဉ္စမ အင်ဂျင်နီယာလေးသည်လည်း ထိုနိုင်ငံသားလူမည်း။

စတုတ္ထအင်ဂျင်နီယာနှင့် တတိယအင်ဂျင်နီယာ တို့သည်ကား ဘဝင်တမြင့်မြင့်၊ ဘဝတမေ့မေ့၊ လက်မတထောင်ထောင်၊ အာရှမှာ စီးပွားရေး အတော်ထွန်းပြောင်သော ကျွန်းပိစိကွေးလေးဆီမှ ဖြူစပ်စပ် ပွဲစားလုပ်စားသောလူမျိုးများ။

ဒုတိယအင်ဂျင်နီယာကတော့ ဟိုးဝေးဝေး အာဖရိကတိုက်ဆီမှလာသော ဂါနာလူမျိုး ကိုဖြူဖွေး လူမီးသွေးဖြစ်၏။

အင်ဂျင်နီယာချုပ်ကတော့ ဆွီဒင်လူမျိုး၊ လူကြီးလူကောင်းတစ်ယောက်။

အင်ဂျင်စက်ခန်းကြီးထဲသို့ တစ်နေ့မှာ တစ်ခါလောက်သာလှည့်လည် စစ်ဆေးရန် ရောက်ရှိလာတတ်သူ။

အင်ဂျင်စက်ခန်းကြီးထဲရှိ လေအေးပေးစက် အပြည့်တတ်ထိန်းချုပ် ခန်းမကြီးထဲမှာ ကော်ဖီခါးခါးလာသောက်ရင်း ထိန်းချုပ်စံနစ်များကို စစ်ဆေးတတ်လေ့ရှိသည်။

တစ်နေ့တာ လုပ်ငန်းဆောင်တာများအတွက် ဆွေးနွေးပြီးတိုင်း ကြာကြာမနေတတ်သူ။



www.burmeseclassic.com

www.burmeseclassic.com


ယခုတော့ သူရ ခမျာ လုပ်ဆောင်ချက် မမှန်ဘဲ ဗွေဖောက်နေသော စက်သစ်ကြီးကို ရပ်တန့်ပစ်ရန် ဆုံးဖြတ်ချက် မြန်မြန်ချလိုက်သည်။

အရန်စက်တစ်လုံးကို စတင်နှိုးလိုက်သည်။

ထိုအရန်စက်များ အဆင်သင့်ဖြစ်ပြီး လုပ်ငန်းခွင်ထဲ ဝင်နိုင်လောက်သည့် အဆင့်သို့ ရောက်ရှိသည့်တိုင်အောင် ခေတ္တစောင့်ဆိုင်း နေလိုက်သည်။

ဆီလျှောင်ကန်ထက်မှစာကို အာရုံမစိုက်အားသေးဘဲ ပြဿနာတက်နေသော စက်ကိစ္စကို ဦးစားပေး ဖြေရှင်းနေရလေသည်။

ဒါတောင် စာ ကိစ္စက စိတ်ထဲ ခိုးလိုးခုလုနှင့် လာလာပေါ် နေပြန်ရသေး၏။

သူ့အင်ဂျင်စက်ခန်းထဲမှ လူမျိုးပေါင်းစုံတို့မှာသူရ ၏ ရွှေဘာသာစကားကို မည်သို့မည်ပုံ တတ်ကျွမ်း နားလည်နိုင်ပါအံ့နည်း။

အကယ်၍ သူတို့ပြောနိုင်ကြလျှင် 'မင်ဂလာဘာ' ဆိုတာ လောက်ပဲ ဖြစ်သည်။

ထိုမှ အလွန့်၊ အလွန် တတ်မြောက်ကြပါက ယောကျာ်း လေးပစ္စည်းနှင့်မိန်းကလေးပစ္စည်းတို့၏ အမည်တွေပဲဖြစ်လော့တော့သည်တကား။

* * *

စိန်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## " ကြည့်နေသည် "

သူရ မျက်လုံးများကို အစွမ်းကုန် ပြူးပြဲပြီး လှောင်ကန် နံရံထက်ဆီသို့ ဧကဒ္ဓာဒသမ အကြိမ်မြောက် ကြည့်လိုက်မိပြန်၏။

စာလုံးများကမူ ဘာမှမလုပ်ရပါဘဲ ပျောက်ချင်းမလှ ပျောက်သွားကြတာ သေချာနေခဲ့ပါပြီ။

ကြည့်သောနေရာများ မှားသွားလေလို့များလား။

မမှားပါ။

လှောင်ကန်နံရံကြီး တစ်ခုလုံး သန့်ရှင်း၊ ပြောင်ဝင်း၊ ဖြူဖွေး နေပါသည်။

စာလုံးများ ရှိခဲ့ရာ နေရာသို့ အနီးကပ် ကြည့်ပြန်တော့ လည်း မီးထိုးဆီ အကြွင်းအကျန်၊ အစအန၊ တစ်စိုးတစ်စေ့၊ တစ်မြူ တစ်မွှေ့ နည်းနည်းမှလက်စ လက်နမရှိ။

မာတုဆပ်ပြာရည် အစိုအစွတ်၊ အပေအကျန်လည်း လုံးဝ မတွေ့ရ။

ခုလောလောလတ်လတ်ကြီး သန့်ရှင်းရေး ကြားပြုလုပ်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်သွားသော သဘောမျိုးလည်း မရှိဟု ကောက်ချက်ချနိုင်
သည်။

သည်အတိုင်းဆို သူရ တစ်ယောက် မမှန်တော့ဘဲ
အူကြောင်ကြောင် ဖြစ်သွားရသည်လို့ပဲဆိုရချိမ့်မည်။

ကုန်းပတ်ကြီးမှ အရပ်ရှစ်မျက်နှာတစ်ခွင် လှည့်လည်
ကြည့်လိုက်ပါလျှင် နိစ္စဓူဝ ဘယ်နေရာပဲကြည့်ကြည့်၊ အပြာ
ရောင်ကောင်းကင်၊ အဖြူအပြာရောမိုးကုတ်စက်ဝိုင်း ကွေးကွေး
ခုံးခုံးကြီးနှင့် ပင်လယ်မည်းမည်း ဒေါသလှိုင်းလုံးဖြူဖြူကြီးများသာ
ရှုမြင်ကြရစမြဲပါပေ။

ဤကဲ့သို့ နေ့ပေါင်း၊ ရက်ပေါင်း၊ လပေါင်းများစွာ
ပင်လယ်ပြင်ကြီးထဲ အနေကြာလာပါလျှင် သည်လိုပင် အူကြောင်
ကြောင် ဖြစ်စမြဲဟု ထင်စရာရှိသည်။

ဝါရင့်သမ္ဘာရင့် သင်္ဘောဝန်ထမ်းများ အဖို့တော့
သည်လောက်ထိ အူကြောင်ကြောင်ဖြစ်စရာ အကြောင်းမရှိပါ။

အထူးသဖြင့် အသက်ငယ်ရွယ်သော်လည်း၊ ဝါရင့်
သင်္ဘောအရာရှိ ဖြစ်သူ သူရ အဖို့ ပို၍သာ၍ အူကြောင်ကြောင်
ဖြစ်စရာ အကြောင်း မရှိချေ။

သူသည် မနေ့တစ်နေ့ကမှ ဤသင်္ဘောကြီးပေါ်သို့
တာဝန်သစ် စရန်ရောက်ရှိ လာသည့်သူ။

အမိမြေမှာ ပြန်၍အနားယူနေပြီး ခွင့်ရက်ရှည်များကို
တစ်ဝကြီး ခံစား နေခဲ့ပြီးသည့် သူ။

ဤသင်္ဘောကြီးပေါ်မှာ အများနှင့်ဆိုလျှင် အလွန်



www.burmeseclassic.com

www.burmeseclassic.com



သစ်လွင်၊ လန်းဆန်း နေသည်ဟု ပြောနိုင်လေသည်။

လောလောဆယ် အခြေအနေတွင် ယခု နဖူးတွေ့၊ ဒူးတွေ့ ကြုံနေရသော စက်ပိုင်းဆိုင်ရာ ပြဿနာကိစ္စက ပို၍အရေးတကြီး ဖြစ်နေသည်။

ထို့ကြောင့် သဘော်သားပီပီ တာဝန်ချိန်အတွင်း အခြားသော ကိစ္စများကို အတွေးပွားပြီး ကညာမဆင်အား။

မန္တဲ့အား။

အကဲမပိုအား။

လက်ငင်းဦးစားပေး၊ အရေးကြီးသော ကိစ္စများကိုသာ အာရုံစိုက်ဖြစ် သွားတော့သည်။

သူ၏ အာရုံက ဗွေဖောက်နေသော ဆီသန့်စင် စက်များ စိတ်ချစွာ လည်ပတ်နိုင်ရေး ဆီသို့သာ။

သည်ညအဖို့တော့ စိတ်ချရအောင် လုပ်ဆောင်ထားခဲ့ ပြီးပြီ။

နောက်နေ့ နံနက်ကျမှ သည်စက်၏ ထိန်းသိမ်းရေး တာဝန်ကို အထူးဆောင်ရွက်ရသော စတုတ္ထအင်ဂျင်နီယာအား ပြန်လည်စစ်ဆေး၊ ပြုပြင်ခိုင်းရမည်။

ဤစက်ကြီးနှင့် ပတ်သက်သော ဗာဟီရ ကိစ္စရပ်များ ပြီးစီး ပြီးနောက်မှ စောစောက အူကြောင်ကြောင်ဖြစ်စရာ ကိစ္စဆီသို့ စိတ်က ရောက်လေတော့သည်။

ထို့ကြောင့် စောစောက ဆီလှောင်ကန်ကြီးရှိရာသို့ အသာလှည့် ကြည့်ဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟော။

ဟုတ်မှ ဟုတ်ရဲ့လား။

သူရ တဲ့။

လာပြန်ပြီလား တစ်ခါ။

စောစောတုန်းက စာသား၊ သို့သော် လက်ရေးက စောစောတုန်းကထက် အနည်းငယ် သေ့ထားသည့် သဘောရှိသည်။

စောစောတုန်းက ရေးထားသော နေရာ၏ လက်ဝဲဘက် စွန်းစွန်းနားသို့ နေရာအနည်းငယ် ရွှေ့ပြီး ရေးထား၏။

စောစောကအတိုင်း မီးထိုးဆီပျစ်ကို လက်ညှိုးနှင့်တို့ပြီး ရေးသားထားသည်။

သူရ တွေပြီး ကြည့်နေသည်။

အစေးကြည့်မျက်လုံးမှုန်ရအောင်ကလည်း မဖြစ်နိုင်။

လုပ်ငန်းခွင်ဝင် ဆေးစစ်ချက်များ ယူတိုင်းမျက်စိကိုပါ တစ်ပါတည်း စစ်ဆေးစမြဲ။

သူ ငယ်ပါသေးသည်။

မျက်စိက အလွန်အားကောင်းနေပါသည်။

လူကသာ ကြက်သေသေကြီး ဖြစ်နေရသော်လည်း သူ့ရင်ထဲမှာတော့ ပေါက်စီတို့၏ ရိုးရာနှစ်ကူးပွဲ လှည့်နေသည်။

အလုပ်များရသည့်ကြား၊ မနားရသေးသည့် အချိန်ရှားတို့ကြားထဲ ဤစာတမ်း ဖတ်ပွဲကလာပြီး မျက်လှည့်ပြနေပါကလား။

သူရ ဆိုသည့်အတိုင်း စိတ်ဓာတ်ကို မှန်ကန်အောင်



www.burmeseclassic.com

www.burmeseclassic.com


သတ္တိအပြည့်နှင့် ထားလေ့ရှိသူ။

ခုတော့ သူ့စိတ်တို့က မမှန်ချင်တော့ဘဲ တို ချင်လာသည်။

မင်အဖြစ်ရေးသားထားသော မီးထိုးဆီပျစ်တို့မှာ လှောင်ကန်နံရံ၏ အပူရှိန်ကြောင့် ပျော်စပြုပြီး တဖြည်းဖြည်း စီးကျလာသည်။

သဘော်သားပီပီ အမြင်မတော်လျှင် မနေတတ်သော စိတ်မနောက စေစားသွားသည်ထင့်၊ အဆင်သင့်ရှိနေသော သန့်ရှင်းရေး ဂွမ်းစနှင့် ဆီဖျော်ဆပ်ပြာရည် တို့ကိုသုံးကာ သုတ်သင်၊ သန့်ရှင်းလိုက်သည်။

သေသေချာချာ၊ သပ်သပ်ယပ်ယပ် ဆောင်ရွက်ပြီးနောက် ပင်မအလုပ်ရုံထဲရှိ လက်ဆေးကန်ရှိရာဆီသို့ ထွက်လာခဲ့သည်။

ဆပ်ပြာ၊ ဓာတုဆေးရည်များနှင့် ထိတွေ့ထားသဖြင့် လက်နှစ်ဖက်စလုံးကို လက်ဆေးဂျယ်လီနှင့် သေသေချာချာဆေး ကျောနေရသည်။

အလုပ်ထဲသို့ပြန်၍ အာရုံစိုက်လိုက်သည်။

အရန်စက်များလည်း အဆင်ပြေပြေ၊ မှန်မှန်ကန်ကန် လည်ပတ်နေကြပြီ။

တောက်တိုမည်ရ ကိစ္စလေးများပါမကျန် လက်စသတ် လိုက်ပြီးပြီဖြစ်၍ အင်ဂျင်စက်ခန်းကြီးထဲမှ ပြန်ရန်ပြင်လိုက်သည်။

ဆီလှောင်ကန် နံရံကြီးဆီသို့ မသိမသာ ပြန်ကြည့်လိုက်မိ သည်။

သူရ ခေါင်းကြီး ရာဝင်အိုးကြီးလောက်ကြီးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးနှစ်လုံးမှာလည်း ပုစွန်မျက်လုံးများ ဖြစ်သွားကြ၏။

ကြည့်စမ်း။

လားလား။

စောစော့ကပင် လောလောလတ်လတ်လေး သန့်ရှင်းရေး လုပ်သွားပါသည်ဆိုသော နေရာဝယ် စောဧာက စာလုံးများ ရေးထားပြန် ပါပေါ့လား။

လက်ရေးမှာ ပို၍ပို၍ အသော့နှင်ပြီး ရေးထားဟန်ရှိ၏။

သူရ လက်ဆေးရန် အလုပ်ရုံထဲမှာရှိနေသခိုက် သည်နေရာသို့ ဘယ်သူများ ရောက်လာရပါသေး သတုန်း။

* * *



www.burmeseclassic.com

www.burmeseclassic.com

"သင် ရှိုးသား ဖြောင့်မတ်ပါစ သရဲ ဒဿန"

သူရ တစ်ခုခုကို စဉ်းစားနေမိပြီဖြစ်သည်။

သူသည် ကုန်သွယ်ရေကြောင်း အင်ဂျင်နီယာဘွဲ့ရ ပညာတတ်တစ်ဦးဖြစ်ရုံသာမက ရေကြောင်းဘွဲ့လွန် ဘာသာရပ်များမှာ ထူးချွန်ပေါက်မြောက် အောင်မြင်ထားသူ ဖြစ်သည်။

လက်တွေ့ကျလွန်းသော သိပ္ပံပညာ ဘာသာရပ်များ ကိုလည်းကောင်း၊ တွေးခေါ်စဉ်းစားမှု မြင့်မားထက်မြက်စေသော ဝိဇ္ဇာ ပညာ ဘာသာရပ်များကိုပါ အလွန်လေ့လာ စေ့ငုတတ်သည်။

ယခုအခါတွင် သူရတစ်ယောက် ဘယ်ကဘယ်လိုဖြစ်ပြီး ကြက်သီးများ ဖြန်းဖြန်းထ၍ လာပါလိမ့်။

ဘုရား။ ဘုရား။



www.burmeseclassic.com

www.burmeseclassic.com



အင်ဂျင်စက်ခန်းကြီးမှာ အလွန်ကြီးမား ကျယ်ပြန့် သလောက် စက်ကိရိယာအမျိုးမျိုးနှင့် ရှုပ်ထွေးပွေလီလှသော ပိုက်လုံးကြီးငယ် အသွယ်သွယ်တို့ကြောင့် အကွေ့အချိုး၊ အကာအကွယ် တွေကား များပြားလှသည်။

စက်ခန်းအနှံ့အလင်းရောင်များ လုံလုံလောက်လောက်ရရှိစေရန် မီးချောင်းရှည်ကြီးများကို စံနစ်တကျ တတ်ဆင်ထားသည်။

ထို့ကြောင့် အရိပ်ကျနေသော နေရာများမှတစ်ပါး မှောင်မှောင်မည်းမည်း နေရာဟူ၍ မရှိသလောက် ဖြစ်လေသည်။

နေ့ညမခြား နှစ်ဆယ့်လေးနာရီလုံးလုံး လင်းထိန်နေသော အလုပ်စက်ရုံကြီးဟု ဆိုနိုင်သည်။

ဒါကိုပင် ယခုအခါ သူရတစ်ယောက် ကြက်သီးဖြန်းဖြန်းထ၍ လာပြီဆိုခြင်းကြောင့် စဉ်းစားစရာ ဖြစ်နေ၏။

ကြက်သီးထခြင်း အမျိုးမျိုးရှိရာတွင် ယခု ကြက်သီးထခြင်းများမှာ ကြောက်ကြက်သီးထခြင်း ဖြစ်ကြောင်း သူ အလိုလိုသိနေ၏။

ဘယ်ကကြောက်သော အကြောက်တရားများ ခန္ဓာကိုယ်တွင်းသို့ စိမ့်ဝင်၊ ထိုးဖောက်၊ ဝင်ရောက် လာရပါလိမ့်။

အမှန်အတိုင်း ရိုးရိုးဖြောင့်ဖြောင့် ဝန်ခံရလျှင် သူရ အမှန်ပင် ကြောက်တတ်ပါသည်။

သူ့ဘဝမှာ ယခုလို နှစ်ဆယ်ကျော်အစိတ်ပိုင်းအတွင်းသို့ လုပ်ရင်း၊ ကိုင်ရင်းသာ ချဉ်းနင်းရောက်ရှိလာရသည်။ ဤသို့သော အဖြစ် ဆန်းမျိုးကို တစ်ခါမှ မကြုံစဖူး။



www.burmeseclassic.com

www.burmeseclassic.com



အမှန်တကယ် ကြောက်ပါလျက်နှင့် ငါကွဟုဆိုပြီး မကြောက်ချင်ဟန်ဆောင်တတ်သည့် လူစားမျိုးထဲမှာ သူရ မပါဝင်။

အများသူငါရှေ့မှာများဆိုလျှင်ဖြင့် ဟန်ရေးပြကောင်းကောင်းနှင့် သတ္တိတွေပဲ ရှိသလိုလို၊ ရဲရင့် တောက်ကြွားနေသလိုလိုနှင့် တစ်ကိုယ်ရေထဲများဆိုလျှင် အမှောင်ထဲမှာ အိမ်သာပင် မသွားဝံ့သည့်သူ၊ အိပ်ရာထဲမှာများ ခြေထောက်ပဲ လာ၍ဆွဲလေမလားဟု စိုးရိမ်ပြီး တင်ပုလ္လင်ခွေ၍ အိပ်မှဖြောင့်သည့်သူ စသည့်၊ စသည့် သတ္တိပုန်းကြီးများ တစ်ပုံတစ်ပင် ရှိတတ်ကြလေသည်။

မိမိကိုယ်သာ မိမိ အသိဆုံး ဖြစ်ပါလေသည်။

ချစ်ခြင်း၊ မုန်းခြင်း၊ ပျော်ခြင်း၊ စိတ်ညစ်ခြင်း၊ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း၊ ဒေါသထွက်ခြင်း၊ ဂရုဏာသက်ခြင်း၊ ဘဝင်မြင့်ခြင်း၊ အားငယ်ခြင်း စသည့်၊ စသည့် စိတ်ခံစားချက် များကဲ့သို့ ရဲရင့်သတ္တိရှိခြင်းနှင့် ကြောက်ရွံ့ခြင်း တို့သည်လည်း တစ်ပါတည်း ပါရှိစမြဲဖြစ်လေသည်။

ဒါတွေသည် လူဖြစ်လျှင် လူ၏ခံစားတတ်သော စိတ်သဘောထားမျှသာ ဖြစ်သည်။

ထို့ကြောင့် ကြောက်စရာဖြစ်လျှင် ကြောက်ရမည်မှာ ဓမ္မတာသာ ဖြစ်လေသည်။

အမှားကိုပြုလုပ်ရမှာ ကြောက်ခြင်း၊ မတရားသဖြင့်ဆောင်ရွက်ရမှာကို ကြောက်ခြင်း၊မဟုတ်မမှန်ပြောရမည်ကို ကြောက်ခြင်း၊ အနန္တော အနန္တငါးပါးကို ပြစ်မှားမိမှာကြောက်ခြင်း၊ ငရဲကို ကြောက်ခြင်းတို့သည် ကြောက်ရမည့်ကိစ္စများသာဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုနည်းတူ အတိတ်၊ အတိတ်၊ ဘဝ၊ ဘဝများစွာက စေတနာကံ၊ အလုပ်ကံများ ညှံ့ဖျင်းဆိုးသွမ်းလွန်း၍ ကုသိုလ်ကံ ခေါင်းပါး ချို့တဲ့စွာဖြင့် ဖြစ်ပေါ်လာသော ဘဝဆိုးခံ၊ ဝဋ်ဒုက္ခကြီး ငယ်ခံ၊ အကျည်းတန်၊ အနိဋ္ဌာရုံ၊ စက်ဆုတ်၊ ရွံ့ရှာ၊ အော့နှလုံး နာဖွယ်၊ မသတီစရာ သတ္တဝါတို့ကို မြင်ရ၊ တွေ့ရ၊ ကြားရမှာကို ရွံ့ကြောက်ခြင်းသည်လည်း ကြောက်ရမည့်ကိစ္စများပဲ မဟုတ်ပါလား။

ထိုသို့သော ဘဝဆိုးခံ ဘုံဘဝများသို့ ရောက်ရှိသွားရမှာကို ကြောက်ရွံ့ခြင်းသည်လည်း ကြောက်ရမည့် သဘာဝတရားဓမ္မ တစ်ခုပင် ဖြစ်လေသည်။

မြတ်စွာဗုဒ္ဓရှင်တော်ဘုရား၏ ဘာသာဝင်များ ဖြစ်ကြပါလျက် သရဲ တစ္ဆေဆိုတာ အယုံအကြည်မရှိဘူး၊ လောကမှာမရှိဘူး၊ လက်တွေ့ပြနိုင်မှ ယုံမယ်၊ မမြင်ဘူးလို့ မယုံဘူး၊ အဓိပ္ပါယ်မရှိဘူး အစရှိသော ပညာမဲ့အပြောများဖြင့် လေတဝင့်ဝင့်ထည်နေကြသူများမှာ ဗုဒ္ဓ၏ အခြေခံသဘောတရား၊ အနှစ်သာရတို့ကို ကံဆိုးစွာဖြင့် မသိရှိကြလေသူများပင် ဖြစ်သည်ဟုပြောရလျှင် လွန်အံ့မထင်ပါချေ။

ဘုရားရှင်တော် ကိုယ်တိုင်ဟောကြားခဲ့သော သုံးဆယ့်တစ်ဘုံတွင် လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံများအပါအဝင် ငရဲ၊ တိရိစ္ဆာန်၊ ပြိတ္တာ အသူရကာယ်ဟူသောအပါယ်လေးဘုံကိုမှ မသိရှိပါလျှင် ခမျာများဒုက္ခကြီးရှာတော့မည် ဖြစ်လေသည်။

ဤကဲ့သို့ ဘဝဆိုးမျိုးကို ရောက်ရှိရမှာ ကြောက်သော အကြောက်တရားများ ရှိပါမှသာလျှင် အနိုင်ကျင့်ခြင်း၊ ပညာပြခြင်း၊



www.burmeseclassic.com

www.burmeseclassic.com


လှည့်ဖျားခြင်း၊ ညစ်ခြင်း၊ ပညာပေးခြင်း၊ ကလိန်ကျခြင်း၊ တစ်ပတ်ရိုက်ခြင်း၊ တွန့်တိုခြင်း၊ မနာလိုခြင်း၊ စွဲလန်းခြင်း စသော၊ စသော စေတနာအယုတ် ကာယ ဝစီ မနော ဒုစရိုက်အပေါင်းကို စက်ဆုပ်ရွံ့ရှာပြီး ရှောင်ကျဉ်နိုင်ကြလိမ့်မည် ဖြစ်လေသည်။

ထိုအကြောက်တရားနှင့်ထပ်တူ စေတနာကံ၊ အလုပ်ကံ သုံ့ဖျင်းလေသူ ပြိတ္တာဘုံမှ ပြိတ္တာကိုကို၊ ပြိတ္တာမမများ ဖြစ်ကြလေသော မောင်မောင်သရဲ၊ အန်တီတစ္ဆေ၊ ဆရာမြေဘုတ်၊ ဘာဘာဘီလူး၊ သမီးလေးမှင်စာ၊ မောင်လေးကျွတ် စသည်တို့ကို အော့နှလုံးနာ၊ ရွံ့ရှာကြောက်ရွံ့ကြသည်မှာ ဘာများဆန်းကြယ်ပါလေသနည်း။

ဒါတွေကို ငယ်စဉ်ကတည်းက အဘိဓမ္မာနည်းကျကျ သင်ကြား၊ ဖတ်ရှု၊ နားလည် ကျင့်သုံးခဲ့လေသော သူရအဖို့ ဤစက်ဆုတ်၊ ရွံ့ရှာ၊ အော့နှလုံးနာ၊ မသတီစရာ သတ္တဝါတွေကို မရွံ့၊ မကြောက်ဘဲ ရှိပါ့မလား။

အစွယ်ဖွေးဖွေး၊ လျှာအလျားသား၊ သွားရေတမြားမြားနှင့် ခွေးအရူးကြီးတစ်ကောင် ကိုယ့်အနီးသို့ ရောက်ရှိနေပါလျက် မကြောက်ပါဘူးဟုဆိုလာသူရှိပါက သူရ တကယ်ပင်ထိုင်၍ ရှိခိုးချင်ပါသည်။

သူ မကြောက်တာတွေတော့ရှိသည်။

အမှန်ကိုပြောရမှာ အမှန်ကိုဆောင်ရွက်ရမှာ၊ အမှန်ဘက်မှ မားမားမတ်မတ် ရပ်တည်ရမှာတို့ ဖြစ်သည်။

အမှန်ကိုပြောမိ၍ ကိုယ့်ကိုမုန်းသွားမှာကိုလည်း မကြောက်။


www.burmeseclassic.com

www.burmeseclassic.com



အမှန်ကိုဆောင်ရွက်မိ၍ ကိုယ့်ကို အတင်းပြောမှာကိုလည်း မကြောက်။

အမှန်ဘက်မှ ရပ်တည်မိ၍ ကိုယ့်ကို ဒုက္ခပေးမှာကိုလည်း မကြောက်။

ခွန်အားကြီးကြီးဖြင့် ကိုယ့်ကို အနိုင်ကျင့်လာမှာကိုလည်း မကြောက်။

ထို့ကြောင့် ငယ်ငယ်ရွယ်ရွယ်၊ နုနုလေးကတည်းက ရေခြားမြေခြားရှိ ကမ်းမမြင်၊ လမ်းမမြင် သမုဒ္ဒရာပြင်ကျယ်ကြီးထဲ သက်မွေးသမှု ပြုနေသည်မှာ ဆယ်စုနှစ် တစ်စုနားပင် နီးနေပါပြီ မဟုတ်ပါလားလေ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## "လူမမာနံ့"

လက်မောင်း တစ်လျှောက်လုံး ထတွလာသော ကြက်သီး ဖြန်းဖြန်းကို အသာအယာ သပ်ခါချနေရသည်။

အရေးထဲ၊ အရာပေါ် ရုတ်တရက်ဖြစ်လာရသည်က ရှုရှုံးပေါက်ချင်သော ဝေဒနာပင်ဖြစ်သည်။

တစ်ချိန်တည်းမှာပင် သူ၏စိတ်ထဲ သိသိသာသာ ဖြစ်ပေါ်လာပြန်သော ခံစားချက်တစ်ခု။

သူ့အားတစ်စုံတစ်ယောက်က တစ်နေရာရာဆီမှ စူးစူးစိုက်စိုက် ကြည့်နေလျက် ရှိပါသည်ဟူသော ခံစားမှု၊ အသိတရား။

ဤသဘောကြီးနှင့် သူရ အကျွမ်းတဝင် မရှိသေးသဖြင့် စိတ်ထဲမှာ အတော်ပင် ကသိကအောက်နိုင်သော သဘောကြီး



www.burmeseclassic.com

www.burmeseclassic.com



အဖြစ် မြင်မိလေသည်။

ဆီလှောင်ကန်နံရံထက်မှာ ဆီပျစ်များကို အသုံးပြုပြီး ရေးထားသည့် သည်စာလုံးများက သူ့ရတစ်ယောက် မျက်ကွယ်သို့ ရောက်သွားသည်နှင့် ပေါ်လာတတ်သော သဘောတရားကိုယ်၌က သွေးရိုးသားရိုး ကိစ္စများမှ ဟုတ်ပါ့မလားလေ။

သူရ သည်တစ်ခါတော့ ထိုနံရံထက်သို့ တစ်ဖျတ်လေးမှ ပင် မကြည့်တော့ဘဲ ပင်မစက်ထိန်းချုပ်ခန်းမကြီး ရှိရာဆီ သုတ်ခြေ တင်လေတော့သည်။

နောင်ခါနောင်ခါဈေး။

ခုတော့ ထိန်းချုပ်ခန်းမကြီးထဲသို့ အမြန်ဝင်ကာ တာဝန် ပြောင်းခလုတ်ကို တင်တော့မည်။

အလိုလျောက် အချက်ပေးသံစံနစ်ကိုလည်း သူ၏အနား ယူရာ အခန်းဆီသို့ ခလုတ်တင်တော့မည်။

သူ့၏အခန်းထဲ မြန်မြန်ရောက်၊ ရေမြန်မြန်ပြန်ချိုး၊ မြန်မြန်အိပ်စက် အနားယူချင်လှပါပြီ။

ဤ ဧရာမကားတင်သင်္ဘောကြီး၏ အင်ဂျင်စက်ခန်းကြီး မှာ သင်္ဘောဝမ်းဗိုက်အတွင်း၌ တည်ရှိလေသည်။

ကုန်းပတ်အထက်ရှိ ဝန်ထမ်းအသီးသီးတို့ နေထိုင်ကြရာ ရေလုံအခန်းများစွာတို့မှာ စက်ခန်းရှိရာ သင်္ဘောဝမ်းဗိုက်သို့မှ ရေတွက်လျှင် ဆယ့်ငါးထပ်အမြင့်၌ တည်ရှိသည်။

ထို့ကြောင့် ကုန်းပတ်ထပ်အထက်ရှိ လူနေအခန်းများဆီ သို့ပြန်ရန် အရေးမှာ ဓာတ်လှေကားကို အသုံးပြုသော အဆင်ပြေ



www.burmeseclassic.com

www.burmeseclassic.com



မည်ဖြစ်သည်။

စတဲရ်ဝေးဟုခေါ်သော ရိုးရိုးလှေကားများကိုသာ အသုံးပြု ပြီးတက်ရမည်ဆိုပါလျှင် လိုရာအထပ်သို့ရောက်ဖို့အရေး အတော်လေး မောဟိုက်ပင်ပန်းလိမ့်မည်ဖြစ်သည်။

အင်ဂျင်စက်ခန်း အထပ်ရှိ ဓာတ်လှေကားရုံအဝရှေ့တွင် သူရ ရပ်နေသည်။

ဟိုး ကုန်းပတ်အထက်အမြင့်ဆီမှ ဓာတ်လှေကားကို စက်ခန်းဆီသို့လာရန် ခလုတ်နှိပ်ပြီး ခေါ်ထားလေသည်။

ခေါ်ထားသည်မှာ ကြာပြီ။

ညကြီးမင်းကြီး ဂျူတီတာဝန်ကျ တစ်ဦးစ၊ နှစ်ဦးစမှ တစ်ပါး မည်သူမှ အလုပ်လုပ်ခြင်း မရှိတာသော်မှ သည်ဓာတ်လှေ ကား ဘယ်နားမှာများ ချောမိနေလို့ပါလိမ့်။

ထိုစဉ်၊

ခေါ်ထားသော ဓာတ်လှေကားကရောက်မလာဘဲ၊ မျှော်လင့်မထားသော အသံကျယ်ကြီးက ဘွားခနဲ ပေါ်ထွက် လာလေသည်။

အင်ဂျင်စက်ခန်း အချက်ပေးသံကြီး။

မြည်သံမှာ ဘူဘူဘော်ဘော်ဟူသော အလွန်ရင်တုန် နှလုံး တုန်မှုများကို ဖြစ်ပေါ်စေသည့် နားစည်ကွဲသံကြီးပါပေ။

တဖျိုင်းဖျိုင်း၊ တဂျမ်းဂျမ်း၊ တဝုန်းဝုန်း ဆူညံနေလျက် ရှိသည့် အင်ဂျင်စက်ခန်း တစ်ခုလုံးရှိ စက်သံများ၏ကြားမှာ တော်တော်တန်တန် အသံဆိုတာမျိုးက တိုးပေါက်နိုင်စွမ်းမရှိ။



www.burmeseclassic.com

www.burmeseclassic.com


သူတို့ထက်ကျယ်သော အသံမျိုးကို သံရှည်ဆွဲပြီး အချက်ပေးနိုင်မှသာလျှင် စက်ခန်းထဲရှိ တာဝန်ကျ အရာထမ်းများအဖို့ သိရှိနိုင်လိမ့်မည်ဖြစ်၏။

စက်ခန်းထဲရှိ လည်ပတ်နေလျက်ရှိသော စက်ပစ္စည်းတစ်ခုခုဆီမှ တစ်ခုခုသော၊ တစ်စုံတစ်ရာသော ချို့ယွင်းမှု ရှိလာပါက ထိုကဲ့သို့ အချက်ပေးလာစမြဲဖြစ်သည်။

စက်ခန်းလုပ်သားများအဖို့တော့ ထိုဆူညံသံမျိုးစုံတို့ကြောင့် နားအကြားအာရုံများ ထိခိုက်ပျက်စီးမှု မရှိစေရေးအတွက်လည်း ဆူညံသံကာကွယ်ရေး နားကြပ်များကို စည်းကမ်းတကျ တတ်ဆင်ထားကြရစမြဲသာ။

တာဝန်ကျအင်ဂျင်နီယာက ထိုအချက်ပေးသံကိုလက်ခံ၊ သိရှိကြောင်းခလုတ်ကို မနှိပ်မချင်း ဆက်တိုက်၊ မနားတမ်း မြည်နေလိမ့်မည်ဖြစ်၏။

ထိုခလုတ်မှာ ပင်မထိန်းချုပ်ခန်းကြီးထဲတွင်ရှိလေ၏။

သူရ မာတ်လေ့ကား အနီးမှနေ၍ ထိုပင်မ ထိန်းချုပ်ခန်းကြီးဆီသို့ သုတ်ခြေတင် ပြေးရလေတော့သည်။

နားချင်ပါပြီဆိုပါမှ ဘယ်စက်က ဘာများဖြစ်လို့၊ ဘယ်လိုအလုပ်တွေရှုပ်လေဦးမည် မသိ။

လေအေးပေးစက်တတ်၊ အသံလုံ ထိန်းချုပ်ခန်းမကြီးအရောက် အချက်ပေးသံတိတ် ခလုတ်ကို ပိတ်လိုက်သည်။

ထို့နောက် မည်သည့်စက်က မည်သို့သော ချို့ယွင်းမှုတစ်စုံတစ်ရာ ဖြစ်လေသနည်းဟု ဆန်းစစ်သိရှိနိုင်ရန်အလို့ငှာ


www.burmeseclassic.com

www.burmeseclassic.com


ကွန်ပျူတာ မြင်ကွင်းကျယ်ကြီးဆီသို့ ကမန်းကတန်း လှေလာရ၏။

တကယ်ဆိုလျှင် သည်ကွန်ပျူတာ မော်နီတာကြီးက ဖြစ်ပေါ်လာသမျှသော အချက်ပေး အလမ်းမ်သံဟူသမျှကို အချိန်၊ နေရာအလိုက် တိတိကျကျ ဖော်ပြပေးစမြဲ။

မှတ်တမ်းတင်သမှုကိုလည်း အတိအကျ ပြုစုပေးတတ်၏။

ယခုတော့ ဤထုံးစံအတိုင်းမဟုတ်။

ကွန်ပျူတာ ဖန်သားပြင်ကြီးမှာ တိမ်စင်သောမိုးကောင်းကင်ကြီး ဖြစ်နေ၏။

လှုပ်ရှားနေသည့်မှတ်စ်ပါး အချက်အလက် ဒေတာပေါ်စရာဝေလာဝေး၊ စခရင်ဆေးတားတောင် ပေါ်လာခြင်းမရှိ။

အချက်ပေးသံပေါင်းစုံပြ ဒိုင်ခွက်ပြင်ကျယ်ကြီးတွင် ကြည့်ပြန်တော့လည်း မှိတ်တုတ်၊ မှိတ်တုတ် အချက်ပြနေခြင်းလည်းမရှိ။

ဒါဆိုလျှင် ဘယ်စက်တွေဆီက ဘာအချက်ပေးသံပါလိမ့်။

အချက်ပေးသံလာပါလျက်နှင့် ဘာအချက်ပေးသံဆိုသည်ကို သရုပ်မခွဲနိုင်သည်နှင့် ပြဿနာတက်နိုင်သည်။

အမှိုက်ကစ ပြဿဒ် မီးလောင်တတ်သည်။

အမှတ်တမဲ့မှ အမှတ်ရရ ဖြစ်သွားတတ်သည်။

သူရ ခမျာ ကွန်ပျူတာကီးဘုတ်မှ သက်ဆိုင်ရာခလုတ်များကို နှိပ်ကာ၊ နှိပ်ကာဖြင့် မော်နီတာကြီး အသက်ဝင်လာအောင် ကမန်းကတမ်း ဆောင်ရွက်နေ၏။

သည်ကွန်ပျူတာကြီး၏သဘော၊ အကြောင်းတွေက ဘာလို


www.burmeseclassic.com

www.burmeseclassic.com



ရှိမှန်း သူရ တိတိကျကျ မသိရသေး။

ရောက်စကတည်းက ခုထိသည်လိုတစ်ခါဘူးမှ ဒုက္ခမပေး ဖူးသေး။

ဒါဆိုလျှင် ပြဿနာက နှစ်ရပ် ဖြစ်နေပါပြီ။

အမျိုးအမည်မသိသော သဘော်စက်ပိုင်းဆိုင်ရာ ပြဿနာက တစ်ရပ်။

ကွန်ပျူတာ မော်နီတာက အလုပ်မလုပ်သော ပြဿနာက တစ်ရပ်။

အာရုံက အလုပ်ထဲသို့ စူးစူးနစ်နစ် ရောက်နေသည်။

အင်ဂျင်နီယာ တစ်ဦးပီပီ အပျက်အစီး အမှားအယွင်း ဘာကြောင့်ဖြစ်ရသနည်းဟူသည့် သဲလွန်စ ရရှိဖို့ရန်သာ ဉာဏ်စမ်း တစ်ပုဒ်ပမာ အာရုံစိုက်နေမိ၏။

ချွေးတစ်လုံးလုံးနှင့် အဖြေရှာနေစဉ် သူ့၏အနီးသို့ တစ်စုံတစ်ဦး ရောက်ရှိလာသလို ခံစားလာရသည်။

ဘေးဘီ၊ ဘယ်ညာ လှည့်ကြည့်လိုက်သည်။

ဘယ်သူ့ကိုမှ မတွေ့။

အလုပ်ထဲအာရုံပြန်အစိုက်၊ စိတ်များစုစည်းမရဘဲ မသိုး မသန့် ဖြစ်သလို ခံစားလာရပြန်၏။

နှာဝဆီမှ သူနှင့်စိမ်းနေသော ရနံ့တစ်မျိုးကိုပါ ရလိုက် သည်။

စိတ်ကထင်ယောင်ထင်မှား ဖြစ်နေလေလို့လား။

သတိထားပြီး ရှုကြည့်တော့ သိသိသာသာကြီး နံလာမှန်း



www.burmeseclassic.com

www.burmeseclassic.com


ခံစားရလေ၏။

ကာလရှည်နေမကောင်းဖြစ်နေသူတစ်ဦးထံမှ ရေမချိုး သော၊ ခေါင်းမလျှော်သော၊ အဝတ်အစားဟောင်းများ ဖြစ်သော ရနံ့မျိုး။

နာတာရှည် ရနံ့မျိုးဟုဆိုလျှင် အတော်နီးစပ်သည်။

သူရ သူ၏အဝတ်အစားများထံမှပဲ ထွက်ပေါ်လာသော ရနံ့လေလားဟူသည့် အမှတ်ဖြင့် သူ့အဝတ်အစားများကို ဟိုရှူ သည်ရှူနှင့် ဆန်းစစ်ကြည့်မိပြန်၏။

သူ့အဝတ်အစားများဆီမှ သန့်သန့်ရှင်းရှင်း လျှော်ဖွတ် ထားလေသော ဆပ်ပြာမွှေးရနံ့နှင့် ဗီရိုမွှေးရနံ့ တို့ကိုသာ ရလေသည်။

ဒါဖြင့် သည်နားမှာ လူမမာ ရနံ့က ဘယ်လိုလုပ်ပြီး ဝေ့ကာလှိုက်ကာ ပေါ်ပေါက်လာရလေသနည်း။

* * *


www.burmeseclassic.com

www.burmeseclassic.com

## "ဖျော်သူမဲ့ ဖျော်ရည်"

ညှင်းသိုးသိုး ထိုရနံ့ဆိုးကြီး ပျောက်ပြယ်သွားစေရေး အလို့ငှာ သူရ အခန်းတွင်း လေအေးပေးစက်၏ လေစီးကြောင်းများကို မြှုပြင်လိုက်သည်။

လေအေးစီးကြောင်းသစ်များ ခပ်ပြင်းပြင်းဝှေ့ဝဲလာသည်။

စိတ်ထဲမှာ နည်းနည်းသက်သာသလို ရှိသွားသည်။

မော်နီတာကီစွကို အာရုံပြန်စိုက်လိုက်သည်။

ကီးဘုတ်မှ ခလုတ်တစ်ခုကိုသာ နှိပ်လိုက်ရသေးသည် မော်နီတာမှာ ဝင်းဒိုးစ် ချက်ခြင်းတက်လာကြောင်းတွေ့လိုက်ရ၏။

ရပြီ။

သူရ အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်သွား၏။

မကြာမီ စောစောက အချက်ပေးသံမှာ မည်သည့်အချက်ပေးသံ ဖြစ်သည်ဆိုသည့်အကြောင်းကိုပါ ဖော်ပြနေလေပြီ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အလိုလေး။

ဘုရား၊ ဘုရား။

သင်္ဘောဝမ်းဗိုက်ကြီးထဲ၌ ဝမ်းရေဆိုးများ အကြီးအကျယ် ပြည့်လျှံနေသည် ဆိုပါကလား။

သေပြီ။

ဝမ်းရေတွေအတောမသတ် ပြည့်လျှံနေပြီဆိုလို့ကတော့ သည်လိုညကြီးမင်းကြီး အိပ်ချိန်တွေမှာ အလုပ်တွေများစွာ ရှုပ်ကုန် တော့မည် ဖြစ်လေသည်။

သူ့ရ ကဆုန်ပေါက် ဒုန်းစိုင်းပြီး ပြေးထွက်သွားလေသည်။

အင်ဂျင်စက်ခန်း အောက်ဆုံးထပ်ဆီသို့ လှေကားများကို နှစ်ထစ်ကျော်ဆင်းရင်း ဘုရားစာများ ရွတ်နေမိလေသည်။

ဘုရား၊ ဘုရား။

ဒါ ဝမ်းရေပြည့်ခြင်း၊ ရိုးရိုးရေလျှံ အချက်ပေးခြင်းမျှသာ မဟုတ်။

စက်ခန်းတွင်း တစ်နေရာရာဆီမှ ပင်လယ်ရေပိုက်လိုင်း ကြီးတစ်ခုခု ပေါက်ကွဲထွက်ခြင်းကြောင့် ဝမ်းရေများ မနိုင့်အင်ကာ ပြည့်လျှံနေပါသည်ဖြစ်ကြောင်း အချက်ပေးသော အဆုံးစွန် သတိပေးချက် များ ဖြစ်နေခြင်းကြောင့်တည်း။

စွန့်ပစ် ဆီကျန်ရေကျန် အရောအနှော ရေဆိုးများ ပေါ်လော၊ ပွပလဲနေသော မဲညစ်ညို့ရောင် ရေပြင်ကျယ်ကြီးကို မြင်ရတော့မည်ဟု စိတ်ထဲမှာ ခြောက်ခြားစွာ ထင်မှတ်နေ၏။

နောက်ဆုံးထပ်လှေကားပင်မဆုံးသေး အောက်ဖို့လှမ်း



www.burmeseclassic.com

www.burmeseclassic.com



အကြည့်။

ဟင်။

ကြည့်စမ်း။

တစ်လွဲ။

ဘာမှလည်း မရှိပါလား။

အောက်ဆုံးထပ်မှာ ဘာရေမှ မရှိပါလား။

ထို့အတူ အောက်ဆုံးထပ်၏ အောက်ဘက် သံပြားကြမ်းခင်းရှိ ဝမ်းရေစု ကန်များတွင်လည်း လျှံနေသည်ကို မတွေ့ရ။

ပုံမှန်အတိုင်းရှိနေရမည့် ဝမ်းရေအမြင့်မှာပဲ ရှိနေ၏။

ဒါဖြင့် စောစောက လာသော အချက်ပေးသံမှာ ဘာလဲ။

ဘာကြောင့် လာရသလဲ။

သည်လောက် တိကျလှသော ဒစ်ဂျစ်တယ် အချက်အလက်သုံး သတိပေး စံနစ်ကြီးတစ်ခုလုံး ဘာကြောင့် တစ်လွဲအသံပေးရလေသနည်း။

သူရ တစ်ယောက် သဘော်ာကြမ်းခင်း သံပြားများအောက်သို့ သေချာသည်ထက် သေချာအောင် စေ့စေ့စပ်စပ် စစ်ဆေးနေ၏။

အားလုံး ပုံမှန် အခြေအနေမှာပဲ အေးအေးချမ်းချမ်း ရှိနေပါသည်။

သူရ ခုမှပဲ စိတ်အေးသွားရသည်။

သည်အချက်ပေးစံနစ် တစ်ခုခု ချို့ယွင်းပြီး မှားယွင်းသောသတိပေးချက်များ ထုတ်လွှင့်ခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

စိန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒါဆို မနက်ရောက်လျှင် ဂါနာလူမျိုး လျှပ်စစ်အင်ဂျင်နီယာနှင့် တိုင်ပင်ရမည်ဖြစ်သည်။

လှေကားပေါ်ပြန်တက်ရင်း သည်နေ့ည ဘာတွေဖြစ်ပျက်နေရပါလိမ့်ဟု စိတ်ပျက်စွာ ကောက်ချက်ဆွဲနေမိလေသည်။

လက်မှာပတ်ထားသော ရေစိုခံ ကက်ဆီရိုနာရီလေးကို ကြည့်လိုက်တော့ ည ဆယ်နာရီခန့်ပင် ထိုးတော့မည်။

သည်နေ့ တစ်နေ့လုံးလည်း ဗျာများအောင် အလုပ်များ လုပ်ခဲ့ရသည်။

ပုံမှန်အလုပ်သိမ်းချိန် ငါးနာရီ ရောက်သည်အထိ မနားတမ်း။

ရေချိုး၊ ညနေစာ သုံးဆောင်ပြီးနောက် သူ၏အခန်းထဲမှာ ခြေပစ်လက်ပစ် အနားယူနေခဲ့သည်။

ယခု သည်စက်များက ဒုက္ခပဒေသာတို့ကို ပေးဝေနေသဖြင့် အင်ဂျင်စက်ခန်းထဲ တာဝန်ကျ အင်ဂျင်နီယာ သူရ တစ်ယောက် ရောက်ရှိနေခဲ့ရလေသည်။

ခု သူရ နားချင် နေပါပြီ။

သို့သော်လည်း အလုပ်အပေါ် သစ္စာရှိသူ၊ ပရော်ဖက်ရှင်နယ် ပီသသူ တစ်ဦးဖြစ်၍ အလုပ်ပြီးပြီးချင်း၊ ချက်ခြင်း ပြန်တက်မသွားချင်သေး။

ပရော်ဖက်ရှင်နယ် ပီသသူဆိုသည်မှာ ကိုယ်တတ်ကျွမ်း၊ ယဉ်ပါး၊ လိမ္မာ၊ နားလည်၊ ကျွမ်းကျင်သော ပညာရပ်ကိုသုံး၍ အမှန်ကန်ဆုံး၊ အလုပ်အပီပြင်ဆုံး၊ အတိကျဆုံး၊ စိတ်အချရဆုံး၊

www.burmeseclassic.com



အယုံကြည်ရဆုံး၊ အခိုင်မာဆုံး ဆောင်ရွက်နိုင်မှုကို ဆိုလိုခြင်း ဖြစ်လေသည်။

ကိုယ်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ကျေပွန်မှု မရှိပါက ပရော်ဖက်ရှင်နယ် မဖြစ်ဟု ဆိုနိုင်လေသည်။

ဤသို့သော သူမျိုးကား ပရော်ဖက်ရှင်နယ် မပီသရုံမက လောကအနှောင့်အယှက် တစ်ခုပင် ဖြစ်လေသည်။

ဤလိုလူစားမျိုး များများစားစားရှိသော အဖွဲ့အစည်းသည် ဘယ်သောအခါမှ တိုးတက်၊ ပွားစီးမှု ရှိလိမ့်မည် မဟုတ်သည်မှာ သေချာလှ၏။

စက်ခန်းကြီးကို စိတ်ချရသည်အထိ စောင့်ကြည့်ဦးမှ ဖြစ်မည်။

ဆယ့်ငါးမိနစ်လောက် စောင့်ကြည့်ဖို့ရန် ထိန်းချုပ်ခန်းထဲမှာပဲ ပန်းသီးဖျော်ရည်လေးနှင့် အဖော်ပြုရတော့မည်။

ပင်မထိန်းချုပ်ခန်းမကြီးထဲ မောဟိုက်၊ ချိနဲ့စွာနှင့် ပြန်ရောက်လာသည်။

ပန်းသီးတစ်လုံးကို ရေခဲသေတ္တာထဲမှ ထုတ်ယူပြီး အခွံမခွာဘဲ ဖျော်ရည်ညှစ်စက်ထဲသို့ ထည့်ရန် ဖျော်ရည်စက်ဆီသို့ လျှောက်လာသည်။

အလို။

ဖျော်ရည်စက်၏ ဖျော်ရည်ထွက်ပေါက်အောက်တွင် ဖျော်ပြီးသား ပန်းသီးရည် တစ်ခွက်။

နေ့လည် သို့မဟုတ် ညနေတုန်းက သည်စက်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဝန်ထမ်း၊ ဘယ်အလုပ်သမား ဖျော်သွားပြီးနောက် မသောက်ဖြစ်ဘဲ စုည်းမဲ့ကမ်းမဲ့ မေ့လျော့ထားရစ်ခဲ့လေသည် မသိ။

မနက်ကျမှ စည်းကမ်းပိုင်းနှင့် ပတ်သက်ပြီး တော်တော်ကျပ်ကျပ်လေး ဆူပစ်လိုက်ဦးမည်ဟု တေး ထားလိုက်၏။

ဖျော်ရည်ထွက်ပေါက်အောက်ရှိ ထိုဖန်ခွက်ကို သူရကိုင်လိုက်ရာ ရေခဲရေထည့်ထားသလို အေးစက်နေကြောင်း အံ့ဩစွာ တွေ့ရလေသည်။

နေ့လည် သို့မဟုတ် ညနေကတည်းက ဖျော်ထားခဲ့ခြင်းဖြစ်လျှင် သည်ဖန်ခွက်မှာ သည်လောက်အေးနေစရာ အကြောင်းမရှိ။

လေအေးစက်တပ် အခန်း၏ ပုံမှန်အပူချိန်လောက်မှာသာ ရှိနေရမည် ဖြစ်၏။

ယခုတော့ လောလောလတ်လတ် ဖျော်ထားပြီးခါစ၊ ဖျော်ရည်အအေးစက်မှ ထွက်လာခါစ ဖျော်ရည်၏ အေးမြသောအပူချိန်မှာ ရှိနေလို့ပါလား။

စိတ်ထဲမှာ သည်အချက်ကို တွေးမိသဖြင့် ဖျော်ရည်ကိုသေသေချာချာငုံ့ ကြည့်ရှုလိုက်မိ၏။

အမြှုပ်လေးများပင် မသေသေးပါလား။

ဒါဆို စောစောက သူမရှိတုန်း သည်အခန်းထဲ တစ်ဦးဦးက ဖျော်ရည် ဝင်ဖျော်သွားလို့ပေါ့။

အင်ဂျင်နီယာတစ်ဦးဦး ကိစ္စရှိ၍ ဆင်းလာရင်းများဖျော်ရည်ဖျော် ထားခဲ့လေသလား။



www.burmeseclassic.com

www.burmeseclassic.com



ထိုတစ်ဦးဦးမှာ ယခုအခါ ပြင်ပစကြ်ခန်းတွင်း တစ်နေရာရာမှာပဲ ကိစ္စတစ်ခုခုကို ဆောင်ရွက်နေလေရော့သလား။

ထို့ကြောင့် အင်ဂျင်နီယာခေါ်သော အချက်ပေး ဥသြသံကိုသုံးကာ ပြင်ပစက်ခန်းတွင်းသို့ ခေါ်လိုက်သည်။

လေး၊ ငါး၊ ဆယ်ကြိမ် ခေါ်နေသလို၊ လေး၊ ငါး၊ ဆယ်မိနစ်မကာ စောင့်နေပါသော်လည်း စက်ခန်းတွင်းဆီမှ မည်သူမှပေါ်မလာ။

ဒါဆိုရင် သည်ဖျော်ရည်ကို မည်သူ ဖျော်လေသနည်း။

စိတ်က အချဉ်ပေါက် လာပြီဖြစ်သည်။

အရေးထဲ ထိုဖန်ခွက်ကို မ၍အယူ လက်ချော်ပြီး လွှတ်ကျသွားလေတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

### "ရုပါလေစ ထိုအမှု"

စိတ်အချဉ်ပေါက်နေရသည့်ကြားထဲ ကသိကအောက် ဖြစ်စရာကိစ္စက ပေါ်လာရပြန်ပြီ။

"တောက်"

လက်ထဲက လွတ်ထွက်သွားသော ဖန်ခွက်မှာ အောက်ခင်းကြမ်းပြင်ပေါ်သို့ ကျသွားခြင်းမဟုတ်ဘဲ အနီးရှိ စာရေးစားပွဲထက်သို့ စောင်းကျသွား၍သာ တော်ပေသေးသည်။

စားပွဲထက်၌ စက်ပစ္စည်းကိရိယာ အဖုံဖုံအတွက် ရည်ညွှန်း လက်စွဲစာအုပ်များ အစီအရီ ရှိနေကြသည်။

ဖျော်ရည်တော်တော်များများက တစ်ခုသော လက်စွဲစာအုပ်ထူကြီးထဲသို့ စီးဝင်ကြလေ၏။

ဒါကို သူရ ခွင့်မပြုနိုင်။

ထို လက်စွဲစာအုပ်ကြီးကို အမြန်ဆွဲထုတ်လိုက်သည်။

နည်းနည်းပါးပါး စိုသွားသည်မှတစ်ပါး စာအုပ်ကြီးမှာ



www.burmeseclassic.com

www.burmeseclassic.com



အကောင်းပကတိ၊ စွန်းထင်းမှု မရှိတော့။

ဤ လက်စွဲစာအုပ်ကြီးကို ကြည့်မိသည်။

ဒါသည် သင်္ဘောအင်ဂျင်စက်ခန်းကြီးထဲသို့ ပင်လယ်ရေ ထောက်ပံ့တင်ပို့ရန် လမ်းအတွက် အရေးကြီးဆုံးသော ပင်မအချုပ် ရေထိန်းအဆုံကြီး၏ ပုံစံ ဒီဇိုင်းစာအုပ်ကြီးဖြစ်၏။

ထို့အပြင် သူ့အတွက်အသုံးပြုပုံများ၊ အရန်ပစ္စည်းများ၊ ထိန်းသိမ်းပြုပြင်ပုံများကိုလည်း စုံစုံစေ့စေ့ ဖော်ပြထားသေး၏။

လက်စွဲစာအုပ်များစွာကို စီစီရီရီ နေရာချနေသည်။

ပြန့်ကျဲ စိုရွှဲသွားသော သစ်သီးရည်များကို တစ်သျှူးစက္ကူ ဖြင့် သေသေသပ်သပ် သန့်ရှင်းနေရပြန်သည်။

ထိုစဉ်မှာပင် စိတ်ထဲ၌ မသိုးမသန့် ခံစားလာရ၏။

အထူးသဖြင့် လေးလေးလံလံ၊ ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်သလို ခံစားရ၏။

စက္ကန့်ပိုင်းအတွင်းမှာပင် စောစောက ရရှိသော အနံ့ကို သဲ့သဲ့ ပြန်ရပြန်သည်။

သူ့ကိုလည်း တစ်စုံတစ်ယောက်က တစ်နေရာရာမှ နေ၍ စိုက်ကြည့်ခြင်းခံနေရသလို စိတ်ထဲမှာ သိသိသာသာကြီး ခံစားနေ ရသည်။

တစ်ချိန်တည်းမှာပင် ထိုညှီစို့စို့၊ အောက်သိုးသိုး၊ အော်ဂလီ ဆန်စရာ အနံ့ကြီးက သူ့အနီးအနားမှာ ရစ်သိုင်း၊ ဝေ့ဆိုင်းနေ၏။

သူ့ရ ၏ လက်မောင်းနှစ်ဖက်သာမက ပေါင်တန် နှစ်ချောင်းရှိ အရေပြားများပေါ်မှာပါ တဖြန်းဖြန်းထသော



www.burmeseclassic.com

www.burmeseclassic.com



ကြက်သီးဖုကြီးများ ဖြစ်ပေါ်လာလေတော့သည်။

သေချာနေပါပြီ။

တစ်ခုခု မှားနေတာ။

တစ်ခုခုသာမက တော်တော်များများပါ မှားနေကြကုန်ပြီလော။

မှန်နေသော သူ့ရ ခမျာ ခြေလှမ်းပင် မမှန်ချင်တော့ပါပေ။

လျှပ်စစ်ခါတ်ကို မမြင်ရသဖြင့် ကြောက်သလို၊ ကြောက်လာ၏။

သူ့မှာ ခုခံကာကွယ်စရာ ဘာလက်နက်မှမရှိ။

ဘာကိုမှလည်း မြင်နိုင်စွမ်းအားမရှိ။

ရှိနေသည်က ရတနာသုံးပါးနှင့် အနန္တောအနန္တငါးပါး။

မြဲမြဲလုံခြုံသော သီလငါးသွယ်။

ဆောင်ရွက်မြဲ စာရေဏ တရားနည်းနည်းပါးပါး။

ရှေးယခင်က ပြုပြုသမျှသော အဖို့ဘာဂတို့ကို အမျှပေးဝေပါကြောင်း၊ သာမုအနုမောဒနာ ဝမ်းမြောက်စွာ ခေါ်ကြပါစေကြောင်း မေတ္တာ စေတနာရှေ့ထားကာ အော်ဟစ်ရေရွတ်မိလေတော့သည်။

ညီစို့စို့၊ အောက်သိုးသိုး၊ အူအဲ့အဲ့ အနံ့ကြီးက အတော့်ကိုဆိုးရွားစွာ နံစော် လာလေသည်။

ပေးသူကတော့ ပေးခဲ့ပါပြီ။

ယူသူကရော အမျှပေးလို့ သာဓုမှခေါ်ပင် ခေါ်နိုင်စွမ်း



www.burmeseclassic.com

www.burmeseclassic.com



ရှိပါလေအံ့နည်း။

အမျှပေးခြင်းကိုရော သိစွမ်းနိုင်ပါလေသလော။
သာခုခေါ်ဆိုခြင်းကိုရော နားလည်နိုင်ပါ၏လော။
ယခုတော့ သူရ အမှန်ပင် ပြေးပါချေပြီတကား။

* * *



www.burmeseclassic.com

www.burmeseclassic.com

## "အခန်းထဲမှ အနံ့ဆိုးကြီး"

မစ္စတာပေါ်လို တစ်ယောက် ရုတ်တရက် လန့်နိုးသွား၏။

သူနှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည်တော့ မဟုတ်။

အနားယူချိန်တိုင်းမှာ ဘယ်တော့မှ နှစ်နှစ်ခြိုက်ခြိုက်၊ စိတ်ချလက်ချ အိပ်စက်ရသည် ဟူ၍မရှိ။

ယခုလည်း ဘာကြောင့် လန့်နိုးသွားရသည်လည်း မသိ။

သူသည် ကုန်းပတ်အရာရှိချုပ် တစ်ဦးဖြစ်သည်။

တတိကအရွယ်သို့ ဝင်ခါစ ဖြစ်သဖြင့် အိပ်ရေးမှ ဝဝလင်လင် မအိပ်လိုက်ရသည်နှင့် လူမှာ ခပ်ချိချိဖြစ်ပြီးခွန်အား မရှိတော့ သလိုလို ခံစားရသည်။

သည်ညဦးမှာ အလွန်လေးလံ ပင်ပန်းအိပ်ချင်လွန်းသဖြင့် အဝင်ဝအခန်းတံခါးကို ချက်ထိုး၊ ကန့်လန့်ချထားဖို့ရန် သတိပင် မရချင်လိုက်ပါပေ။



www.burmeseclassic.com

www.burmeseclassic.com


စောစောက သူ့ကိုဘယ်လိုအရာက နိုးစေလိုက်သလဲဟု မသိရစေကာမူ ယခုတော့ သူ့အိပ်ရာ ခုတင်အနီးဝယ် တစ်စုံတစ်ဦး ရောက်လာသလို ခံစားလိုက်ရသည်။

ချက်ချမထားသော တံခါးကိုဖွင့်ကာ တစ်ယောက်ယောက် ဝင်လာသည်ဟူသည့် အသိမျိုးကို ရရှိလိုက်သည်။

အခန်းသန့်ရှင်းရေး ပုံမှန်ဆောင်ရွက်ပေးရသူအထွေထွေ လုပ်သားလေးများ ဝင်လာလေရော့သလား။

ခုလို ညကြီးသန်းခေါင်ကျော် တစ်ချက်တီးသာသာ၊ အရာရှိအခန်းတွင်း၌ အိပ်စက်နေစဉ်ခိုက်မှာ သန့်ရှင်းရေးလုပ်ရိုး ထုံးစံမရှိ။

ဒါဖြင့်ဘယ်သူများ ဝင်ရောက် ချဉ်းနင်း လာပါလိမ့်။

သူဂျူတီဝင်ရမည့် အချိန်သည် နံနက်လေးနာရီတိတိဖြစ်သည်။

အိပ်စက်ရန် အချိန်အတော်ကြီး ကျန်နေသေးသည်။

ခုတင်အနီးတဝိုက်တွင် ဘယ်သူမှရှိမနေ။

ညှို့ခန်းဆီအထိတော့ သွားမကြည့်နိုင်တော့။

ရသမျှအချိန်လေးအတွင်း ပြန်ပြီး အိပ်စက်အနားယူရန် ခေါင်းပြန်အချ၊ ခုတင်တစ်ဖက်ဘေးဆီမှ ခြေအိတ်နံ့ကြီးလိုလို၊ အသားငါးများကိုင်ထားသည့် အနံ့လိုလို၊ သက်ကြီးရွယ်အိုလူကြီး ဝမ်းပျက်သည့် အနံ့လိုလိုနှင့် ရောပြွမ်း သမထားသော အနံ့ဆိုးကြီး တစ်ခုကို ရရှိလိုက်၏။

တစ်ဖန်ပျောက်သွားလိုက်၊ သဲ့သဲ့ရလိုက် ခပ်ပြင်းပြင်း


www.burmeseclassic.com

www.burmeseclassic.com



ရလိုက်နှင့်မို့ နှာခေါင်းအလုပ်ရှုပ်နေ၏။

လက်ရှိသူဝတ်စားဆင်မြန်းထားသော ညဝတ်အင်္ကျီပွကြီးနှင့် ဘောင်းဘီပွကြီးတို့ဆီမှ အနံ့များလေလား။

အဝတ်ဟောင်းလျှော်ရန် ပုံးထဲသို့ ပစ်ထည့်လိုက်ပြီး အဖုံးဖုံး ထားလိုက်သည်။

ညဝတ်စုံအသစ်နှင့် မွေးကြိုင်သွားပြီဖြစ်သည်။

သည်အနံ့ပျောက်သွားပြီ။

သူစဉ်းစားမိသည်။

သူရုံးခန်းတွင်း နေ့လည်ခင်း အလုပ်ဆင်းစဉ် အချိန်များတွင် သည်လိုအနံ့မျိုးကြီးကို မကြာမကြာ ရတတ်၏။

ထိုအခါမျိုးတွင် အခန်းတွင်း မွှေးရနံ့ဖြန်းဆေးဘူး အဲရိုဖရက်ရှနာဖြင့် ဧည့်ခန်းကော၊ ရုံးခန်းကိုပါ တစ်ဘူးလုံးနီးနီး ဖြန်းလိုက်ဖြစ်သည်။

တစ်ခါတစ်ရံ ပျောက်သွားတတ်ပြီး၊ တစ်ခါတစ်ရံတော့ အဲ့အဲ့ ကျန်ရစ်ခဲ့တတ်သည်။

ယခုလည်း အရှင်းချည်း ပျောက်သွားသည်တော့ မဟုတ်သော်လည်းစောစောကထက်တော့ သက်သာသလိုလိုရှိသွား၏။

ခေါင်းအုံးကို အထက်အောက်လှန်လိုက်ပြီး ပါးတစ်ခြမ်းတပ်လိုက်၏။

ရသမျှအချိန်လေးမှာ ပျော်အောင်အိပ်ပါဦးမှပါ။

သူ့စိတ်ထဲဝယ် ဒုန်းဒုန်းချ အိပ်မရသေးဘဲ ဖြစ်နေ၏။

စနောင့်စနင်း၊ မရှင်းမရှင်း ဖြစ်နေသည့်သဘော။



www.burmeseclassic.com

www.burmeseclassic.com



သူ့အနီးပတ်ဝန်းကျင်တွင် တစ်စုံတစ်ဦး ရှိနေသောကြောင့် စိတ်စနိုးစနောင့် ဖြစ်နေရသည်ဟုပြောလျှင် ပိုမိုမှန်ပေလိမ့်မည်။

ထိုကြောင့် သူအိပ်နေရာခုတင်ထက်မှ နောက်ပြန်လက်ထောက်ထပြီး ဝိယာဟိုသည် စစ်ဆေး၊ ကြည့်ရှုလိုက်ရပြန်သည်။

ဘယ်သူမှမရှိ။

သို့သော်လည်း သူ့ကို ခပ်လှမ်းလှမ်းမှနေ၍ တစ်စုံ တစ်စောင်း စိုက်ကြည့်ခြင်းကို ခံနေရသလို စိတ်ထဲမှာလည်းအသိ ဖြစ်ပေါ်နေ၏။

ယခုတလောဆိုလျှင် ထူးခြားမှုများစွာကို အတော်ပင် ကြုံနေရသည်။

အိပ်၍မပျော့တပျော်၊ နိုးတစ်ဝက် ပျော်တစ်ဝက် အခြေ အနေမျိုး၌ သူအိပ်စက်နေရာ မျက်နှာအထက်မှ တစ်ယောက် ယောက်က အနီးကပ်စီးမိုးပြီး ရပ်တန့်ကြည့်ရှုနေသည်ဟု ခံစား အသိမျိုး ပေါ်လာရခြင်းတည်း။

တစ်ကြိမ်လည်းမဟုတ်၊ နှစ်ကြိမ်လည်းမဟုတ်။

အခါခါရှိနေပြီ ဖြစ်လေသည်။

ထိုအခါမျိုးများတွင် ဖျတ်ခနဲ လန့်၊ လန့်နိုးသွားရသည် မှာလဲ အကြိမ်မရေမတွက် နိုင်အောင်ပင် များလှချေပြီ။

ထို့ကြောင့်လည်း အလုပ်ချိန်အတွင်းဝယ် ဘယ်သော အခါမှ အိပ်ရေးမဝ။

လူလည်းပင်ပန်း၊ စိတ်လည်း ပင်ပန်းလာပြီ။

ပို၍ဆိုးသည်က ထိုသို့လန့်နိုးပြီးသည်နှင့် တစ်ချိန်တည်



www.burmeseclassic.com

www.burmeseclassic.com


မှာပင် စောစောတုန်းက ရန့်မျိုးကဲ့သို့သော လူမမာခံတွင်းကြီး အနံ့များ ကို ခန်းလုံးပြည့် ရရှိနေခြင်းပင်တည်း။

အိပ်ရေးမဝဘဲ အလုပ်လုပ်နေရသည်မှာ ကြာပြီမို့ ကိုယ်စိတ်နှလုံး ပင်ပန်းသည့်ဒဏ်ကို ခံနိုင်ရည် မရှိချင်တော့သလို ဖြစ်နေ၏။

ပြန်ချင်နေပြီ။

ကိုယ့်ဇာတိမြေကို ပြန်ချင်နေပါပြီ။

ပြန်လို့ကလည်းမဖြစ်။

ပြန်၍မရသော အကြောင်းတရားများက ရှိနေသေးသည်။

ထုံးစံ အတိုင်းပေါ့။

ပိုက်ဆံ။

လောဘသတ်မရသော ပိုက်ဆံပါပေ။

သူသည် လိုအပ်သည်ထက် ပိုမို၍ လိုအပ်နေသည်။

ကျန်းမာရေးကိစ္စ အချက်အလက်တစ်ခုခုနှင့် အကြောင်းပြပြီး အလုပ်ကန်ထရိုက် သဘောတူစာချုပ်ကို ဖျက်ကာ ပြန်လိုက်ချင်စိတ်ပေါက်နေသည်မှာလည်း မကြာခဏပါပေ။

ပင်မရုံးချုပ်ဆီက သင်္ဘောသားများ စီမံခန့်ခွဲရေး အရာရှိထံမှာ ဤသင်္ဘောပေါ် မတက်မီက သူစကားဦး သန်းထားခဲ့ဖူးသည်။

ထိုကဲ့သို့ နှုတ်ဖွာထားခဲ့ရာမှ နှုတ်ကျုံ့သွားသည့် အကြောင်းအရာတစ်ခုလည်း ရှိခဲ့သည်။


www.burmeseclassic.com

www.burmeseclassic.com



ခုတင်ခေါင်းရင်းဘေးရှိ ရေခဲသေတ္တာပေါက်စလေးထဲမှ ရေသန့်ဘူးတစ်လုံးကို ထုတ်ယူလိုက်သည်။

သောက်လက်စ ရေတစ်ဝက်တစ်ပြက် ကျန်နေသေးသည်။

ရင်ထဲမှမှ ပူနေသဖြင့် တစ်ရှိက်မက်မက် တကျိုက်ကျိုက် သောက်ချလိုက်သည်။

အလို။

အလွန်ထူးခြား လှပါတကား။

လျှာဖျားလေးသာမက လျှာတစ်ပြားလုံးသို့ ဖြတ်သန်းသွားသော ရေမှာ ဘာအရသာမှ မရှိပါလား။

ရေဆိုသည်မှာ အရောင်၊ အနံ့၊ အရသာ မရှိပါဟူသည့် ရူပဂုဏ်သတ္တိများကို သိပါလျက် ရေမှာ မည်သို့သော အရောင် အနံ့အရသာက ရှိရမှာပါလိမ့်။

ခုမှ ခက်ကပြီဟု ပြောချင်စရာ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## "အသိအတွေ့မဲ့ရေ"

ရေသန့်ဘူးထဲမှ ပီအိပ်ချ် ဆဲဗင်းရေ၊ ဟိုးအဝေး အဲ့လ်ပ်တောင်တန်းကြီးများပေါ်ရှိ စီမ့်၊ စမ်းရေများထဲမှရေ၊ ဟိုးစကော့တလန်ပြည်ကြီးရှိ တောင်ကြိုတောင်ကြား၊ လျှိုမြောင်များ၊ စမ်းချောင်းလေးများထဲကရေ၊

ဘတ္တရီအိုးထဲ ထည့်သောရေ၊

ရေတွင်းရေကန်များထဲကရေ၊

ရေကျက်အေး ပေါင်းခံရည် စသည့်စသည့် ရေအမျိုးမျိုးသည် ရေ၏ ရုပ်ဂုဏ်သတ္တိဖြစ်သော အရသာမရှိပါဆိုသည့် အချက်ကို သွေဖီပြီး အရသာအမျိုးမျိုး ဖြစ်ပေါ်နေခြင်းမျိုးကို မဆိုလို။

ဓာတုဒြပ်ပေါင်းအချို့တို့ ရေထဲတွင် အရောအနှောအဖြစ် ပါဝင်နေသဖြင့် အရသာအမျိုးမျိုး ဖြစ်နေခြင်းမျှသာ။

ယခု ဖြစ်နေသည်က ဒါမျိုးမဟုတ်။

စိန်စာပေ

www.burmeseclassic.com

www.burmeseclassic.com


အရသာမရှိပါဆိုသည်မှာ အထိအတွေ့အရသာ ခံစားမှု မဲ့နေခြင်းမျိုးကို ဆိုလိုခြင်းဖြစ်သည်။

ကြည့်လေ။

အာခံတွင်းထဲသို့ သော်လည်းကောင်း၊ လျှာ၊ လည်ချောင်း တို့ထံတွင်လည်းကောင်း စီးဆင်း၊ ပွတ်တိုက်၊ အေးမြ၊ တိုးဝင် သွားသည့် ခံစားမှုအရသာ မဲ့နေခြင်းကိုဆိုပါသည်လေ။

ရေသောက်ရသည်မှာ လုံးဝမဝ။

ရေဘူးကို ကြည့်လိုက်ပြန်တော့ စောစောက သောက်ချ လိုက်မှုကြောင့် လေး၊ ငါး ဖြိုက်စာလောက် ရော့နေပြီ ဖြစ်သည်။

ထပ်မံပြီး မော့၍သောက်ပြန်သည်။

ဘူးထဲမှရေတို့သည် လေပလုံစီလေးများထလျက် ဘူးအဝ ဆီသို့ တဖြည်းဖြည်း စီးဆင်း နိမ့်ပါးသွားသည်။

အာခံတွင်း၊ လျှာ၊ လည်မျို၊ လည်ချောင်းတို့တွင် ရေ သောက်ခြင်းကြောင့် ထိတွေ့၊ ကျေနပ်၊ နှစ်သိမ့်၊ အာသာပြေ သွားခြင်းမျိုး လုံးဝဖြစ်ပေါ်လာခြင်း မရှိချေ။

ရေတစ်ဘူးလုံးသာကုန်သွားသည် မစွတာပေါ်လို တစ်ယောက် ရေငတ်ပြေမလာ။

ပို၍ဆိုးသည်က ရေငတ်မပြေရုံမက မူလကထက် ပိုမို၍ ပင် ရေကိုဆာလာ၊ ငတ်လာခြင်းတည်း။

ရင်ထဲအေးသွားဖို့ ဆိုသည်က ဝေလာဝေး။

ထို့ကြောင့် သူ၏ ကေဗင်ခန်းကျယ်ကြီးထဲမှ ဝုန်းခနဲ တံခါးဆွဲဖွင့်ကာလူသွားစင်္ကြံ ကော်ရစ်ဒါကြီးသို့ ထွက်လိုက်၏။


www.burmeseclassic.com

www.burmeseclassic.com



သမုဒ္ဒရာကြီးများဖြတ် ရောမကားတင်သင်္ဘောကြီး ကတော့ ခပ်သွဲ့သွဲ့ ပင်လယ်လှိုင်းများစီးရင်း ခပ်နွဲ့နွဲ့ရမ်းခါလျက် ခရီးရှည်ကြီးကို ဆက်နေလေ၏။

ယခုလို ညကြီးအချိန်၊ မှောင်မှောင်မည်းမည်းကြီးတွင် ပင်လယ်ကြီးကိုငုံ့ပြီး ကြည့်လိုက်ပါက နက်ပြာမည်းမှောင်နေပြီး တဟဲဟဲ၊ တဝေါဝေါ မြည်နေကြောင်း တွေ့ရပါလိမ့်မည်။

မစ္စတာပေါ်လို ဦးတည်နေသည်က ကော်ရစ်ဒါ စကြီ ဒေါင့် တစ်နေရာရှိ အလွယ်တကူ ရေသောက်ရန် ပြုလုပ်ပေးထား သော ရေပန်းစက်လေးဆီသို့ ဖြစ်၏။

စင်္ကြံကျယ်ကြီး၏ ဒေါင့်ချိုးတိုင်းတွင် ထိုရေပန်းစက်လေး များကို တတ်ဆင်ပေးထား၏။

တိုက်တိုက်ဆိုင်ဆိုင်ပင် ရေကြောင်းအရာရှိ ယူနီဖောင်း ဝတ်စုံဝတ် အရာရှိတစ်ဦး ကျောပေးလျက် ရေကို ငုံ့သောက်နေ၏။

ဘယ်သူပါလိမ့်။

သည်လိုအရပ်အမောင်ကောင်းကောင်းနှင့် သည်လိုအရာ ရှိမျိုး၊ သည်သင်္ဘောကြီးပေါ်တွင် မမြင်ဖူးပါ။

ရေပန်းစက်အနီးသို့ မစ္စတာပေါ်လိုတစ်ယောက် ခြေလှမ်း ကျဲကြီးများဖြင့် ရောက်လုနီးနီးတွင် ထိုအရာရှိမှာ ရေသောက်ခြင်း ပြီးဆုံးပြီး၍ တစ်ဖက် ကော်ရစ်ဒါ ဒေါင့်ချိုးထဲသို့ ကွေ့ဝင်သွား၏။

သူ့ကို အရင်တုန်းကများ မြင်ဖူးသလိုလို ရှိနေလေသလား။

အိပ်မှုန်စုံမွှားမို့ ဇဝေဇဝါဖြစ်နေသည်။

ပင်လယ်ပြင်လုပ်သက်များမှာလည်း များပြားရှည်ကြာလှ



www.burmeseclassic.com

www.burmeseclassic.com



ပြီမို့ သိသလိုလို၊ မသိသလိုလိုတွေ၊ မမှတ်မိသလိုလို၊ မှတ်မိသလိုလို ရုပ်တွေ၊ မျက်ခွက်တွေ မရေမတွက်နိုင်တော့ပြီ။

ယခု သည်ပင်လယ်ပြင်ခရီးရှည်ကြီးကို နှင်လာရသည်မှာ အရက်နှစ်ဆယ်ကျော်တော့မည်။

သည်ခရီးအစမှာ ပထမအင်ဂျင်နီယာတက်ရောက်ခြင်းနှင့်ညှိသည်များစွာ ရောက်ရှိခြင်းတို့မှ တစ်ပါး သင်္ဘောသား ဝန်ထမ်းအဟောင်း၊အသစ်လဲလှယ်ခြင်း၊ အရာရှိဝန်ထမ်း အဟောင်း၊ အသစ်လဲလှယ်ခြင်း ကိစ္စရပ်များကို ဘယ်နည်းနှင့်မျှ ဆောင်ရွက်ခဲ့ခြင်းမရှိ။

ဘယ်တုန်းကများ သည်အရာရှိအသစ် ရောက်လို့နေရသည်မသိ။

မစ္စတာပေါ်လိုသည် ကုန်းပတ်အရာရှိချုပ်ဖြစ်သဖြင့် သင်္ဘောပေါ်က စီမံအုပ်ချုပ်ရေး ကဏ္ဍများမှာ မသိသည့်ကိစ္စဟူ၍ မရှိ သလောက်ပင်ဖြစ်၏။

တွေးရင်းမှ ရေပန်းခလုတ်လေးကိုနှိပ်ကာ ရေကို ငတ်ငတ်နှင့် ငုံသောက်လိုက်သည်။

ပထမ တစ်ကျိုက်။

ရုတ်တရက်မို့ ဘာမှမသိလိုက်။

ဒုတိယ တစ်ကျိုက်။

အာလာမာ။

တစ်ခုခု မှားနေပြီမှန်း သိလိုက်၏။

ချက်ခြင်း ထွေးထုတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အော့၊ အော့။

ခွဲစိတ်ခန်းများမှ ပိုးသတ်ဆေးရောနေသော စွန့်ပစ်ရေ အညီတို့၏ ရနံ့မျိုး။

ထို၊ ဘယ်ကနေ ဘယ်လိုလုပ်ပြီးများ သောက်ရေပိုက် လမ်းကြောင်းထဲမှာ သည်လိုအနံ့ဆိုးမျိုးတွေ ရောက်ရှိနေရပါလိမ့်။

ဝမ်းဗိုက်ထဲသို့ ဝင်ရောက်သွားသော ရေအချို့တို့ကို မသတီစိတ်အပြည့်ဖြင့် အန်ထုတ်လိုသော ဆန္ဒက လှိုက်ကာ၊ လှိုက်ကာ ပေါ်ပေါက်လာသည်။

ထို့ကြောင့် ခပ်လှမ်းလှမ်းရှိ ကြွေလက်ဆေးကန်ဆီသို့ အမြန်ပြေးတော့သည်။

တစ်ဝကြီး အန်ချလိုက်၏။

အန်ချ၍ဝသောအခါကျမှ ပြန်ပြီးစဉ်းစားမိ၏။

စောစောက သည်ရေပန်းစက်ရှေ့မှ အရာရှိ ဘယ်လိုများ သည်ရေတွေကို သောက်မျိုသွားပါလိမ့်။

သည်အတိုင်းသာ ရေသန့်လိုင်းထဲ ရေဆိုး၊ ရေညစ်များ ဝင်ကုန်လျှင် ခက်ရချိမ့်။

သေချာမှုရှိစေရန် ထိုလက်ဆေးကန် ရေငုတ်ကိုဖွင့်ပြီး ရေကို စစ်ဆေးလိုက်သည်။

လက်ဖဝါးနှစ်ဖက်တို့ဖြင့် ခံယူထားသောရေကို အနည်းငယ် အနံ့ခံ ရှူကြည့်လိုက်သည်။

အမလေး။

စောစောက အနံ့ထက်ပင် ဆိုး၊ ဆိုးသေးတော့။



www.burmeseclassic.com

www.burmeseclassic.com



သည်သုံးရေ သောက်ရေချိုတို့၏ ပင်ရင်းသည်ကား ရေချို ချက်စက်ကြီးပင်တည်း။

ပင်လယ်ရေများကို သွင်းယူကာ ပေါင်းခံကျိုချက် ပြီးနောက် ရေသန့် အဖြစ် ပြုပြင်ထုတ်လုပ်ပေးသော စက်ကြီး။

သင်္ဘောတစ်စီးလုံး၏ အသက်သွေးကြော တစ်ခုပါပေ။

အင်ဂျင်စက်ခန်းမကြီး၏ တတိယထပ်တွင် သည်စက်ကြီး တည်ရှိသည်။

ကျိုချက်၊ ပြုပြင်၊ သန့်ရှင်းပြီး ရေချိုသန့်တန်ချိန်များစွာကို သင်္ဘောကြီး၏ ဘယ်၊ ညာ တစ်ဖက်တစ်ချက်စီရှိ ရေလှောင် ကန်ကြီးများတွင် အပြည့်သိုလှောင်ထား၏။

ယခု ဖြစ်ပေါ်နေသော ရေထဲရှိ ရန့်ဆိုးမှာ ရေချိုချက် စက်ကြီးမှ မှားယွင်းမှုလော၊ ရေလှောင်ကန်ကြီးများမှ မှားယွင်း မှုလော သူ သိတတ်နိုင်စွမ်းမရှိ။

သည်ကိစ္စသည် သင်္ဘောအင်ဂျင်စက်ခန်းကြီး၏ အကြီး အကဲ အင်ဂျင်နီယာချုပ်ကြီးနှင့် တိုက်ရိုက်သက်ဆိုင်လေသည်။

သည်လို အရေးကြီးလှသော ကိစ္စရပ်များပေါ်လျှင် အချိန် တုန့်ဆိုင်းမနေဘဲ ချက်ခြင်းဆောင်ရွက်ဖို့ရန် သင်္ဘောပေါ်တွင် အလွန်အရေးကြီးလေသည်။

မစ္စတာပေါ်လိုသည် ရေပန်းစက်လေး၏ နံဘေး သင်္ဘော နံရံထက်၌ ချိတ်ထားသော တယ်လီဖုန်းကို မ လိုက်သည်။

အလို၊ အော်တိုမြည်သံကို မကြားရ။

သံရှည် မြည်နေရမည့်အစား လေတိုးသံလိုလိုကိုသာ



www.burmeseclassic.com

www.burmeseclassic.com


သဲ့သဲ့ကြားနေရ၏။

ဖုန်းများ ပျက်နေပြန်လို့လား။

ရှဲ ရှဲ ရှူး ရှူး လေတိုးသံများမှာ တဖြည်းဖြည်းကျယ်လာသည်။

သေသေချာချာကပ်ပြီး နားထောင်လိုက်သောအခါ ဆိမန်းမန်းသလို တွတ်တွတ် တွတ်တွတ်ပြောနေသော လေသံများပါတကား။

ဖိုမော‌ဇောထနေသော အသက်ရှူထုတ်၊ ရှူသွင်းရင်းမှ တစ်ခုခုကို ပြောနေခြင်းတည်း။

မည်သည့်ဘာသာစကားကို အသုံးပြုပြောနေမှန်း သဲသဲကွဲကွဲသာ မသိရသည် ညည်းညည်းတွားတွား ပြောကြားနေသော စကားသံများ ဖြစ်ကြောင်းကတော့ သေချာလှပါတကား။

* * *


www.burmeseclassic.com

www.burmeseclassic.com

## "ဝီရိယ ကောင်းသောအရာရှိ"

ကုန်းပတ်ဒုတိယ အရာရှိဖြစ်သူမှာ မစ္စတာဂေါ်ဒင် ဖြစ်သည်။

ဆွီဒင်နိုင်ငံသား လူထွားကြီးဖြစ်၏။

သူသည် ညဉ့်သန်းခေါင် ဆယ့်နှစ်နာရီမှ နံနက်လေးနာရီ အထိ တာဝန်ယူရမည်ဖြစ်သည်။

၎င်းမော်တော်ကားတင် သင်္ဘောကြီး၏ ဦးပိုင်းရှိ သင်္ဘော မောင်းနှင် ထိန်းချုပ်မှု ပွဲစင်မြင့်အခန်းကြီးထဲတွင် ပျင်းရိငြီးငွေ့စွာ တာဝန်ထမ်းဆောင်ရမည် ဖြစ်လေသည်။

နောက်ထပ် ရက်နှစ်ဆယ်နီးနီး ခရီးဆက်ပြီးပါမှ အလွန် အလွန် စည်းကမ်းတင်းကျပ်လှသော ရောမ မော်တော်ကားတင် ဆိပ်ကမ်းကျယ်ကြီးဆီသို့ ဆိုက်ကပ်မည်ဖြစ်၏။

ယခုအချိန်မှာတော့ အပြည်ပြည်ဆိုင်ရာ ပင်လယ်ပြင်ကြီး ထဲမှာ ဖြတ်သန်းလျက် ရှိပါသည်။

သူသည် ရှေ့ဆက်ရမည့် ခရီးစဉ်များအတွက် မြေပုံရေပုံ များကို အဆင်သင့်ပြုနေရင်း သူပဲတာဝန်ယူထားရသည့် သင်္ဘော ကြီး၏ ဆေးရုံခန်းကြီးနှင့် သက်ဆိုင်ရာ ကိစ္စရပ်များဆီသို့ စိတ်က



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွား၏။

သူသည် ဤသဘောကြီး၏ ကုန်းပတ်ဆိုင်ရာ ဒုတိယ အရာရှိတစ်ဦးအရေးတကြီး၊ အမြန်လိုအပ်ချက်ကြောင့် ကမန်းကတန်း ရောက်ရှိလာရသူဖြစ်သည်။

မူလဒုတိယအရာရှိကိုယ်စား တာဝန်ထမ်းရမည် ဖြစ်သည်။

ထိုကနဦးမူလ ဒုတိယအရာရှိဖြစ်သူမှာ အလုပ်စာချုပ် သက်တမ်းကုန်ဆုံး၊ ပြီးပြည့်စုံရန် ကာလများစွာ လိုနေပါသေးသည်။

သို့ပါသော်လည်း ထိုသူက ကျန်းမာရေးကိစ္စ အကြောင်းပြကာ ဤသဘောကြီးပေါ်မှ အရေးပေါ်ဆင်းခွင့် တောင်းခံခဲ့လေသည်။

သည်ခရီးမှာ လချီအောင် ဖြတ်သန်း၊ ခုတ်မောင်းရမည့် မနားတမ်းခရီးဖြစ်၏။

ဤခရီးအစမှာကတည်းက ထိုသူကခွင့်ပြုချက် တောင်းခံခဲ့ခြင်း ဖြစ်၏။

သဘောကြီး၏ တာဝန်အရှိဆုံးဖြစ်သူ ရေယာဉ်မှူး ကပ္ပတိန်ကြီးခမျာ ခေါင်းခဲရလေ၏။

အလုပ်တာဝန်၊ ကျေပွန်စွာ မဆောင်ရွက်နိုင်သဖြင့် ဆင်းရန်ခွင့်တောင်းနေသူတစ်ဦးကို ကပ္ပတိန်ကြီး ဇွတ်အတင်း တာဝန်ယူခိုင်းလိုသော ဆန္ဒမရှိ။

ထို့ပြင် ပင်လယ်ပြင် လုပ်ထုံး၊ လုပ်နည်း၊ ညွှန်ကြားချက်များအရလည်း အလုပ် တာဝန်ကို ဆောင်ရွက်လိုစိတ် ရှိမနေသောသူကို ဆက်လက်ခန့်အပ်ထားဖို့ မသင့်တော်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဒုတိယအရာရှိဟောင်း ဆင်းဖို့အရေးနှင့် အရာရှိသစ်တက်ရောက်ဖို့အရေးကို ပင်လယ်ပြင်ကြီးတစ်နေရာတွင် အရေးပေါ် ဆောင်ရွက်ခဲ့ရလေသည်။

ပွဲစားခွင်ရိုက်ပြီး ကြီးပွားနေသော ကျွန်းနိုင်ငံပေါက်စလေး အနီး ပင်လယ်ပြင်အဖြတ်တွင်ဖြစ်၏။

မော်တော်ကားတင်သင်္ဘောကြီး၏ စက်ရှိန်ကို အနှေးဆုံးထားပြီး လည်စေရင်း မော်တော်ဘုတ်ကပ်ကာ ဝန်ထမ်းအဟောင်းအသစ်လဲလှယ်မှုတို့ကို ဆောင်ရွက်ခဲ့၏။

ထို့ကြောင့်လက်ရှိခြေအနေတွင် လူသစ်ဖြစ်နေသူ ဝါရင့် ဒုတိယ အရာရှိအသစ်ခမျာ ကရိကထများစွာကြားမှ သင်္ဘောပေါ်သို့ ဘွားခနဲ ရောက်ရှိလာရသူဟု ဆိုရလျှင် မမှား။

ပြန်မည့် ဒုတိယအရာရှိဖြစ်သူမှာလည်း သူ၏ ဆောင်ရွက်ဆဲအလုပ် တာဝန်များကို လူသစ်ဖြစ်သူထံ စေ့စေ့စပ်စပ် လက်ပြောင်း၊ လက်လွှဲ ပခုန်းပြောင်း၊ ကောင်းကောင်း ဆောင်ရွက်ပေးနိုင်စွမ်း မရှိခဲ့။

ထို့ပြင် သူ့ထံတွင် သေသေချာချာ ဆောင်ရွက်ပေးလိုစိတ်ပါ မရှိခဲ့ချေ။

ထို့ကြောင့် ဖုတ်ဖက်ခါ တက်ရောက်လာခဲ့ရသူ လူသစ် မစ္စတာဂေါဒင် အဖို့တော့ အဓိက လုပ်ငန်းရပ်များမှတစ်ပါး ယေဘုယျလုပ်ငန်း အခြေအနေကိစ္စရပ်များကိုမူ တနိုင်းတန်း အကျွမ်းတဝင် ဖြစ်မလာသေး။

သူ၏ အဓိကတာဝန်ဖြစ်သော ရေကြောင်းခရီးသွား



www.burmeseclassic.com

www.burmeseclassic.com



လာရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ရင်း သူ၏တွဲဖက်တာဝန်များ အကြောင်းကိုပါ စဉ်းစားနေမိ၏။

သူ၏တွဲဖက်တာဝန်များတွင် ဤသင်္ဘောကြီး၏ ဆေးရုံခန်းကြီးနှင့် ပတ်သက်သမျှ ကိစ္စရပ်များလည်း ပါဝင်၏။

ဆေးသိုလှောင်ရေးစတိုတွင်းရှိ ဆေးပစ္စည်း လက်ကျန်များစာရင်း၊ အရေးပေါ်အသက်ကယ် ပစ္စည်းပစ္စယများစာရင်း အစရှိသော ကျန်းမာရေးဆိုင်ရာ ဝေယျာဝစ္စများစွာကို သေသေချာချာ မစစ်ဆေးရမချင်း နေ၍ထိုင်၍ မဖြောင့်ဖြစ်နေရသည်။

သည်အချိန်သည် သူတာဝန်ယူနေရချိန်ဖြစ်သည်။

ပင်လယ်ပြင်ကျယ်ကြီး ဟင်းလင်းပွင့်၊ ရှင်းလင်းနေလင့်ကစား သင်္ဘောမောင်းနှင် ရွေ့လျားနေစဉ် တာဝန်ချိန်တွင် အစဉ်မပြတ်သော သတိကိုကပ်ပြီး၊ အသင့်အနေအထားတွင် ရှိနေရစမြဲဖြစ်သည်။

ထုံးတမ်း၊ စည်းကမ်း၊ နည်းလမ်းများအရ တာဝန်ကျနေရာ ပဲ့မျှော်စင် ထိန်းချုပ်ခန်းမကြီးထဲမှ ပြင်ပသို့ ခြေတစ်ဖဝါးမျှပင်ချခွင့် မရှိပါပေ။

သို့သော်လည်း သူ အပြင်သို့ မထွက်ရ မနေနိုင်ဖြစ်နေ၏။

ယခုလို ညဉ့်နက်သန်းခေါင်ကျော်တွင် သူနှင့်အတူ တွဲဖက်တာဝန်ကျရာ သင်္ဘောတက်မကိုင်မှတစ်ပါး အားလုံးလိုလို အနားယူအိပ်မောကျနေလောက်ပါပြီ။

ထိုဝါရင့်တက်မကိုင်ကြီးကို အောင့်သက်သက်နှင့် အသိပေးထားခဲ့ရင်း သူ ပဲ့မျှော်စင်ထိန်းချုပ်ခန်းကြီးထဲမှ ထွက်



www.burmeseclassic.com

www.burmeseclassic.com


လာခဲ့သည်။

မိနစ်အနည်းငယ်အတွင်း ပဲ့မျှော်စင်ထိန်းချုပ်ခန်းမကြီးဆီသို့ အရောက်ပြန်လာမည်ဟု စိတ်ပိုင်းဖြတ်ထား၏။

ဧရာမ မော်တော်ကားတင် သင်္ဘောကြီးဖြစ်၍ လူနေအဆောက်အဦခန်းကြီးများမှာ ကွန်ဒိုမီနီယံတိုက်အိမ်ခန်းပဒေသာကြီးကဲ့သို့ ဖြစ်နေ၏။

ပဲ့မျှော်စင်ကြီးနှင့် လူနေအဆောက်အဦကြီးကို တွဲဖက်တည်ဆောက်ထားသဖြင့် စကြိုမျှားထဲမှ ဖြတ်သန်းရုံဖြင့် ကူးလူးနိုင်၏။

အရာရှိရုံးခန်းကြီးများ၊ သင်္ဘောသားအရာထမ်း၊ အမှုထမ်းတို့၏ အိပ်ခန်းကြီးများ၊ ပါတီခန်း၊ အားကစားခန်း၊ တေးဂီတဖျော်ဖြေမှုနှင့် ရုပ်ရှင်ပြသခန်း၊ ရေချိုးငွေ့ပေါင်းတင်ခန်း၊ ရေကူးကန်၊ ဆေးရုံခန်းအစရှိသော အခန်းများနှင့် သားနား၊ လှပ၊ သေသပ်စွာ ဖွဲ့စည်းထားလေသည်။

ကြယ်ပွင့်ကြီးများအဆင့်ရှိ ဟိုတယ်တစ်ခုပမာ ခံစားနိုင်လေသည်။

ပဲ့မျှော်စင်ထိန်းချုပ်ခန်းမကြီးမှာ ညပိုင်းတာဝန်ချိန်တိုင်းတွင် အမှောင်ချထားရ စမြဲဖြစ်သည်။

ဒုတိယအရာရှိ မစ္စတာဂေါ်ဒင်သည် လင်းထိန်နေသောစကြိုကော်ရစ်ဒါ လမ်းမကြီးသို့ ချက်ချင်းထွက်လာခဲ့သဖြင့် ရုတ်တရက် မျက်စိပင် ကောင်းကောင်း ဖွင့်မရချင်ပေ။

လှေကားအနည်းငယ်နှင့် စကြိုထောင့်ချိုးအနည်းငယ်ကို


www.burmeseclassic.com

www.burmeseclassic.com



မိနစ်ပိုင်းအတွင်း အမြန်ဆုံး ဖြတ်သန်းခဲ့ရာ နောက်ဆုံးတွင် ဆေးရုံခန်းကြီးရှေ့သို့ ရောက်လာခဲ့လေသည်။

သဘော်ပေါ်ရောက်ခါစနေ့က သည်အခန်းသို့ တစ်ကြိမ်ရောက်ခဲ့ဖူးသည်။

ထိုမှအပ အလုပ်များပြားလှသဖြင့် ခုထက်ထိ ထပ်မံပြီးမရောက်ရသေး။

မကြာမီရက်အနည်းငယ်အတွင်း အလွန်စည်းကမ်းတင်းကျပ်သော ဆိပ်ကမ်းတစ်ခုသို့ ဆိုက်ရောက်တော့မည်ဖြစ်သည်။

ထိုဆိပ်ကမ်းတွင် စစ်ဆေးရေး အာဏာပိုင်များသည် ရုတ်တရက်တက်ရောက်ပြီး သက်ဆိုင်ရာလုပ်ငန်းခွင်များ လုံခြုံစိတ်ချမှု ရှိမရှိကို စစ်ဆေးတတ်လေ့ရှိသည်။

ဤဆေးရုံခန်းကြီးနှင့် ပတ်သက်သော အချက်အလက်များ၊ လုပ်ဆောင်ချက်များ မှန်ကန်စိတ်ချရမှုတို့ ရှိမရှိကိုလည်း အခါအားလျော်စွာ စစ်ဆေးတတ်သည်။

ခုကတည်းက ရင်းနှီးကျွမ်းဝင်ပြီး မှန်ကန်တိကျအောင် လုပ်ဆောင်ထားနိုင်ပါမှ တန်ကာကျမည်ဖြစ်သည်။

အကယ်၍များ ကြိုတင်ပြင်ဆင်မှုများ လျော့ရဲပေါ့ပြက်နေပါက စစ်ဆေးမှု ကျရှုံးကာ အိုးနင်းခွက်နင်းဖြစ်ပြီး သဘော်ကြီးကိုပင် ထွက်ခွာခွင့် မပြုနိုင်သည့် အခြေအနေသို့ ဆိုက်သွားစေတတ်နိုင်သည် မဟုတ်ပါလား။

* * *



www.burmeseclassic.com

www.burmeseclassic.com

"ဆေးရုံခန်း"

မစ္စတာဂေါ်ဒင်တစ်ယောက် ဆေးရုံခန်းကြီးရှေ့ရောက်သောအခါ သော့ဖွင့်ပြီး တံခါးကို အသာအယာ တွန်းလိုက်သည်။

မီးထွန်းထားခြင်းမရှိသဖြင့် ဆေးရုံခန်းကြီးမှာ မှောင်မည်းနေသည်။

ခြေတစ်လှမ်း လှမ်းဝင်လိုက်သည်။

သည်အခန်းက မအေးပါလား။

မအေးရှုံမက စိုထိုင်းထိုင်းဖြစ်မှုကိုပါ အရေပြားများက တစ်ပြိုင်နက်တည်း ခံစားရလေ၏။

ဤသင်္ဘောကြီး၏ လူနေအဆောက်အဦကြီး ထဲခုလုံးကို အေးမြ လတ်ဆတ်နေအောင် လေအေးပေးစက်ကြီး လေကောင်းလေသန့်များ လွှတ်တင်ပေးထားသည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



သို့ပါလျက် သည်အခန်းကျမှ ဘာကြောင့် ဤသို့ ဖြစ်နေရပါလိမ့်။

ဂုံနီအိတ်များကို ကာလရှည် ရေဆွတ်ထားသည့် အနံ့လိုလို၊ ငါးလှေး၊ ငါးမွှားများကို ကိုင်ထားသည့် အနံ့လိုလို၊ အရှူးမချေးနံ့လိုလိုနှင့် အခန်းထဲမှာ အောက်သိုးသိုး၊ အိုက်စပ်စပ် အသက်ရှူမဝသည့် အခြေအနေတွင်ရှိနေသည်။

သည်လို အခြေအနေမျိုးရှိနေသော ဆေးရုံခန်းကြီးကို ကမ်းခြေမှ သက်ဆိုင်ရာ စစ်ဆေးရေး အဖွဲ့များ မြင်တွေ့သွားလို့ကတော့ လိုင်စင်လက်မှတ်ပြုတ်၊ အထုတ်ထုတ်ပြီး ပြန်ဖို့သာပြင်ပေရော့။

အခန်းဝရှိ မီးခလုတ်ကို ဖွင့်လိုက်သည်။

ဒုက္ခာ။

မီးချောင်းတစ်ချောင်းတည်းသာလင်း၏။

ကျန်မီးချောင်းများမလင်း။

လူနာနေအတွင်းခန်း လေးခန်းရှေ့ရှိ စင်္ကြံလမ်းမများအတွက် မီးခလုတ်များကို အလင်းရောင် သုံ့သုံ့ကြား၍ တွေ့ရသည်။

တစ်ခုစီဖွင့်သော်လည်း မီးများလင်းလာခြင်းမရှိ။

ဘယ်လိုလဲ။

သည်လောက် ခန်းနားကြီးကျယ်ပါသော သမုဒ္ဒရာများဖြတ်ရောမသင်္ဘောကြီးဖြစ်ပါလျက် သူ၏ ဆေးရုံခန်းကြီးမှာ ပစ္စည်းဟောင်းစတိုခန်း မျှလောက်ပင် အခြေအနေမကောင်းဘဲ ဖြစ်နေရပါလား။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ကဆင်းသွားသော ဒုတိယအရာရှိနှင့် သူ လက်ပြောင်း လက်လွှဲပြုစဉ် နေ့တုန်းက သည်လိုမဟုတ်ပါ။

သန့်ရှင်း၊ သပ်ရပ်၊ ပြောင်ဝင်း ခန်းနားလှပါ၏။

ဒါဖြင့် သူတာဝန်ယူစဉ် ကာလအတွင်းမှာမှ ဤအခြေ အနေသို့ ဆိုက်ရောက်သွားခြင်းပါလေလား။

လူနာခန်းများထဲသို့ အလင်းရောင်သဲ့သဲ့အားကိုးဖြင့် ခေါင်းပြူကြည့်လိုက်သည်။

မျက်နှာသို့ ပင့်ကူမျှင်အများအပြား လာကပ်ကြ၏။

သေရော။

အမြန်ဆုံးနည်းဖြင့် သန့်ရှင်းရေး လုပ်ရမည်။

ရက်ပိုင်းမျှ ကာလတိုလေးအတွင်းမှာပင် ဤဆေးရုံခန်း ကြီး၏ အခြေအနေက ဤမျှလောက် ထူးထူးခြားခြား ဆိုးဝါး ပြောင်းလဲသွားကြောင်း ကို အင်မတန် အံ့ဩနေမိလေ၏။

ဘန်ဂလိုစုတ် တစ်ခုမျှပင် အခြေအနေ မရှိပါကလား။

မနက်ကျလျှင် ကုန်းပတ်အရာရှိချုပ်ထံသို့ အဆောလျှင် ဆုံး သတင်းပို့ရမည်။

မလင်းသောမီးချောင်းများ၏ ပြဿနာကိုတော့ သက်ဆိုင် ရာ လျှပ်စစ်အင်ဂျင်နီယာဌာနက တာဝန်ယူ ဆောင်ရွက်ပေးလိမ့် မည်ဖြစ်သည်။

မျက်နှာကျက်များဆီရှိ လေအေးဝင်ပေါက်များကို တစ်ပေါက်ချင်း စစ်ဆေးကြည့်လိုက်သည်။

မီးအလင်းရောင် မှိန်မှိန်လေးကြားမှာ ကောင်းစွာမမြင်ရ



www.burmeseclassic.com

www.burmeseclassic.com


သော်လည်း ကျင့်သားရနေပြီဖြစ်သော သူ့လက်က ထိတွေ့စမ်းသပ်ကာ ရှေ့နောက် လှုပ်ရှားမှုလေးများကို ကစားကြည့်ရုံမျှဖြင့် သိနိုင်လေသည်။

အားလုံးလိုလိုမှာ ပိတ်ထားကြပါကလား။

ဘယ်သူက ဘာကြောင့်များ ဘယ်တုန်းက ပိတ်ထားပါလိမ့်။

သူက ခပ်ဆတ်ဆတ် ပြန်၍ဆွဲဖွင့်၏။

မရ။

အကုန်လုံး ပွင့်လာခြင်းမရှိ။

အတွင်းအလျှော အဆို့ရှင်များမှာ လျှောလမ်းတစ်လျှောက်တွင် ကပ်နေ၊ ညပ်နေ ကြပါကလား။

သာမည မိုင်နာမဟုတ်တော့။

အဓိက မေဂျာဖြစ်နေပါပေါ့လား။

သည်အတိုင်းဆိုလျှင် စက်ခန်းရှိ အင်ဂျင်နီယာတစ်ဦးနှင့် အလုပ်သမားများ တကူးတကန့်လာရောက် ပြင်ဆင်ပေးပါမှ အဆင်ပြေမည့် အခြေအနေဖြစ်တော့သည်။

သဘော်ကြီးကတော့ တော်တော်တန်တန် လှိုင်းလုံးကြီးများလောက်ကို မမှု၊ မဖြူ၊ ရှေ့သို့သာ ဆက်နေသည်။

ပင်လယ်ရေမည်းမည်းကြီးနှင့် ကောင်းကင်မှောင်မှောင်ကြီးထဲမှာ သဘော်ကြီးကတော့ ထီးထီးကြီးရယ်။

* * *

စိန်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## "ခွဲသူမဲ့ တွဲရှသံ"

"ဂျောက်၊ ဂျလောက်"

မစ္စတာဂေါ်ဒင် ဆတ်ခနဲ လှည့်ကြည့်လိုက်၏။

နံရံကပ်ဆေးဘီရို အံဆွဲများအနက်၊ တစ်ခုဆီမှ ထွက်ပေါ်လာသော အသံဖြစ်လေသည်။

အသက်ရှူရ နံနံ၊ စော်ဇော်၊ ကျပ်ကျပ် ဖြစ်နေရသည့်ကြားထဲ မီးချောင်းအလင်းရောင်က ခပ်မွဲမွဲဖြစ်၍ စိတ်ပျက်စပြုနေသည်။

ချွေးများပါ ပြိုက်ပြိုက်ကျလာလေသည်။

သည်အချိန်မှာ ရုတ်တရက်ကြားလိုက်ရသော အသံဖြစ်၍ ကုန်းပတ် ဒုတိယရေကြောင်းအရာရှိသစ် ဂေါ်ဒင် လန့်သွား၏။

အပေါ်ဘက်ဒေါင့်၊ လက်ဝဲစွန်းရှိ အံဆွဲဆီမှ ထွက်ပေါ်လာသော အသံဟု ယူဆလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com


ဂေါ်ဒင် ခပ်သွက်သွက် ဆောင့်ဆွဲ၊ ဖွင့်လိုက်၏။

တခါးရွက် ပွင့်သွားသည်။

ဘာမှမရှိ။

နတ္ထိ။

ထိုကြောင့် အသံလာရာရှိ အံဆွဲများအားလုံးကို ဖွင့်ကြည့်လိုက်သည်။

ဘာမှ မရှိ။

ဒါဆို အသံဖြစ်ပေါ်စရာ မည်သည့်မာကျောသည့် ဝတ္ထုပစ္စည်းဟူ၍ ဘီရိုများထဲမှာ ဘယ်မှာရှိပါလို့လဲ။

ထဖန် သူ၏ ရင်ခေါင်းဝထဲမှာ စိုးရိမ်စိတ်တို့က ဆောင့်၍တက်လာလေသည်။

ဆေးဘီရိုနှင့် အံဆွဲများမှာ မည်သည့်ဆေးပုလင်း၊ မည်သည့် ဆေးဘူး၊ မည်သည့် ဆေးဝါးအထောက်အကူ ပစ္စည်းပစ္စယ၊ အစ အနလေးသော်မှ မရှိပါလေလား။

ဆင်းသွားသော အရာရှိဖြစ်သူနှင့် သူတို့နှစ်ဦး လက်ပြောင်းလက်လွှဲ ပြုစဉ်ကာလမှာတုန်းက ဘီရိုထဲမှာ ဆေးဝါးပစ္စည်းများ အပြည့်ရှိခဲ့ပါသည်လေ။

ခုတော့၊ ဒါတွေ တစ်ခုမှ မရှိတော့ပါလား။

သည်ကိစ္စနှင့်ပတ်သက်ပြီး ကပ္ပတိန်ကြီးထံ အမြန်ဆုံးသတင်းပို့မှ ဖြစ်မည်။

စိတ်တိုခြင်း၊ စိတ်ရှုပ်ရခြင်းတို့နှင့်အတူ ထင်မှတ်မထားရသော အကြောင်းကိစ္စရပ်များနှင့် မမျှော်လင့်ဘဲ ဆုံစည်းရခြင်း



www.burmeseclassic.com

www.burmeseclassic.com



တို့ကြောင့် သက်ပြင်းကို လေးလေးတွဲ့တွဲ့ မှုတ်ထုတ်လိုက်၏။

ရေကြောင်းရေးရာ ကိစ္စရပ်များနှင့် လုံးခြာပတ်ခြာလိုက်နေခဲ့စဉ် အတောအတွင်း မသက်ဆိုင်သူတစ်ဦးဦးကများ နှောက်ယှက် မွှေနှောက်၍ ဖျောက်ဖျက်ထားလေရော့သလား။

သက်ပြင်းမောကိုပြန်အရှိုက်. . . .

အလို။

ပြင်းထန် စူးရှ လှချည်လား။

ဘာနံ့ကြီးပါလိမ့်။

ခေါင်းမလျှော်သောအနံ့၊ နာတာရှည်လူမမာ အာခံတွင်းနံ့နှင့် ဝက်ကလီစာများ ခုတ်ထစ်ကိုင်ထားသော အနံ့တို့ကို အချိုးကျ ပေါင်းစပ်ထားသည်။

ထိုအော်ဂလီဆန်စရာအနံ့ဆိုးကြီးက သူ့အနီး၌ ဝေ့ကာဝဲကာ ရောက်လာ၏။

တစ်ချိန်တည်းမှာပင် သူ့အနီးသို့ တစ်စုံတစ်ယောက် ရောက်လာသလိုလို ခံစားရသည်။

သူလှည့်ကြည့်၏။

ဘာမှ မရှိ။

ဘယ်သူမှ ရပ်မနေ။

ဘယ်ညာ သေသေချာချာ ထပ်ကြည့်ရပြန်၏။

ဘာမှ မရှိ။

သို့သော်လည်း သူ့အနီးတွင် တစ်ယောက်ယောက် မလှုပ်မယှက် ရပ်တန့်နေသလိုလိုဟု ခံစားသိရှိနေရ၏။



www.burmeseclassic.com

www.burmeseclassic.com



လူကိုချက်ခြင်း တစ်ပတ်လှည့်လိုက်သည်။

မျက်လုံးကို ရှေ့နောက်ဝဲယာ အထက်အောက်မွှေနှောက်ကစားသည်။

အနံ့ကြီးကသာ ပတ်ခြာလည်ရှိနေသည်။

သတ္တဝါဟူ၍ တစ်ကောင်တစ်မြီးမှ မတွေ့။

မိနစ်ပိုင်းလောက်သာ ကြာလိမ့်မည်ဟု ယူဆပြီး ဤဆေးရုံခန်းဆီသို့ ခေတ္တခဏ လာရောက်ခဲ့ခြင်းဖြစ်၏။

ယခုတော့ ထင်မှတ်မထားတာတွေဖြစ်ပြီး အချိန်အတော်လင့် သွားလေပြီ။

ပွဲထိန်းမျှော်စင်ကြီးထက်မှာ သူရှိမနေကြောင်း ကပ္ပိတိန်ကြီး သာသိသွားလျှင် သူ့အလုပ်ပြုတ်လိမ့်တော့မည်။

ဘာတွေဖြစ်နေဖြစ်နေ ဖြစ်ချင်ရာဖြစ်တော့။

အားလုံးကို ခေတ္တ မေ့ထားခဲ့တော့မည်။

ပြန်မှဖြစ်မည်။

သူစိတ်ပိုင်းဖြတ်အပြီး လှည့်အထွက်. . . .

"ချွမ်"

"ချလွမ်"

"ခွမ်"

အတွင်းဘက် လူနာခန်း တစ်ခန်းဆီမှ အသံပါလား။

ဆေးပုလင်း တစ်လုံးလုံး သော်လည်းကောင်း

ဆေးဖန်ခွက် တစ်ခွက်ခွက် သော်လည်းကောင်း

သံပြားကြမ်းခင်းအမာ တစ်ခုခုပေါ်သို့ လွတ်ကျကွဲသည့်



www.burmeseclassic.com

www.burmeseclassic.com


အသံပါလား။

ခုအချိန်ဝယ် လှိုင်းလည်းမလူး၊ တပိုးလည်းမလှုပ်ပါ။

ကြမ်းခင်းမှာလည်း သံပြားကြမ်းခင်းပေါ်ဝယ် ရှုမ္ဘိုင်းကော်ဇောကို ခန်းလုံးပြည့် ခင်းထားပါသည်။

ဒါဖြင့် ဘယ်လိုများ ကျကွဲ၍ ဘယ်လိုလုပ် အသံများထွက်လာတာပါလိမ့်။

ယခုကဲ့သို့ မီးမှောင်မှောင်၊ မသဲမကွဲ အခြေအနေမျိုးနှင့်ကိုးရိုးကားရားတွေ ကြုံလာရလိမ့်မည်ဟု မျှော်လင့် ထင်မှတ်မထား။

ထို့ကြောင့်လက်နှိပ်ဓာတ်မီး ဆောင်ယူမလာခဲ့မိ။

ဆေးရုံခန်းကြီးတစ်ခုလုံး တစ်ချောင်းတည်းသာလင်းသောမီးရောင်သဲ့သဲ့လေး၏ အလင်းမှိန်လေးသာ ဖြာဝေနေ၏။

ပြန်ပါမည်ဆိုပါမှ မသိကျိုးကျွံပြုထားမရသည့် ကိစ္စကပေါ်လာပြန်သေးတော့။

အခြေအနေကိုအမှန်အတိုင်းသိရှိရန် အတွင်းသို့ဝင်ရောက် စစ်ဆေးပါမှ ဖြစ်တော့မည်။

တံခါးရွက် လက်ကိုင်ကိုလှည့်ပြီး အသာတွန်း၍ ဖွင့်လိုက်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

"မြင်နေတယ် မျက်လုံးများ"

တံခါး ဟစိလေးဖြစ်သွားသည်။
အတွင်းခန်းမှာ မည်းမှောင် ပိန်းပိတ်နေ၏။
တံခါးကိုထပ်မံပြီး တွန်းလိုက်သည်။
ရွှေ့ဆက်မရွှေ့ချင်။
တွန်းရသည်က ပုံမှန်လို လျှောလျှောလျှူလျှူ မရှိ။
ကြမ်းခင်းကော်ဇောနှင့်လည်း လိပ်ပြီး ကျပ်နေခြင်းမျိုး
ဘုတ်။



www.burmeseclassic.com

www.burmeseclassic.com



တင်းဝက်ခန့်ထည့်ထားသော ဆန်အိတ်တစ်အိတ် ခုခံနေသဖြင့် တွန်းရသည့် ခံစားချက်မျိုး။

ခပ်စီးစီးနှင့်တွန်းရင်း တံခါးအဆုံးပွင့်သွားသည်။

ဖြန်းခနဲ၊ ဖြန်းခနဲ။

ကြက်သီးများ ထလာ၏။

စောစောက သုံးနံ့စပ် အနံ့ကြီး ဟုန်းခနဲ နံလာ၏။

သူ့အသက်ပင်ကိုပင် မရှူဝံ့တော့။

လှမ်းဝင်လာသော ခြေတစ်လှမ်းကို ခပ်မြန်မြန်လေး ပြန်ဆုတ် လိုက်မိလေသည်။

နှာခေါင်းကို လက်ကိုင် တစ်သျှူးစဖြင့် အုပ်ကာရင်း အခန်းကော်ဇောကြမ်းခင်းပြင်တစ်လွှားသို့ မျက်စိကစားလိုက်သည်။

ဘာမှ မတွေ့။

တစ်ချောင်းတည်းသော မီးရောင်၏ ရောင်ပြန်ဟပ်မှု သဲ့သဲ့လေး၏ အားကိုးဖြင့်သာ ရှာကြည့်ရသဖြင့် မျက်လုံးကို အတော်ပင် အားစိုက်ရသည်။

နံလိုက်၊ မနံလိုက်၊ သဲ့သဲ့ဖြစ်လိုက်၊ ပြင်းထန်လိုက်နှင့်မှုသည်အနံ့ဆိုးရှိရာ ပင်ရင်းကြီးတစ်ခုခုသည် ရွေ့လျားနေလေရော့သလားဟုပင် အောက်မေ့မိလေသည်။

အခန်းတွင်းမှာ မှောင်မှောင်၊ မည်းမည်း၊ နံနံဗော်ဇော်မှု တစ်ပါး မည်သည့်အကွဲ အစတို့ကိုမှ မတွေ့။

လူကိုတစ်ပတ်လှည့်ပြီး ပြန်ထွက်ရန်ဟန်ပြင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်လုံးများက နံရံထက်ရှိ စောစောတုန်းက ပွင့်နေခဲ့သော ဆေးဘီရိုကြီးများကို ဖျတ်ခနဲမြင်လိုက်လေ၏။

အလိုလေး။

သပ်သပ်ရပ်ရပ်နှင့် စီစီရီရီထည့်ထားသော ဆေးဘူးများနှင့် ဆေးပုလင်းများ။

ဘီရိုတိုင်းမှာ ထုံးစံမြင်နေကြအတိုင်း အပြည့်။

အိပ်မှုန်စုံ့မွှားမို့ ထင်ယောင်ထင်မှားတွေပဲ ဖြစ်လေရော့သလား။

သူသည် ဘယ်ညာလက်ဖမိုးများနှင့် သူ၏ ဘယ်ညာမျက်လုံးနှစ်လုံးကို ပွတ်နေ၏။

လျှော့ထိုးမှန်ကိုဖွင့်ကာ ဆေးဘူးတစ်ဘူးကို ယူကြည့်၏။

ဆေးဘူးရှိ သတ်မှတ်သက်တမ်းမှာ နှုပ်ျိုနေလျက်ပင်ရှိသေး၏။

အခြားဆေးဘူးများသည်လည်း ထိုနည်းတူပါပေ။

သူ့ဘဝမှာ သည်လိုတစ်ခါမှ မဖြစ်စဖူး၊ မကြုံစဖူး၊ ထူးဆန်းလှသည်။

ကိုယ့်ကိုယ်ကို အင်မတန်ယုံကြည်တတ်သူဖြစ်သော်လည်း ယခုအခါ ကိုယ့်မျက်စိကိုယ်ပင် မယုံချင်တော့။

ဆေးဘီရိုထဲမှာ ဆေးပစ္စည်းများ ပုံမှန်အတိုင်း ရှိနေရာနှင့်သူ ရှိနေကြောင်းမြင်တွေ့ရသဖြင့် ဝမ်းသာသလိုလို ဖြစ်သွား၍မှ မဆုံးခင် စောစောက သုံးမျိုးစပ်အနံ့ကြီးကို ရလိုက်ပြန်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



အောက်သိုးသိုး၊ စိမ်းရွှေရွှေ မသတီစရာ ထိုအနံ့ကို ရှူရှာစက်ဆုပ်လှသဖြင့် လက်ဖြင့် ဘယ်ညာ ခါရမ်းနေရသည်။

တစ်ချိန်တည်းမှာပင် သူ့ကို တစ်စုံတစ်ယောက်က စူးစူးစိုက်စိုက် ကြည့်နေသလိုလို အာရုံရ၊ ခံစားနေမိသည်။

ထို့ကြောင့်လင်းထိန်နေသော စကြီကော်ရစ်ဒါဘက်သို့ လှမ်းကြည့်ရသေး၏။

အခန်းတွင်းထဲမှ လေမှာ ပူပူ၊ စိုစို၊ စွတ်စွတ်၊ နံနံစော်စော် ဖြစ်နေ၏။

ထိုစဉ်ငြိမ်နေသောလေထုကြားမှာ လေဟာတ်သလိုလို လေတိုးပွတ် သွားသယောင်ယောင် ခံစားရပြန်သည်။

ဆေးရုံခန်းကြီးအဝင်ဝ၊ ပင်မတံခါးကြီးကို ဖွင့်လျက်အနေအထားအတိုင်း ချိတ်နှင့်ချိတ်ထားခဲ့၍သာ အသက်ရှူကျပ်ပြီး ဒုက္ခရောက်မသွားဘဲ ရှိနေရသည်။

စောစောတုန်းက ပွင့်လျက်ရှိသော ထိုတံခါးမကြီးအဝ အပြင်ဘက်ရှိ စကြီများဆီမှ သူ့ကို သဘော်သားတစ်ဦးဦးကများ ချောင်းကြည့် နေလေရော့သလားဟု ထင်မိခဲ့သည်။

ထို့ကြောင့်သေချာမှုရှိစေရန် မှောင်မှောင်မည်းမည်း အတွင်းစင်္ကြံလမ်းများမှ တစ်ဆင့် တံခါးဝကြီးဆီသို့ မျက်ကန်းလမ်းလျှောက်လုပ်ကာ ထွက်လာခဲ့သည်။

တံခါးဝမှ ခေါင်းပြူပြီး စင်္ကြံလမ်းကြောင်းကြီးထဲသို့ ဘယ်ညာလှည့်ပြီး ကြည့်ရပြန်သည်။

ဘယ်သူမှ မရှိ။



www.burmeseclassic.com

www.burmeseclassic.com



ပိုမို၍ သေချာစေရန် မီးရောင်များဖြင့်လင်းထိန်နေသော စကြံကော်ရစ်ဒါ တစ်လျှောက်ရှိဒေါင့်ချိုး၊ ဒေါင့်ကွေ့များအထိ စစ်ဆေးကြည့်၏။

ဘယ်သူမှ မရှိပါ။

အားလုံးအိပ်မောကျနေကြလောက်ပါပြီ။

မစ္စတာဂေါဒင် တဖြည်းဖြည်းစိတ်တိုလာသည်။

သူ့ဘာသာ သူလည်းမသိ။

စိတ်အချဉ် ပေါက်လာသည်ဟုလည်း ဆိုနိုင်မည်ဖြစ်သည်။

သူသည် ဝါရင့်သဘော်အရာရှိတစ်ဦး ဖြစ်ပါလျက် ယခုလို အူကြောင်ကြောင်၊ ဇဝေဇဝါ ဖြစ်ရပ်မျိုးကို ကြုံတွေ့နေရပါကလား။

သည်လို ဖြစ်ရပ်၊ ပျက်ရပ်မျိုးကို လက်သင့်ခံနိုင်ခြင်းမရှိပါ။

တစ်ခုခု တစ်နေနေရာမှာ မှားယွင်းနေလို့ပဲ ဖြစ်မည်။

သူတစ်စုံတစ်ခု ကို ဖျတ်ခနဲ စဉ်းစားမိသွားသည်။

ဒါများလား။

အို၊ မဖြစ်နိုင်။

ဒါကို လက်မခံနိုင်။

သူသည် အာဂအနောက်တိုင်းသား အဖြူလူမျိုး။

သူ့မျက်စိနှင့်မမြင်ရလျှင် သူမယုံတတ်။

တိကျသော သက်သေသာဓက မဖော်ပြနိုင်လျှင် ယုံကြည်မှုဆိုသည် ဝေလာဝေး။

သို့သော် သူ၏ထာဝရဘုရား ခိုးတော်ရှင်ကို တော့ ယုံကြည်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါက ချွင်းချက်။

အရာရာသည် သူ၏ အလိုတော်အတိုင်းသာ ဖြစ်ရသည် ဟု ခိုင်ခိုင်မြဲမြဲ ယုံကြည်ထားသည်။

မစ္စတာဲဂေါ်ဒင်သည် စိတ်ကသာ တိုနေသော်လည်း မသိမသာသော ကြောက်ရွံ့စိတ်က ဘာရယ်မဟုတ် ဖြစ်နေချေ၏။

သူ့အတွက်အရေးကြီးသော တာဝန်ယူချိန်ကြီး မကုန်ဆုံးသေးပါ။

ပွဲမျှော်စင် ထိန်းချုပ်ခန်းမကြီးဆီသို့ အမြန်ဆုံး ပြန်ခြင်းသည်သာ အကောင်းဆုံးလုပ်ဆောင်ချက် ဖြစ်ပါလိမ့်မည်။

သို့သော် ဂေါ်ဒင်တစ်ယောက် အတ္တမာနများကြောင့်သည်ဖြစ်ရပ်၊ သည်ကြုံရချက်များ၏ အဖြေကိုမူ သိလိုလှပါသည်လေ။

ထို့ကြောင့် နံစော်၊ ပူအိုက်၊ စွတ်စိုနေသော ဆေးရုံခန်းအတွင်းသို့ မိုက်မဲစွာနှင့် ခြေဦးပြန်၍လှည့်မိလေတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

"ဒိဋ္ဌိနှစ်မျိုး"

သူယုံကြည်ထားသည့် သူ၏ဘာသာတရားက မိန့်ဆိုထားသည်မှာ မမြင်ရသော တံခိုးရှင်နှင့် မြင်နေရသော သက်ရှိအားလုံးတို့မှ တစ်ပါး လောကမှာ အခြားမရှိဟူ၏။

သူသည် ဒါကို ကျေကျေနပ်နပ်ကြီး ယုံကြည်၊သက်ဝင်၊ ခံယူ ကိုးကွယ်ထားသူ ဖြစ်သည်။

အရာရာတိုင်းသည် တံခိုးတော်ရှင်၏ အလိုတော်အတိုင်းသာ ဖြစ်ရသည်။

ကိုယ်တိုင် ဆုံးဖြတ်စရာမလို။

အလုံးစုံသိသော တံခိုးရှင်ကသာ စီမံဆုံးဖြတ်သည်။

ကောင်းတာကိုပဲလုပ်လုပ်၊ မကောင်းတာကိုပဲလုပ်လုပ်



www.burmeseclassic.com

www.burmeseclassic.com



တံခိုးတော်ရှင်က သင့်တော်သလို ကောင်းချီးပေးခြင်း၊ အပြစ်ပေးခြင်း တို့ကို ပြုလိမ့်မည်။

သူတို့သည် သေလျှင် ပြီးပြီ၊ ပြတ်ပြီ။

နောက်ဘဝ ဆိုသည်မရှိ။

သေသည်၏ အခြားမဲ့၌ နောက်ဘဝကူးသည် ဆိုသည်မရှိ။

နောက်ဘဝပြောင်းသည် ဆိုသည်မရှိ။

တမလွန် မရှိ။

မမြင်ရသော တမလွန်ဘုံသား ဆိုသည်မရှိ။

ခုကြုံတွေ့နေရသော ကိစ္စရပ်မှာလည်း စိတ်ကြောင့် စကြဝ အမြင်များ ဝေဝါးထွေပြားခြင်း တစ်ရပ်သာပဲ ဖြစ်လိမ့်မည်ဟု ယုံကြည်သည်။

သူသည် ရှူးဖိနပ်ခွာသံပြင်းပြင်းပေးလျက် အခန်းတွင်းသို့ ခြေတစ်လှမ်းစ ဝင်လာသည်။

ဝဲယာကို ကြည့်သည်။

လေကို မျှင်းပြီး ရှူကြည့်နေသည်။

စောစောကထက်ပင် ပိုမို ပြင်းထန်လှပါကလား။

သည်အနံ့အသက်ဆိုးကို ကာကွယ်ရန်အတွက် စဉ်းစား ရ၏။

ဆေးဘီရိုတစ်ခုကိုဖွင့်လိုက်သည်။

ကံကောင်းစွာဖြင့် ခွဲစိတ်ခန်းသုံး နှာခေါင်းစည်းများ ထည့်ထားသော ဘူးများကို တွေ့လိုက်ရသည်။

တစ်ခုကို ခပ်မြန်မြန်လေးယူပြီး စည်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အိုး၊ မိုင်ဂေါ့။

ဆိုးရွားလှသော အနာပေါင်း ပြည်ပုပ်နံ့ကြီးရယ်ပါလား။

ကြည့်စမ်း။

အသစ်တွေမှ မဟုတ်ဖဲ့ပဲ။

မတတ်ဆင်မီ စောစောတုန်းက ကြည့်စဉ်က အသစ်စက်စက် များရယ်ပါ။

သူ့မျက်လုံးများ သည်လောက်တောင်ပဲ လွဲချော်နေလေပြီလား။

မှားပြီးရင်း အမှားချင်း ဆက်နေ၏။

ဒါဖြင့် ဘယ်သူကများ နှာခေါင်းစည်းအဟောင်းများကို မူလဘူးထဲမှာ ပြန်ပြီးထည့်ထားပါလိမ့်။

နှာခေါင်းစည်းကို စိတ်ဆိုးဆိုးနှင့် လွှင့်ပစ်လိုက်သည်။

တစ်ယောက်ယောက်က သူ့ကိုသေသေချာချာ ကြည့်နေပြန်ပါပြီကော။

သူ့စိတ်ထဲမှာ အလိုလို ခံစားနေရသည်။

သူ့စိတ် ဒါမျိုးဖြစ်တာကို မကြိုက်။

လက်မခံချင်။

အကြောက်စိတ် မရှိစေရ။

သူ၏ ဒေါသစိတ်တို့က အကြောက်စိတ်ကို ဖုံးလွှမ်းသွားလေ၏။

အနောက်တိုင်း သူတို့ဆီက ခြောက်ခြောက်ခြားခြား ရုပ်ရှင်ဇာတ်ကားကြီးများထဲတွင် ကြမ်းတမ်းစွာ ခြောက်လှန့်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြသော ပုံရိပ်ဆိုးဆိုး ကျက်သရေမဲ့ အကောင်ကြီးများစွာကို ကြည့်ဖူးပါသည်။

ကွန်ပျူတာ ဂရပ်ဖစ်နည်းပညာရပ်များကို သုံးထားသဖြင့် အလွန်အဆင့်မြင့်လှသော အနုပညာ အထူးပြုလုပ်ချက်များ ဖြစ်ပါသည်။

ဖျော်ဖြေရေး အလို့ငှာ အလွန်ကြည့်ကောင်းလှပါသည်။

သို့သော်လည်းပြင်ပကမ္ဘာတွင် ရှိနေသည်ဟုတော့ မယုံကြည်။

ဟင်းလင်းပွင့်လျက်ရှိသော ဘီရိုတံခါးရွက်များကို ပြန်ပိတ်သည်။

အတွင်းရှိ မှောင်မှောင်မည်းမည်း လူနာခန်းတံခါးရွက်ကိုလည်း ပြန်၍ ပိတ်ရမည်။

သေသေချာချာ စစ်ဆေးပြီးလျှင် သည်နံစော် ပူလောင်နေသော အမှောင်ခန်းမှ မြန်မြန်ထွက်ကာ မူလတာဝန်ရှိရာ ပွဲထိန်းမျှော်စင် ထိန်းချုပ်ခန်းမကြီးဆီသို့ ဟန်မပျက် ပြန်တက်ဖို့ရန်သာ သူ့အတွက် အရေးကြီးဆုံး ဖြစ်နေသည်။

သူ့စိတ်ကူးကို မြန်မြန်အကောင်အထည် ဖော်ရမည်။

သူ့ဘောင်းဘီအိတ်ထဲမှ ဟဲင်းဖုန်းကို ထုတ်ယူပြီး ခလုတ်တစ်ခုကို နှိပ်လိုက်သည်။

ကျယ်ပြန့်သော ဖုန်း၏ ဒိုင်ခွက်မျက်နှာပြင် ဒစ္စပလေး၏ အလင်းတန်းများ အကူအညီဖြင့် အတွင်းဘက် လူနာခန်းရှိရာသို့ ခပ်ဖြည်းဖြည်းဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခက်၊ တစ်ချက် သဲ့သဲ့ရလိုက်၊ စူးရှလိုက် ဖြစ်နေသော အနံ့ဆိုးကြောင့်လည်း ခေါင်းတစ်ခုလုံး မူးဝေ ကိုက်ခဲလာ၏။

အယုံအကြည်မရှိပါဘူးဟု ဆိုသည့်တိုင် စိတ်ထဲမှာ ခြောက်ခြားအားငယ်မှု အနည်းငယ်တော့ ဝင်လာနေသည်။

မီးခိုးလိုလို အရိပ်အငွေ့ကြီးတွေပဲ ဝေ့ဝေ့ဝဲဝဲ အမှောင်ထဲမှာ ဖြုန်းစားကြီး ဖြတ်သန်းသွားလေမလား၊

အရုပ်ဆိုးဆိုးနှင့် ကျက်သရေကင်းမဲ့သော စက်ဆုပ်စရာ သတ္တဝါကြီးတွေကိုပဲ ဒေါင့်ထဲမှာ ဘွားခနဲ တွေ့လိုက်ရလေမလား၊

လူနှင့် တူသော တစ်စုံတစ်ယောက်ကပဲ အမှောင်ထဲမှနေ၍ ထိုင်ကြည့်နေလေမလား စသဖြင့် အတွေးများဝိုင်းရင်း သတိ ကြီးစွာဖြင့် ရှေ့တိုးလာ၏။

အရေးထဲ သူ့မိတ်ဆွေ အရှေ့တိုင်းသားတစ်ဦးကို သွားပြီး သတိရ၏။

ထိုသူသည် အလွန်အသားမည်းပြီး ဆံပင်ကောက်၏။

နှာခေါင်း ချွန်သည်။

နှုတ်ခမ်းမွေး ထူသည်။

မဆလာ ကြိုက်သည်။

တစ်ချိန်တုန်းက မစ္စတာဂေါ်ဒင်နှင့်သူသည် သင်္ဘောပေါ်တွင် အားလပ်ချိန်ရတိုင်း ဘာသာရေးအကြောင်း ဆွေးနွေး ဖလှယ် ဖြစ်ကြသည်။

ထိုအရှေ့တိုင်းသားကြီးထံမှ သူတို့၏ ကိုးကွယ်ရာ ဘာသာတရား အယူအဆ အချို့ကို သိနားလည်ခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ ဘာသာရေး အယူအဆက သတ္တဝါတို့တွင် အသက် ဝိဉာဉ်ကောင်၊ လိပ်ပြာကောင် ရှိသည်ဟူ၏။

သူမှီတွယ်ရာ သတ္တဝါတို့၏ ခန္ဓာအိမ် တည်မြဲနေသရွေ့ ထိုလိပ်ပြာ ဝိဉာဉ် အတ္တကောင် ရှိနေသည်။

သတ္တဝါတို့၏ ခန္ဓာအိမ်သည်သာ ဟောင်းချင်ဟောင်း၊ အိုချင်အိုသွားမည်၊ ထိုဝိဉာဉ်ကောင်လေးကတော့ ဘယ်သော အခါမှ မအို၊ မဟောင်း၊ မပြောင်းမလဲ အစဉ်တည်တံ့၏ ဟူသည်။

အနိစ္စဟူသည် မရှိ။

သူခိုအောင်းမှီတွယ်နေသော ခန္ဓာကိုယ်သည် ကာလ ရှည်ကြာ ဇရာကြောင့် အိုမင်းခြင်း၊ သက်တမ်းကုန်ဆုံးခြင်း၊ ပျက်စီးခြင်း ကြုံလာရသောအခါ သူသည် နောက်ခန္ဓာအိမ်သစ် ထဲသို့ ပြေးဝင်ခိုအောင်းသည်ဟု ဆို၏။

ထိုဝိဉာဉ်ကောင်သည် ဘယ်သောအခါမှ ပျက်ယွင်း ခြင်းမရှိ။

ထိုအသက်ကောင်သည် ဘယ်သောအခါမှ ပျောက်ပျက် ခြင်းမရှိ။

ထိုလိပ်ပြာကောင်သည် ဘယ်သောအခါမှ သေဆုံးခြင်း မရှိ ဆို၏။

ခန္ဓာအိမ်ဟောင်းမှ ခန္ဓာအိမ်သစ်ဆီသို့သာ ကူးပြောင်း ကြစမြဲ ဟူ၏။

ထိုသို့ကူးပြောင်းစဉ်အခိုက်မှာ လူတို့ ဝိုးဝိုးဝါးဝါးမြင်ပြီး တုန်လှုပ်၊ ခြောက်ခြား၊ ကြောက်လန့်ကြသည် ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာအိမ်သစ် မရသေးခင်စပ်ကြား အသက်ကောင်၊ ဝိညာဉ်ကောင် လိပ်ပြာကောင်သည် အရိပ်၊ အငွေ့သဏ္ဍာန် အမျိုးမျိုးဖြင့် တည်ရှိနေသည် ဆို၏။

ဒါ သူတို့၏ ဘာသာရေးအယူအဆ။

ဒါကိုပင် လူတို့က ကြောက်လန့်ကြခြင်းဖြစ်သည် ဟူ၏။

သူ့ယုံကြည်ရာနှင့်သူ၊ ကိုယ့်ယုံကြည်ရာနှင့်ကိုယ် ဖြစ်သည်။

ခုခံ ငြင်းဆန်နေကြရမည့် ကိစ္စမဟုတ်။

ဂေါ်ဒင်သည် မကြောက်ပါဟုသာဆိုသော်လည်း စောစောက ကြုံတွေ့ရချက်များမှာ သက်သေပြ၍သာ မရသည် တကယ်နဖူးတွေ့၊ ဒူးတွေ့ ကြုံတွေ့လာရသောအခါ လူပီပီ တုန်လှုပ်မှု ရှိလာလေတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## "ဆေးရုံခန်းမှ ဖုန်းခေါ်သံ"

မစ္စတာဂေါ်ဒင်သည် မကြောက်ပါဟုသာဆိုသော်လည်း ကြောက်ကြောက်နှင့် တောင်တွေး၊ တောတွေး တွေးမိရင်း အကြောက်ဖြေနေရသည့် သဘောဖြစ်နေ၏။

ထိုအရှေ့တိုင်းသား အသ်ားမည်းတူပြောသည့် အချက်အလက်များကို သူယုံကြည်၍မရပါ။

ထို့အတူ သူယုံကြည်ရာ ဘာသာက ညွှန်ကြားမိန့်ဆိုချက်များနှင့်လည်း ယခုကိစ္စကြီးက ကိုက်ညီမှုရှိကြောင်း မတွေ့ရှိရသေး။

တစ်သက်လုံး သူယုံကြည်ကိုးစားလာသော သူ့ဘာသာတရားကြီးကိုလည်း ယခုလိုအခါကျမှ သံသယ ဝင်လာသလိုလိုဖြစ်လာရပြန်၏။

အောက်သိုးသိုးရနံ့ဆိုးထွက်နေသည့် လူနာခန်းအတွင်းသို့ ခြေတစ်လှမ်း ချမည် အပြင်ဆင်လိုက် သူ၏နားနှင့် ပါးတစ်ဘက်အနီးသို့ လေဟပ်ခံလိုက်ရသလို ဖြစ်သွား၏။

သူတစ်ဖက်သို့ ရုတ်တရက် တိမ်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com


အနီးတွင် ဘယ်သူမှမရှိ။

ဘယ်ညာ ဝေ့ဝိုက် ရှာကြည့်လိုက်သေးသည်။

ဘယ်သူမှ ရှိမနေပါ။

နဂိုကမှ အော်ဂလီဆန်စွာ နံဟောင်နေရသည့်အထဲ ထောင်းခနဲ ထလာသော အနံ့ဆိုးတစ်ခုက သူ၏နှာဝသို့ ဘွားခနဲ ရောက်လာပြန်လေ၏။

စောစောက လေအဟပ်မှာ တစ်ပါတည်းရောခိုလိုက်ပါ လာသော အနံ့။

သူငယ်စဉ်ကာလ သူငယ်နှပ်စားဘဝတုန်းက အဖြစ် အပျက်တစ်ခုကို စိတ်က ရုတ်တရက် ရောက်ရှိသွား၏။

သူ၏ အဖိုးဖြစ်သူ သေငယ်ဇောနှင့် အမောဖောက်နေစဉ် ဖြစ်သည်။

အဖိုးက မြေးဖြစ်သူ သူ့အား စကားတိုးတိုးလေးပြောကာ မှာကြားနေသည်။

သူသည် အဖိုးအနားသို့ကပ်ကာ ကျိတ်ငိုရင်း အဖိုးစကား များကို မကြားတစ်ချက် ကြားတစ်ချက် နားထောင်ခဲ့ရဖူးသည်။

ထိုအခါ သူ့အဖိုး၏ အာခံတွင်းဆီမှ အနံ့များကိုပါ တစ် လုံးတစ်ဝကြီး မိုတ်ကျိတ် ရှူရှိုက်ခဲ့ရဖူးသည်။

ယခုလည်း ထိုအနံ့မျိုးထက် အများကြီးပြင်းထန်ဆိုးဝါး သော အခြေအနေကြီးတစ်ရပ်က သူ၏နှာဝ အနီးမှာကပ်ပြီး ရစ်ဝဲနေပါကလား။

မနေနိုင်အောင် ပျို့တက်လာသဖြင့် ခပ်လှမ်းလှမ်း


www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ခြမ်းရှိ သန့်စင်ခန်းတံခါးကို အမြန်ဖွင့်လိုက်သည်။

ထိုအခန်းမှာလည်း မှောင်မည်းနေပြန်၏။

မီးခလုတ်ကို ဖွင့်ပြန်တော့ ထုံးစံအတိုင်း မီးမလင်း။

ဆင်းသွားပြီဖြစ်သော ဒုတိယအရာရှိနှင့် သူ တာဝန်များလက်လွှဲကြစဉ်အခါတုန်းက သည်အခန်းများအားလုံး မီးများလင်းထိန်၊ ဝင်းပသားနား နေကြောင်း သတိရမိလိုက်သည်။

သည်အတိုင်းဆိုလျှင် နံနက်ရောက်သည်နှင့် သင်္ဘောကုန်းပတ် အရာရှိချုပ်ထံသို့ သတင်းပို့စရာများ ရှိနေပြီဖြစ်သည်။

ဆေးရုံခန်းကြီးကို အထူးသန့်ရှင်းရေး ဆောင်ရွက်ရန်၊ လေဝင်လေထွက် စံနစ်များကို ပြုပြင်ရန်၊ လျှပ်စစ်မီးပေးစံနစ်များကိုစစ်ဆေး၊ ပြုပြင်၊ လဲလှယ်ရန်တို့ဖြစ်သည်။

မှိန်ပျပျလင်းရောင်ပြန်တို့ကြားမှာပင် သန့်စင်ခန်းထဲအသာ ဝင်လိုက်သည်။

လက်ဆေးကြွေကန်ထဲသို့ တံတွေးထွေးချရန် ခါးကိုင်းခေါင်းငုံ့လိုက်သည်။

ဘယ်ညာလက်နှစ်ဖက်တို့ကို ကြွေလက်ဆေးကန်ဘောင်ပေါ်သို့ စုံချပြီး ထောက်လိုက်သည်။

"အိုး၊ ဝပ်သဟဲ အစ် ဂိုးရင်းအွန်"

ကြွေကန်ဘောင်နှစ်ဖက်မှာ တစ်စုံတစ်ယောက်၏ ပခုံးနှစ်ဖက်ပေါ်သို့ ထောက်မိသည့်နှယ် ညွတ်ပျောင်း၊ ကွေးခုံးသွားလေ၏။

ရုတ်တရက်ဖြစ်၍ သူအလွန် အံ့အားသင့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



လန့်လန့်ဖြန့်ဖြန့်နှင့် သူ့လက်နှစ်ဖက်ကို ကမန်းကတန်း ပြန်ရုတ်သိမ်းလိုက်၏။

ပြီးနောက် ထိုညွှတ်ပျောင်းကျသွားလေသော ပခုန်း အောက်နားရှိ လက်ဆေးကန်ဘောင်ကို မျက်လုံးနှစ်လုံး အစွမ်းကုန် ဖြင့် ကြည့်လိုက်သည်။

ဘာမှ ပုံယွင်းခြင်း၊ ပုံပျက်ခြင်း၊ ကွေးခုံးခြင်း၊ ပဲ့ကျခြင်း မရှိ။

နဂိုအတိုင်း၊ ဘာမှ မပြောင်းလဲ။

ထို့ကြောင့်သေချာမှုရှိစေရန် အသာပြန်ပြီး စမ်းသပ်ကြည့် သည်။

ညာဘက်လက်ကို ကြွေကန်ဘောင်ပေါ်သို့ မရဲတရဲနှင့် အသာလေး တင်ကြည့်လိုက်သည်။

ကြည့်စမ်း။

ကြွေသားပကတိ မာကျောစွာနှင့် ရှိနေလေပါလား။

ဂေါ်ဒင် သူ့ကိုယ်သူပဲ အံ့ဩရမည်လော။

သူ့မျက်လုံးတွေကိုပဲ မယုံမသင်္ကာ ဖြစ်ရမည်လော။

သူ့လက်နှစ်ဖက်ကိုပဲ သံသယ ဖြစ်ရမည်လော။

သည်အဖြစ်အပျက်တွေကိုပဲ အတည်မှတ်ယူရမည်လော။

ဒါပေသိ၊ သူ့ကိုယ်သူ သူသိနေသည်ကတော့ ရှိ၏။

သူ ကယောင်ချောက်ခြား ဖြစ်နေခြင်းမဟုတ်။

သူ့စိတ်ဝယ် ဝိုးတဝါး ထင်မှတ်မှားနေသည်လည်း မဟုတ်။

လောလောဆယ်မှာ ကြုံခဲ့ဆုံခဲ့ရသမျှ အဖြစ်အပျက်တို့



www.burmeseclassic.com

www.burmeseclassic.com



ကိုကား ဘာကိုမှ သက်သေ သာဓက တိတိပပ မပြနိုင်ပါ။

လက်တွေ့သက်သေမပြနိုင်သော မည်သည့်အရာ မည်သည့်ကိစ္စ၊ မည်သည့်ပြဿနာကိုမျှ စိတ်မှန်းဖြင့်မယုံကြည်၊

ရူပဗေဒနည်းကျကျ သက်သေပြနိုင်မှ လက်ခံချင်သော ရုပ်ဝါဒသမား သက်သက်ဖြစ်သည်။

ထို့ကြောင့်သူယုံကြည်ရာ တရားသဘောအရ မမြင်ရ သော တမလွန်လောကဟူသည် မရှိ။

တစ္ဆေ၊ သရဲဆိုသည်မှာ မရှိ ဖြစ်၏။

သူ့စိတ်ကသာ ဤသို့၊ ဤနှယ်၊ ထိုသို့၊ ထိုနှယ် ပြဋ္ဌာန်း နေလင့်ကစား သူ၏ ဒူးနှစ်ဖက်က သဘာဝကျကျ ပြဋ္ဌာန်းနေကြ သည်ကတော့ တဆတ်ဆတ်တုန် နေခြင်းပေတည်း။

ဒါတင်မကသေး ခါးအစပ်မှ ဆီးအောင့်လာပြီး ဆီးသွားချင် သလိုလို၊ ဝမ်းသွားချင်သလိုလိုနှင့် ခံစားချက်နှစ်မျိုးက ထိန်းမနိုင် သိမ်းမရ၊ တားမနိုင် ဆီးမရ၊ တစစ်စစ် တဖြစ်ဖြစ်နှင့် သဘာဝကျကျ ထပ်ဆင့်ပြဋ္ဌာန်းဖြစ်ပေါ်နေရလေသည်။

တစ်ချိန်တည်းမှာပင် သူ၏ လှုပ်ရှားနေမှုအားလုံးက တစ်ယောက်ယောက်က အစဉ်မပြတ်၊ မျက်ခြေမပြတ် စူးစိုက်ကြည့် နေလျက်ရှိ နေသလိုလို စိတ်ထဲမှာ ခံစားနေရပြန်သည်။

သူ ဤအခန်းထဲမှ အမြန်ဆုံးပြန်ထွက်ချင်ပြီ။

ဘာကိုမှလည်း ထပ်မံစုံစမ်းလိုစိတ်၊ စပ်စုလိုစိတ် မရှိ တော့ပြီ။

ရင်ထဲမှာလည်း တလှပ်လှပ်နှင့် ဖိုသလို ဒေါသလို ဖြစ်နေပြီ



www.burmeseclassic.com

www.burmeseclassic.com



အထူးခြားဆုံးကတော့နဖူးထက်မှ ကျဆင်းလာသော ချွေးသီး ချွေးပေါက်ကြီးများပင် ဖြစ်လေသည်။

သန့်စင်ခန်းအဝမှအထွက် ပင်မဆေးရုံခန်းကြီးဆီသို့ ကူးရန်ဟန်အပြင်လိုက်

"ကလင် ကလင် ကလင် ကလင်"

ကျယ်လောင်လှပါတကား။

နံရံထက်၌ တတ်ဆင်ထားသော သဘော်အတွင်းသုံး၊ တယ်လီဖုန်းဆီမှ စူးစူးဝါးဝါးထမြည်သံကို အလန့်တကြား ကြားလိုက်ရ၏။

သူနားထင်အနီးမှ ရုတ်တရက် ကပ်ပြီး မြည်လိုက်သံပါပေ။

သူ၏ မောင်းတင်ထားသော သတ္တိများက အိပ်ရာခင်းပေါ်မှ ဖုန်မှုန့်များကို ခါချသလို ကြက်ပျောက်ငှက်ပျောက် လွင့်စင်ပျောက်ကွယ်သွားရုံမျှမက ယိမ်းနေသော ဒူးနှစ်ချောင်းလုံးခမျာ လုံးဝထိန်းမရအောင်ပင် ဆတ်ခနဲ ပြုတ်ကျ သွားလေသည်။

ရုတ်တရက် လန့်ပြီး သူ့၏လွှန်တုံ့ပြန်ချက်များပါပေ။

ထိုအခါ သူ၏ဦးခေါင်းနောက်စေ့နှင့် သန့်စင်ခန်းထဲမှ ကြွေရေချိုးဘေဇင်ကြီး၏ ဇောင်းတို့ ပြင်းထန်စွာဆောင့်မိလေ၏။

ယခုအခါ မစ္စတာဂေါ်ဒင်တစ်ယောက်ခမျာ မဟာ ဩကာသ လောကကြီးနှင့် အဆက်အသွယ် ခေတ္တ ပြတ်တောက် သွားလေတော့သတည်း။

* * *



www.burmeseclassic.com

www.burmeseclassic.com

## "အရာရှိနှင့် တက်မကိုင်"

ဖိလစ်ပိုင်လူမျိုး တက်မကိုင် ရာထူးအဆင့် မာလီတိုသည် နေ့လည်ခင်းတုန်းက ကောင်းကောင်း မအိပ်ခဲ့ရ။

သူ၏ အနားယူ အိပ်စက်ချိန်မှာ နံနက်ခင်းပိုင်းတွင် ဖြစ်၏။

အခြားသူများ၏ လုပ်ငန်းခွင်အချိန်မှာမှ သူမှာ အိပ်စက် နားနေခွင့် ရရှာ၏။

ယနေ့ မနက်တုန်းကတော့ နေ့တာဝန်ကျ ရိုးရိုးသင်္ဘော သားအဆင့်ရှိသူ လူမျိုးနွယ်တူများက သင်္ဘောကုန်းပတ်ကို ထုရိုက် ပြင်ဆင်၊ သံချေးခေါက် နေခဲ့ကြ၏။

တဖြန်းဖြန်း၊ တဝုန်းဝုန်း၊ တဒိုင်းဒိုင်း သံများက မာလီတို ၏ အခန်းအနီးမှာ ကပ်လျက်ပေါ်ပေါက်နေမှတော့ အညွှန်းနားဆို့ နားကျပ်များအကူအညီ အကာအကွယ်ဖြင့် အိပ်စက်သည့် တိုင်အောင် ကျယ်လောင်လှသဖြင့် လန့်လန့်နိုးနေခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ယခု ညဥ့်နက်ပိုင်း တာဝန်ချိန် ဂျူတီယူသောအခါတွင်တော့ တဝေဝေ၊ တသန်းသန်းနှင့် အိပ်ငိုက်ချင်နေလေသည်။

ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်နေလျက်ကြားမှပဲ ဟိုးရှေ့အဝေး တူရူရှိ အဆုံးအစမဲ့ ပင်လယ်ပြင်ကျယ် မည်းမည်းမှောင်မှောင် ကောင်းကင်ရောင်မပီရိုးမှား ကြယ်ပြောင်ဝိုးတိုးဝါးတားများအကြား မျက်လုံး နှစ်လုံးကို ဖြဲသဲ့ရှုစား၊ တာဝန်တွေ ယူထားနေရလေ၏။

သူနှင့်အတူ တွဲဖက်တာဝန်ယူနေသူ ဂျူတီအရာရှိမှာ ကုန်းပတ်ဆိုင်ရာ ရေကြောင်းဒုတိယအရာရှိ ဖြစ်သည်။

မစ္စတာဂေါ်ဒင်။

ထိုသူသည် အောက်ဘက်သို့မိနစ်ပိုင်းမျှ ခေတ္တခဏ ဆင်းဦးမည်ဟု အသိပေးကာ သူ့ကိုတစ်ယောက်ထဲ ထားခဲ့လေ၏။

သူ၏ မိနစ်ပိုင်းဆိုသည်က မည်မျှကို ဆိုလိုသည်မသိ။

ယခုပင်လျှင် နာရီဝက်ကျော်နေချေပြီ။

တကယ်ဆိုလျှင် ကြီးလေးသော ဤတာဝန်ချိန်ကြီးမှာ ဤသို့သော ပင်မထိန်းချုပ် ပဲ့မျှော်စင်ကြီးပေါ်မှနေ၍ တစ်စက္ကန့်မျှပင် ခွာထွက်သွားပိုင်ခွင့်မရှိ။

ဘာမှမဖြစ်လောက်ပါဟူသော ပေါ့ပေါ့ဆဆ စိတ်ထားမျိုးဖြင့် အထူးနားလည်မှု ဖလှယ်ကာ ကျင့်သုံးခဲ့ကြခြင်းသာ ဖြစ်၏။

ယခုဆိုလျှင် နာရီဝက်မက ကျော်နေခဲ့ပြီ။

အောက်ဘက်မှာ ထိုအရာရှိ ဘာတွေဖြစ်လို့၊ ဘာတွေဖြစ်နေမှန်း သူမသိ။

အရာရှိဖြစ်သူမှာ တာဝန်အပ နေရာတစ်နေရာသို့ အချိန်



www.burmeseclassic.com

www.burmeseclassic.com



ကြာမြင့်စွာ ရောက်နေသည်မှာ သူ့အတွက်ပါ အန္တရာယ်မကင်း။

အကယ်၍များ ညအခါ ဤထိန်းချုပ်ရေး ပွဲမျှော်စင်ကြီးပေါ်သို့ သဘော်ာကပ္ပတိန်ကြီး ရုတ်တရက် တက်ရောက်စစ်ဆေးလာပါက ခက်တော့မည်။

အရာရှိပြဿနာတက်တာက အရာရှိကိစ္စ။

မာလီတိုသည် သူပါရောယောင်ခံရမည့်ပြဿနာထဲမှာဝင်ပါနေရတော့မည်။

သူစိတ်ပူနေတာ ဒါပဲဖြစ်သည်။

ပြီးတော့ သည်ဒုတိယအရာရှိ ခက်နေသည့်ကိစ္စကလည်းတစ်ခုမကရှိသေး၏။

ကြည့်လေ၊ တာဝန်ကျတို့မည်သည် ကိုယ်နှင့်မကွာ ခါးတွင်ချိတ်ထားရမည့် ဒစ်ဂျစ်တယ် လမ်းလျှောက်စကားပြောစက်ကိုပါယူမသွားဘဲ ဤပွဲမျှော်စင်ထိန်းချုပ်ခန်းမကြီးထဲတွင် သတိလက်လွတ် မေ့ရော့ ထားခဲ့ခြင်းပါပေ။

ဒါတင်မက၊ လက်နှိပ်ဓာတ်မီးကိုလည်း ဆောင်ယူသွားခြင်း မရှိပြန်ပေ။

တက်မကိုင်မာလီတိုမှာ တွဲဖက်တာဝန်ကျသဘော်ာသားဖြစ်၍ ဤထိန်းချုပ်ခန်းမကြီးထဲမှ တစ်ဖဝါးမှ ခွာခွင့်မရှိ၊ ခွာ၍မရ။

ခွာဖို့ လည်းမသင့်။

ဒုတိယအရာရှိဖြစ်သူကို မည်သူမှ မရိပ်မိစေရန် တိုးတိုးတိတ်တိတ် လှမ်းခေါ် ဆက်သွယ်ဖို့ရန်မှာလည်း ဘယ်လိုမှ ကြံ၍မရ



www.burmeseclassic.com

www.burmeseclassic.com


ဖြစ်နေရသည်။

မာလီတို့ သဘောပေါက်မိတာ တစ်ခုတော့ရှိ၏။

ဒုတိယအရာရှိဖြစ်သူ မစ္စတာဂေါဒင်မှာ သူနှင့်သက်ဆိုင်သော ဆေးရုံခန်းဆီသို့ ခေတ္တစစ်ဆေးရန် သွားသည်ဟုထင်သည်။

ထို့ကြောင့်ဆေးရုံခန်းတွင်းရှိ တယ်လီဖုန်းဆီသို့ ဖုန်းဆက်ကြည့်ပြန်၏။

အတော်ကြာကြာပင် ဖုန်းခေါ်နေ၏။

ဖုန်းကိုင်လာခြင်းမရှိ။

အတော်ကြာသည့်အထိ ဘာမှမထူး။

ထိုအခါ မာလီတို့ စိတ်ကူးပေါက်သွား၏။

သေချာပြီ။

ဒုတိယအရာရှိ မစ္စတာဂေါဒင်တစ်ယောက် သူ၏အိပ်ခန်းသို့ပြန်ကာ၊ တိတ်တိတ်ခိုးပြီး အိပ်စက်နားခိုနေသည်ဟု။

အရာရှိတစ်ဦးအဖို့ အလွန်အကျည်းတန်သော လုပ်ရပ်။

သို့သော်လည်း ဖုန်းခေါ်သံသာ ဆက်တိုက် မြည်နေရသည် ကိုင်မည့်သူမရှိ။

ဒါဆို မစ္စတာဂေါဒင် သူ့အိပ်ခန်းထဲမှာလည်း မရှိဘူးပေါ့။

ခက်ပြီ။

ဒါဆိုရင် ဘယ်လိုလုပ်ရပ့်။

သည်ပုံထိန်းမျှော်စင်ကြီးထဲမှာ သူတစ်ယောက်တည်း ဖြစ်၍ သည်အခန်းကြီးကို ထားရစ်ခဲ့ပြီး ဟိုဟို သည်သည် ရှာဖွေဖို့ဆိုသည် မဖြစ်နိုင်သည့် အခြေ။



www.burmeseclassic.com

www.burmeseclassic.com



သည့်အတိုင်းချည်း သည်ပွဲမျှော်စင်ထိန်းချုပ်ခန်းထဲ
စောင့်နေရုံဖြင့်လည်း ပြဿနာက ပြီးပြတ်သွားမည် မဟုတ်ပြန်
သည် ဒုတိယအရာရှိ ဘာဖြစ်နေပါလိမ့်။

အစော်ပင် အကြွဲအိုက်ရပါလား။

ကပ္ပတိန်ကြီးထံသို့လည်း သတင်းမပို့ချင်သေး။

သူ့အလုပ် ကိုယ့်အလုပ်ကိုပါ ငဲ့ညှာခြင်းကြောင့် သတင်း
မပို့ရက်သေးခြင်းလည်း ဖြစ်မည်။

ထိုစဉ်မှာပင် ပွဲထိန်းမျှော်စင်ထိန်းချုပ်ခန်းမကြီး၏
အဝင်ဝ တံခါးပွင့်လာ၏။

အမှောင်ချပြီး အလင်းရောင်မဲ့စေရန် စီမံထားသော
ပွဲထိန်းမျှော်စင်ခန်းမကြီးထဲသို့ အဝင်အထွက် စကြီလမ်းများဆီမှ
အလင်းရောင်များ စက္ကန့်ပိုင်းမျှ ဝင်လာ၏။

စက္ကန့်ပိုင်းမျှဝင်လာသော အလင်းရောင်ကိုပင်
အခန်းတွင်းသို့ ဖြာဝေမလာစေရေး အလို့ငှာ အတွင်းခန်းထဲ
အထူးကန့်လန့်ကာရှည်အထူကြီးများဖြင့် လှပစွာ ကာရံထား
စမြဲဖြစ်၏။

ဒါသည် ရေကြောင်းသွားလာရေးဆိုင်ရာ လုပ်ထုံး
လုပ်နည်းများသာဖြစ်သည်။

ဝင်လာသူကို အခန်းတွင်း ကန့်လန့်ကာရှည်ကြီးများ
နောက်ထဲရှိ တာဝန်ကျများက လှမ်း၍မမြင်ရစေကာ ပွင့်လာ
သောတံခါးမှ အလင်းရောင်အချို့ ကန့်လန့်ကာဆီသို့ ဖြာဝေ
လာခြင်းကို မြင်ရခြင်းအားဖြင့် တစ်ဦးဦး ဝင်ရောက်လာသည်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြောင်း သိရှိနိုင်လေသည်။

ဤပုံ့ထိန်းမျှော်စင်ထိန်းချုပ်ခန်းမကြီး၏ အရှေ့ဘက် စောင့်ကြည့် ရေကာ၊ လေကာ မှန်ချပ်ကျယ်ကြီးများအနီးတွင် တက်မကိုင်မာလီတို စောင့်ကြည့် တာဝန် ယူနေပါသည်။

တော်ပါသေးရဲ့၊ သူပြန်လာပေလို့ပဲ။

ခုမှပင် သူ့စိတ်ထဲအေးပြီး ဒုန်းဒုန်းကျသွား၏။

ခန်းဆီးတစ်ဖက်ခြမ်းမှ ဝင်လာသူမှာ ခန်းဆီးကန့်လန့် ကာအဆုံးထိ လျှောက်သွားသည်။

ပြီးမှ အခန်းတွင်းသို့ ဝင်လာလေတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## "လည်ပြန်ကြီး"

ဝင်လာသူမှာ ဒုတိယရေကြောင်းအရာရှိ ဖြစ်မည်။

သူသည် ဘာစကားကိုမှ မဆိုဘဲ ကော်ဖီဖျော်စက်ဆီသို့ ရွေ့ရှုနေ၏။

ညစဉ်ညတိုင်းအမှောင်ထဲမှာပဲ ကောင်းကင်ပြင် အလင်းသဲ့သဲ့၊ ကြယ်စင်ရောင်ရှိန် ယဲ့ယဲ့လေးများ၏ အကူအညီများဖြင့်သာ တစ်ဦးကိုတစ်ဦး မြင်နေကြုံတွေ့နေကြ ဖြစ်ပါသည်။

တစ်ဦးနှင့်တစ်ဦး မှောင်ထဲမှာပင် ကြည့်ရှုရင်းမှ ဘယ်သူ ဘယ်ဝါဖြစ်ကြောင်း မျက်မှန်းဖြင့် တတ်အပ်ခွဲခြား သိရှိနိုင်ကြလေသည်။

တစ်မြန်တစ်လောလေးကမှ အသစ်ရောက်ရှိလာသော ဒုတိယအရာရှိဖြစ်သူ မစ္စတာဂေါ်ဒင်နှင့် တက်ကော်ကိုင်မာလီတို



www.burmeseclassic.com

www.burmeseclassic.com



တို့မှာ ရင်းနှီးကျွမ်းဝင်မှု သိပ်ပြီး မရှိလှသေး။

တစ်ယောက်နှင့်တစ်ယောက် မသိမသာ အကဲစမ်းရင်း အဟန့်ကိုယ်စီဖြင့် တာဝန်ယူနေကြသည်။

ထိုအရာရှိဖြစ်သူကို မာလီတို၏ ရင်ထဲဝယ် လေးစားစိတ် မသိမသာ ရှိ၏။

ထိုသူသည် သူ့ကိုယ်သူ အရာရှိတစ်ယောက် ဖြစ်သည်ဟု ဆိုပြီး ဂုဏ်မောက် တင်စီးမှုမရှိ။

ယခုပဲ ကြည့်။

သူ့ဘာသာသူ ကော်ဖီဖျော်၏။

ရိုးရိုးသင်္ဘောသားတစ်ယောက်ဖြစ်သူ တက်မကိုင်အဆင့် မာလီတို အား ကော်ဖီဖျော်ပေးရန် ခိုင်းစေမှု မရှိ။

အချို့သောအရာရှိများမှာ တာဝန်ချိန်အတွင်း အောက်လူကို ခေါက်ဆွဲပြုတ် ခိုင်းလိုခိုင်း၊ ကြက်ဥပြုတ် ခိုင်းလိုခိုင်း၊ ပန်းသီးအခွံနွှာ ခိုင်းလိုခိုင်း၊ ပေါင်မုန့်မီးကင်ပြီး ထောပတ်သုတ် ခိုင်းလိုခိုင်းနှင့် ညာဏ်နီညာဏ်နက် အမျိုးမျိုး ထွက်တတ်၏။

အနောက်တိုင်းသား အရာရှိများ အပေါ်တွင် အရှေ့တိုင်းသား အရာရှိမဟုတ်သူ သင်္ဘောသား အချို့တို့မှာ မျက်နှာလို၊ မျက်နှာရ အလွန်ပြုတတ်ကြသည် မဟုတ်ပါလား။

ထို့ကြောင့်ပင် ထိုနှာခေါင်းရှည်၊ ခေါင်းသေး၊ လူကောင်ထွား၊ အသားဖြူတို့က လူဝါတို့အပေါ် ရောင့်တက်လာကြခြင်း ဖြစ်၏။

သူတို့အချင်းချင်းဆိုလျှင်တော့ သည်လိုအခွင့်အရေးမျိုး



www.burmeseclassic.com

www.burmeseclassic.com



ရဖို့ ဆိုသည် ဝေလ်ာဝေး။

ခုတော့၊ မစ္စတာဂေါ်ဒင်သည် အလွန်စကားနည်းပြီး ဟိုဟို သည်သည် လူမှုရေးကိစ္စများကို ဖွာလန်ကဲ စပ်စုမှုမရှိ။

အလုပ်နှင့် ပတ်သက်သော အသေးအမွှား ကိစ္စရပ်လေး များကိုလည်း ဇီဇာမချဲ့၊ မရှည်၊ မကွန့်၊ မဖွ၊ မပ၊ မပို၊ မကြောင်။

သူတစ်ဖက်သားကို စိတ်ညစ်အောင်ဖိထားရင်း သူ့အဟန့် ကို ရှိန်စေဖို့ လုပ်ဆောင်တတ်သော ညဥ့်ဆိုး မရှိ။

မနောဆိုး မရှိ။

ဒုတိယအရာရှိဖြစ်သူမှာ ကော်ဖီရည်ကျအလာကို ကျောပေးရင်း ငုံ့ပြီးစောင့်ဆိုင်းနေ၏။

မာလီတိုက သူ့ကို ခပ်လှမ်းလှမ်း မှောင်ထဲမှ သက်တောင့် သက်သာ ကြည့်နေ၏။

"အိုး ဂေါ့"

ကျောပေးနေသော ဒုတိယအရာရှိဖြစ်သူ မစ္စတာဂေါ်ဒင် သည် မာလီတိုကို လည်ပြန် တည့်တည့်ကြီး ကြည့်နေပါကလား။

မာလီတို သေသေချာချာ ဂရုစိုက် ပြန်ကြည့်လိုက်သည်။

ဟုတ်ပါရဲ့။

ကျောပေးနေပါလျက်မှ အရာရှိဖြစ်သူဂေါ်ဒင်၏ မျက်နှာ ကြီးမှာ နောက်ပြန်တည့်တည့်ကြီး လှည့်ကာ ကြည့်နေပါသည်။

မာလီတို မျက်လုံးအစုံတို့ ပြူးကျယ် ထွက်သွား၏။

အိပ်ချင်စိတ်တို့မှာလည်း ကြက်ပျောက် ငှက်ပျောက် ပျောက်ကွယ် သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com


သူ၏ ထုံထိုင်းထိုင်း၊ မှေးတေးတေး၊ မှုန်ဝါးဝါး ဖြစ်နေသည့် မျက်လုံးအစုံကို ဖြည်းညင်းစွာ ပြန်၍ ထပ်မံ ကြည့်လိုက်ပြန်၏။

မျက်နှာကို ဘယ်သူမှ ဤ၍ဤမျှ လှည့်နိုင်ရိုးထုံးစံမရှိ။

ဟုတ်ပါရဲ့။

မှောင်မှောင်မည်းမည်းကြားမှာ ဟုတ်သလိုလို မဟုတ်သလိုလို။

ဟော၊ ခုတော့ တစ်မျိုး။

မစ္စတာဂေါ်ဒင်မှာ ပုံမှန်အတိုင်း ခေါင်းငုံ့ရင်း ကော်ဖီခွက်ကို ကြည့်နေကြောင်း တွေ့ရပြန်လေ၏။

မာလီတို တစ်ကိုယ်တည်း ကျိတ်ပြုံးမိလေသည်။

မှောင်တောထဲမှာ ထင်ယောင်ထင်မှားပဲဖြစ်၊ ဖြစ်သေးတော့။

သူသည် ဤမော်တော်ကားတင် သမုဒ္ဒရာဖြတ် သင်္ဘောကြီးပေါ်တွင် တာဝန်ထမ်းဆောင်လာခဲ့သည်မှာ ခြောက်လကျော်၊ ခုနစ်လ အတွင်းသို့ တိုင်ခဲ့ပါပြီ။

ဒါဆို သူလည်း အူကြောင်ကြောင် စတင် ဖြစ်နေလေပြီလား။

သည်လို တစ်ခါဘူးမှတော့ ထင်မိယောင်မှား မဖြစ်ဖူးပါ။

အိပ်ရေးဝဝ မအိပ်ခဲ့ရပေလို့ပဲ မျက်လုံးများက ချို့ယွင်းမှုပြလေရော့သလား။

မာလီတို၏ နှုတ်ခမ်းများထက်က အပြုံးမပျက်မီမှာပင် သူ၏ မျက်လုံးတို့က အပြုံးပျက်သွားကြရုံမျှမက ပြူးကျယ်ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



ကြလေသည်။

"အိုး မိုင်ဂေါ့"

ကျောပေးလျက်ရှိသော ထိုအရာရှိ၏ နောက်စေ့တည့်တည့် နေရာတွင် ပြူးနေသောမျက်နှာကြီးက ဘယ်ကနေဘယ်လို ရောက် နေရသည်မသိ။

အေးစက်စက် အပြုံးကြီး။

လည်ပင်းနောက်ပြန်ကြီးဖြင့် မာလီတိုထံ အပြုံးလက်ဆောင်များ ကောင်းကောင်းကြီး ကမ်းလင့်နေလို့ပါလား။

* * *



www.burmeseclassic.com

www.burmeseclassic.com

## "ထူးဆန်းစွာ ကော်ဖီသောက်ခြင်း"

မာလီတို မျက်ခွံများကို အဆုံးထိ အစွမ်းကုန် ဖွင့်ပြီး သေသေချာချာ ကုန်းကြည့်မိလေသည်။

အာလာမာ။

မျက်နှာချင်းဆိုင်နေသည့် မျက်နှာဖြူတို့၏ မျက်ခွက် ဖွေးဖွေးကြီးမှာ မှားစရာ လုံးဝ မရှိပါပေ။

မာလီတို၏ ဦးခေါင်းမှာ ဆယ်ဆမက ကြီးသွားသလို ရင်ခုန်သံနှုန်းမှာလည်း အဆတစ်ရာမြန်စွာခံစားရလေတော့သည်။

ပြုံးသာပြုံးနေသလောက် အေးစက်ဖြူရော်နေသော မျက်နှာကြီးက ရေခဲရိုက်ထားသည့် အလား။

တစ်ချိန်တည်းမှာပင် သန့်ရှင်းလတ်ဆတ်နေသော လေထုထဲမှာ မသန့်ရှင်း၊ မလတ်ဆတ်သော အနံ့တစ်မျိုးကို ရလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကာလကြာရှည်စွာရေနှင့် ထိတွေ့ခွင့် မရရှာသော ခန္ဓာကိုယ် တစ်ခုခုဆီမှ ထွက်ပေါ်လာသော ရနံ့မျိုး။

ထိုအထဲဝယ် ဆွေးမြေ့ ပျက်စီးသွားသော အသားဟောင်း၊ အသားတစ်၊ အတွင်း အူကလီစာတို့၏ ရနံ့မျိုးက ရောစွက် ပေါင်းစပ် နေပုံရသည်။

ရုတ်တရက်ဖြစ်ကာ အံ့သြနေ၍ ပွင့်ဟနေသော ပါးစပ်ပေါက်မှတစ်ဆင့် အသက်ရှူရာ အရိုက်ထဲသို့ ရနံ့စုံတို့ဗလုံးဗထွေး ဝင်ရောက်သွားကြလေသည်။

မာလီတို့ တစ်ယောက် အလွန် အော်ဂလီဆန်ပြီး ပျို့တက်နေစဉ် အရာရှိကတော့ ညာဘက်လက်တစ်ဖက်မှလွဲ၍ တစ်ကိုယ်လုံး တုပ်တုပ်မျှပင် မလှုပ်။

အရာရှိဖြစ်သူ၏ ညာဘက်သည် ကော်ဖီခွက်ကိုမ ယူနေသည်။

လက်နောက်ပြန် လိမ်ထားကာ ကော်ဖီခွက်ကို သယ်နေလို့ပါလား။

မျက်နှာနောက်ပြန်ကြီး၏ ရှေ့သို့ခွက်ကို သယ်လာကြောင်း အမှောင်ထဲမှာ ဝိုးတိုးဝါးတား မြင်နေရလေသည်။

အရေးထဲကောင်းကင်တစ်ခွင်တွင် တိမ်ရိပ်၊ တိမ်လိပ်၊ တိမ်တောင်၊ တိမ်ရောင်၊ တိမ်ကြက်ခွပ် တို့က အလွန်ပါးလျားနေ၏။

ထင်ထင်ရှားရှား၊ သဲသဲကွဲကွဲ၊ ပြတ်ပြတ်သားသား ရှိလှ၏။

သို့သော်လည်း သိသိသာသာကြီး လှုပ်ရှား နေကြောင်း ကိုတော့ မာလီတို့ မြင်တတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com


အိပ်မက်များ မက်နေတာလေလား။

အိပ်ရေးမဝလို့ပဲ ကယောင်ခြောက်ခြား မြင်နေရလေရော့သလား။

လှိုင်းမူးလို့ပဲ အူတိအူကြောင် ပေါက်မြောက်နေလေသလား။

မျက်လုံးတွေကပဲ အလင်းနှင့် သတင်း စုတ်ယူမှု မှားယွင်း ချွတ်ချော်နေလေလို့လား။

ပါးစပ်နှင့်ကော်ဖီခွက်ကိုတေ့ပြီး တစ်ချိုက်ချင်း မှုတ်ကာ စိမ်ပြေနပြေ သောက်ပြနေလေသူ လည်ပြန်မျက်နှာဖြူ ဒုတိယ အရာရှိ မစ္စတာဂေါ်ဒင်အား မာလီတိုခမျာ မှင်သက်မိစွာ ကြောင်ပြီး ကြည့်နေမိလေသည်။

မာလီတို၏ ဇီးကင်းမှုသော ချွေးများက ဘယ်ချောင်၊ ဘယ်နေရာများမှ ကျလာလေသည် မသိ။

လေအေးစက်တပ်ဆင်ထားသော အေးအေးမြမြ ထိန်းချုပ်ခန်းမကြီးထဲမှာသော်မှ တစ်ကိုယ်လုံး ရွှဲစိုလာလေပြီ။

မာလီတို ကြောင်တက်တက်ဖြစ်ပြီး ကြည့်နေရင်း၊ ကြည့်နေရင်းမှ မစ္စတာဂေါ်ဒင်သည် ပုံမှန်အတိုင်း ကျောပေးကာ ခေါင်းငုံ့၍ ကော်ဖီကို မှုတ်သောက်နေကြောင်း တွေ့နေရပြန်၏။

မာလီတို ခေါင်းများမူးဝေ တက်လာသည်။

မစ္စတာဂေါ်ဒင်သည် သောက်လက်စ ကော်ဖီခွက်ကို နံဘေးရှိ စားပွဲပေါ်၌ချကာ တံခါးဖွင့်ပြီး အပြင်သို့ ထွက်ခွာသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com


စောစောတုန်းက ညှိစို့အုံနေသော ရန့်များ တမဟုတ်ချင်း ကွယ်ပျောက်သွားကြ၏။

သည် အရာရှိသည် တာဝန်ချိန်တွင် တာဝန်ကိုမယူသေးဘဲ ဘယ်ဆီသို့ ခြေရှည်ပြီး ထွက်ခွာသွားပြန်လေသနည်း။

အကယ်၍ သွားစရာကိစ္စရှိနေသေးသည် ဆိုလျှင်လည်း တွဲဖက် တာဝန်ကျနေသူ သူ့ကို တစ်ခုခုတော့ဖြင့် အသိပေးရမည်သာဖြစ်၏။

ယခုတော့ မည်သည့်စကား၊ မည်သည့်အကြောင်းပြချက်ကိုမှ ဖော်ပြပြောဆို အသိပေးခဲ့ခြင်းမရှိဘဲ တာဝန်မှ ထွက်ခွာသွားပြန်ချေပြီကော။

ခက်ပြီ။

သည်တစ်ခါတော့ဖြင့် ဂျူတီချိန်ထဲမှ သူ့ကို ထွက်ခွာသွားဖို့ ခွင့်မပြုနိုင်တော့ပါပြီ။

မာလီတိုသည် သတိရလျှင်ရခြင်း ဒုတိယအရာရှိဖြစ်သူ နောက်သို့ လိုက်ရန်ပြင်တော့သည်။

ကော်ဖီစက်နားမှအဖြတ် တစ်စုံတစ်ခုကို လှစ်ခနဲ သတိရလိုက်၏။

ထိုသူသည် ကော်ဖီခွက်ကို စားပွဲပေါ်တွင် တင်ထားခဲ့၏။

သို့ပါသော်လည်း ထိုကော်ဖီခွက်မှာကား စားပွဲပေါ်တွင် ရှိမနေပါချေတကား။

ခွက်ချိတ်စင်တွင် နဂိုကအတိုင်း ရှိနှင့်ပြီးသား ဖြစ်နေလို့ပါလား။


www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း မာလီတို ရှည်ရှည်ဝေးဝေး တွေးတောနေချိန်မရ။

အခန်း၀ အစပ်တွင်တော့ အောက်သိုးသိုး အဲ့အဲ့ အနံ့ကယ့်ယ့် ကျန်ခဲ့သေး၏။

အခန်း၀မှ ခေါင်းပြူကာ နောက်ကျောဘက်မှ အော်၍ခေါ်လိုက်မည်ဟု ကြံရွယ်လိုက်၏။

လှေကားရှည်ကြီးတစ်လျှောက် ကြည့်လိုက်သော် ထိုအရာရှိကို မမြင်ရတော့။

ဖြောင့်ဖြူးနေသော စင်္ကြံတစ်လျှောက် မျက်လုံးကစားပြန်ပါသော်လည်း နတ္ထိ။

ဘယ်ဘက်ကိုပဲ ကြည့်ကြည့်၊ ညာဘက်ကိုပဲ ကြည့်ကြည့် ဘာဆိုဘာမှ မရှိ။

သည်လောက် ရှင်းလင်း ဖြူးတန်းနေသော စင်္ကြံ ကော်ရစ်ဒါကျယ်ကြီးတစ်လျှောက် မည်သို့မည်ပုံ ကိုယ်ရောင်ပျောက် သွားရပါကြောင်း မာလီတို တွေးဆမရ။

စင်္ကြံတစ်ဖက်တစ်ချက်ရှိ အခန်းတစ်ခန်းခန်းထဲ ဝင်ရောက် သွားသည်ဟုသာ ကောက်ချက်ချရတော့မည်ဖြစ်သည်။

သို့သော်လည်း ဤသို့ကောက်ချက်ချ၍မရပြန်။

ယခုအခါ ဤသဘော်ကြီးပေါ်တွင် ဧည့်သည်အမြောက်အများ ရောက်ရှိနေသည်ဖြစ်ရာ ဤအခန်းများတွင် ဧည့်သည်များ တည်းခို အိပ်စက်နေကြသည်မဟုတ်ပါလား။

ဒုတိယအရာရှိတစ်ယောက် ထိုသူစိမ်း ဧည့်သည်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးဦး၏ အခန်းထဲသို့ ဤမျှလောက်သော မြန်မြန်ဆန်ဆန်နှုန်းဖြင့် ဝင်ရောက်ပျောက်ကွယ်သွားနိုင်စွမ်း ရှိလောက်မည်မထင်။

သို့ဆိုလျှင် ထိုသူတစ်ယောက် မြေလျှိုး၍ မိုးသို့ပျံ၊ ဒေးဗစ်ကော့ပါးဖီးလ် ပညာမောက် ကိုယ်ရောင်ဖျောက်၍ သွားပါပြီလေလား။

မာလီတို ဆက်လက်ပြီး စူးစမ်းလိုစိတ် မရှိတော့။

သူလုပ်ရမည့် အလုပ်တစ်ခုသာရှိတော့သည်။

သူမလုပ်ချင်ဆုံးသော အလုပ်ပါပေ။

သင်္ဘောကြီးတစ်စီးလုံး၏ အချုပ်အချာ အာဏာများ ကိုပိုင်စိုးသူ ရေယာဉ်အသျှင်သခင် ကပ္ပတိန်ကြီးထံသို့ အကြောင်းကြား၊ သတင်းပို့ရမည်မှတစ်ပါး အခြားအလုပ်မရှိတော့ပြီ မဟုတ်ပါလား။

* * *



www.burmeseclassic.com

www.burmeseclassic.com

## "အံ့မွေးများနှင့်မျက်နှာဖြူကြီး"

ဒုတိယအရာရှိဖြစ်သူ မစ္စတာဂေါ်ဒင် တစ်ယောက် မူးဝေနောက်ကျိစွာနှင့် သတိရလာသည်။

သူဘာတွေဖြစ်လို့၊ ဘာတွေဖြစ်ခဲ့ပါလိမ့်။

ဘာကိုမှ မမှတ်မိသေးပါ။

တစ်ခန်းလုံးလည်း မီးများက လင်းထိန်နေသလို လေအေး စက် လေဝင်ပေါက်များဆီမှ လတ်ဆတ်၊ နုသစ်၊ မွှေးပျံ့ သော လေနုအေးလေးများက ဝေ့ဝဲလှည့်ပတ်သင်းကြိုင်နေကြလေသည်။

ရီဝေ၊ ထုံထိုင်းနေသော ခေါင်းကိုအသာငဲ့ရင်း တဖြည်း ဖြည်းချင်းထလိုက်သည်။

အိုး၊ ဂေါ့၊

နောက်စေ့ဆီမှ စစ်စစ် စစ်စစ်နှင့်ပါလား။

ကိုင်ကြည့်လိုက်သော် သွေးစ အနည်းငယ်ပါလာသည်။

ဘာတွေဖြစ်ခဲ့တာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ ခေါင်းကမူးဝေပြီး ဘာကိုမှ စဉ်းစား၍ မရနိုင်သေး။

မူးတီးမူးနောက်ဖြစ်ပြီး နားထင်၊ နားရင်း၊ နားအုံများပါ ကိုက်ခဲနေသဖြင့် ဖြည်းဖြည်းချင်း လျှောက်လာသည်။

ဩော်၊ သူဆေးရုံခန်းကြီးထဲ ရောက်နေခြင်း ရယ်ပါလား။

သန့်စင်ခန်းထဲမှ ဖြည်းဖြည်းချင်း ထွက်လာသည်။

ခေတ္တလှဲလျောင်းလိုစိတ် ပေါ်လာသည်။

အနီးဆုံး လူနာခုတင် တစ်ခုထက်တွင် တစ်ကိုယ်လုံးကို ဖြေလျှော့ရင်း လှဲချ လိုက်သည်။

ပင်ပန်းလှပါဘိတောင်း။

သူ့မျက်လုံးများက ဘာရယ်မဟုတ် ဆေးပစ္စည်းဘီရိုများ ဆီသို့ရောက် သွားလေ၏။

ဘီရိုတံခါးများက ပိတ်လျက်သား။

ဘီရို။

ဘီရို။

ဘီရိုဟုဆို၍ တဖြည်းဖြည်းနှင့် သူပြန်ပြောင်း သတိရ လာပြီ ဖြစ်သည်။

မျက်စိ အစုံကို မှေးစင်းရင်းမှ ခပ်စောစောပိုင်းမှ အဖြစ် အပျက်များကို ရုပ်ရှင်ပြသလို တရိပ်ရိပ် ပြန်သတိရလာလေသည်။

ဒါဆိုလျှင် သူ့တာဝန်ဂျူတီချိန် တော်တော်များများ လစ်ဟင်းမှုတွေ ရှိနေပါပြီကော။

ဂျူတီတာဝန်အပ နေရာများမှာ အချိန်အခါမဲ့၊ တရား



www.burmeseclassic.com

www.burmeseclassic.com



မဝင် သူရောက်လို့ နေခဲ့ပါပြီကော။

သူ အလွန်စိတ်ပူသွားသည်။

မျက်လုံးနှစ်လုံးကိုဖွင့်မည်အပြု မဖွင့်ရဲစရာ အကြောင်း တစ်ခုရောက်ရှိလာသည်။

မျက်လုံးတို့ကို ဆက်ပိတ်မြဲဆက်၍ ပိတ်ထားလိုက်၏။

သူ့အနီးသို့ လေဟပ်လိုက်သည့် သဘောကို ခံစားလိုက် ရ၍ဖြစ်သည်။

ထို့ပြင် ထိုလေအဟပ်တွင် သဲ့သဲ့ပါလာသော ရနံ့များ ကြောင့်ဆိုလျှင် ပို၍မှန်ကန်လေသည်။

သစ်ကြမ်းပိုးနံ့လိုလို၊

ရေမွှေး အဟောင်းအနံ့လိုလို၊

ချိုင်းချွေးစော်လိုလို အနံ့များပါပေ။

လေအေးပေးစက်မှ လေအသစ်ထုကိုပင် ကျော်လွှားပြီး ရောက်ရှိလာကြလောက်အောင် ပြင်းထန်လှသော အနံ့များပါပေ။

သူတဖြည်းဖြည်း ခေါင်းနပမ်း ကြီးလာပြန်တော့သည်။

လေဟပ်မှု နီးလာသည်နှင့်အမျှ နံစော်မှုက ကြီးကျယ်လာ လေ၏။

မျက်စိကိုမူ စုံမှိတ်ထားဆဲ။

သူယုံကြည်ထားရာ တရားသဘောသည် မြင်ရသည့် သတ္တဝါများမှ တစ်ပါး လောက၌ အခြားဘာမှ မရှိ ဖြစ်သည်လေ။

သည်အတွေးကို တွေးမိလိုက်သည်နှင့် သတ္တိခွန်အားများ ရုတ်တရက် ဝင်လာလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူရင်ဆိုင်မည်။

မျက်စိအစုံကို ဆတ်ခနဲ ဖွင့်လိုက်သည်။

"အိုး၊ ဂေါ့"

မျက်နှာကြီးက ဖြူဖြူဖွေးဖွေးကြီး။

မျက်နှာကြီးဘေးတွင် မီးခိုးရောင်ပတ်ချာလည် အပြည့်အမွေးများ။

ဦးခေါင်း တစ်ခုလုံး ပြောင်းဖူးမွေးရောင် အမွေးများ။

ထိုမျက်နှာကြီးက သူ့ကို စိုးမိုးပြီး ကြည့်နေ၏။

သူလန့်ဖြန့်ယောင်ရမ်းပြီး လက်သီးနှစ်ဖက် အစုံဖြင့် ဆောင့်တွန်းလိုက်လေသည်။

"အိုး၊ အား"

"ဝုန်း"

"ဗုံး"

သူကြောက်ကန် ကန်လိုက်ခြင်းရယ်ပါ။

သူအထင်က လေထုကို လက်သီးနှင့် ထိုးလိုက်သလိုသာ ခံစားရလိမ့်မည်ဟု မျှော်လင့်ထားခဲ့မိ၏။

သို့သော်လည်းတစ်ကယ်တမ်း လက်တွေ့တွင်မူကား သတ္တဝါစစ်စစ်တစ်ကောင်ကို ထိုးလိုက်မိသလို မာကျောမှုကို တွေ့ထိ ခံစားရပြီး ဆိုးဝါးသော နာကျဉ်မှုကိုပါ ရလိုက်လေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## "လက်ပူး လက်ကြပ်"

ခုတင်ပေါ်မှာ ပက်လက်အိပ်ရင်းမှ ဘယ်ညာစုံ လက်သီးများဖြင့် ဆောင့်ထိုးပစ်လိုက်မိသဖြင့် လက်သီးနှစ်ခုလုံးမှာလည်း ပူထူ နာကျင်သွား၏။

ထိုသတ္တဝါကြီးဆီမှလည်း ဝူးဝူးဝါးဝါး အော်မြည်လေ၏။

ထို့နောက် ဝုန်းဝုန်းဒိုင်းဒိုင်းနှင့် ပက်လက်လန်လဲကျသွားသည့်အသံကို ကြားလိုက်ရလေသည်။

သေသေချာချာနားထောင်ကြည့်တော့မှ၊

လားလား၊

ဒါဒါ သူတို့ ဆွိဒင်လူမျိုးများ ပြောကြသော စကားများဖြစ်နေကြပါကလား။

အိုးဂေါ့၊ သေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒါ၊ ဒါ၊ ကပ္ပတိန်ကြီးရဲ့ အော်သံပါလား။

ကြမ်းပြင်ပေါ် ဖင်ထိုင်လျက် ကျနေသူ ကပ္ပတိန်ကြီးကို တက်မကိုင်များက ပျာပျာသလဲ ထူမပေးနေကြ၏။

ကပ္ပတိန်ကြီးမှာ မျက်နှာကို လက်ဖဝါး နှစ်ဖက်ဖြင့် အုပ်ကာ ဘဒ္ဒူးဘဒါး ဝူးဝူးဝါးဝါး အော်ဟစ် ပြောဆိုနေသည်။

သူ့စကားကို ဘာသာပြန်လိုက်သော်၊

"ငရဲကိုသွားမယ့် ဒုတိယအရာရှိ၊ တာဝန်ချိန်အတွင်းမှာ တာဝန်မယူဘဲ ပျက်ကွက်တယ်၊ တာဝန်ကို ရှောင်ဖယ်ထားချင်လို့ ဆေးရုံခန်းထဲမှာ လာပြီး၊ တာဝန်မဲ့ အိပ်ပျော်နေတယ်၊ ဒါအရေး ယူရမယ်၊ အင်မတန်အရေးကြီးတဲ့ တာဝန်ချိန်မှာ လစ်လျူရှုပြီး တိတ်တိတ်ခိုး အိပ်စက်နေတဲ့အတွက် အလုပ်တာဝန်ကို ရပ်စဲရမယ်၊ ဒါတင် မက စစ်ဆေးရေးလာတဲ့ အထက်လူကြီးဖြစ်သူ ငါ့ကိုလည်း ကိုယ်ထိလက်ရောက် ကျူးလွန်စော်ကားတယ်၊ ပြင်းပြင်းထန်ထန် အရေးယူရမယ်"

ကပ္ပတိန်ကြီး၏ နံဘေးတွင် သက်သေလူကြီး အဖြစ် ရှိနေသူမှာ အိပ်မှုန်စုံမွှား နှင့်အင်ဂျင်နီယာချုပ်ကြီးဖြစ်၏။

ကုန်းပတ် အရာရှိချုပ် ဇွတ်အတင်းနှိုးထားသဖြင့် ဖန်တန်တန် စပ်တပ်တပ် မျက်လုံးများနှင့် တစ်ရေးနိုး သဘော်သား များကိုလည်း တွေ့လိုက်ရလေသည်။

ဂေါ်ဒင်ခမျာ ခေါင်းများ ချာလည်မူးပြီး သွေးမှာပျက် သည်သို့ ခံစားရလိုက်လေပြီ။

သူ့ကို အထင်မှား၊ အမြင်မှား ဖြစ်ကုန်ကြပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်၊ ဘယ်လို၊ ဘာတွေဖြစ်ကုန်သလဲ ဆိုသည်ကို ဘယ်လိုနည်းဖြင့် ရှင်းလင်း ပြောပြရပါအံ့။

လောလောဆယ် အခြေအနေမှာတော့ သူတို့ ယုံသည် မယုံသည်ကို အပထား တစ်ခုခုတော့ ကြိုးစားပမ်းစား ရှင်းလင်း ထုချေဖို့ရာ လိုအပ်လေသည်။

အရပ်ခြောက်ပေကျော် ကပ္ပတိန်ကြီး၏ လက်တုံ့ပြန် ဒေါသရန်မှ အရင်ဆုံး လွတ်မြောက်စေရေးအလို့ငှာ ခုတင်ပေါ်မှ အမြန်ဆင်းလိုက်ရသည်။

အားလုံး၏ အကြည့်က သူ့ကိုအထင်အမြင်သေးသည့် မျက်လုံးများချည်း ဖြစ်နေသည်။

ဂေါ်ဒင်သည် လက်ဖဝါး နှစ်ဖက်ကို ရှေ့မှာကာရင်း

"ကျုပ်၊ ကျုပ်ရှင်းပြပါရစေ၊ ကျုပ် ဟောဟိုရေချိုးခန်းထဲ ကျ သွားခဲ့ပါတယ်၊ အဲသလိုလဲကျရာမှာ ဦးခေါင်းနှင့် တစ်စုံ တစ်ခု ထိခိုက်မိပြီး သတိလစ် သွားခဲ့တာပါ၊ အဲဒါနဲ့ သတိပြန် လာတော့ ခေါင်းမူးနေသေးလို့ ဒီခုတင်ပေါ် ခဏမှိန်း"

ဂေါ်ဒင်မှာ သူ့နောက်စေ့မှ ဆံပင်များကို ဖြဲကာ

"ထိခိုက်သွားတဲ့ ဒဏ်ရာ ဒီမှာရှိပါတယ်၊ ကြည့်ကြပါ"

အားလုံးက မတိုင်ပင်ရဘဲ ပြိုင်တူ ဝိုင်းအုံ ကြည့်ရှုလိုက် ကြသည်။

သွေးခဲနေသော ဒဏ်ရာနှင့် ဆံပင်များကို သူတို့မြင်ကြ သောအခါကျမှ သဘောပေါက် နားလည်သွားကြလိမ့်မည်ဟု ဂေါ်ဒင် ထင်သည်။

www.burmeseclassic.com



သို့သော်။

သူတို့ဆီက ဘာသံမှမကြား။

ထို့အပြင် သူတို့၏ မျက်နှာများမှာလည်း သူ့အပေါ် အထင်မကြီးသည့် ဟန်ပန်အမူအယာ အရစ်အကြောင်းများကို အံ့ဩစွာ မြင်တွေ့လိုက်ရသည်။

တစ်ခုခုတော့ မှားပြန်ပြီ။

နောက်စေ့ရှိ သွေးခဲနေသော ဒဏ်ရာပေါ်သို့ ဂေါ်ဒင် လက်ပြန်စမ်းကြည့် လိုက်သည်။

အလို။

စိုစိစိုစိ ဘာမှမရှိ။

သွေးစ၊ သွေးန၊ သွေးခဲဖတ် ဘာတစ်ခုမှ မစမ်းမိ။

နာလည်းမနာတော့၊

စပ်လည်းမစပ်တော့၊

မူးလည်းမမူး တော့၊

ကြည့်စမ်း၊ ဘာဒဏ်ရာမှ မရှိတော့ပါလား။

ခေါင်းအုန်းပေါ်မှာလည်း ဘာသွေးစ၊ သွေးန အစွန်း အထင်း ဘာဆိုဘာမှရယ်မရှိတော့ပါလား။

သွားပြီ။

သည်အတိုင်းဆိုလျှင် သူ့သိက္ခာ တစ်ပြားသားမျှမ မတန်အောင် ဖြစ်သွားရကိန်း ဆိုက်နေလေပြီ။

သူဘယ်လိုပြောပြော၊ ဘယ်သူမှ ယုံကြည်မှု ရှိတော့မည် မဟုတ်တော့ပြီလေ။

www.burmeseclassic.com

www.burmeseclassic.com



ယခုအချိန်တွင် သူ၏တာဝန်ချိန်ကို ကုန်းပတ်တတိယ အရာရှိဖြစ်သူက ကြားဝင်ဆောင်ရွက်ပေးနေမည်ထင်သည်။

ဂေါ်ဒင်ခမျာတော့ လက်ပူးလက်ကြပ် အမိခံလိုက်ရသည် ဖြစ်၍ ချက်ခြင်း အစစ်ဆေး ခံရတော့မည်ဖြစ်သည်။

သူ၏ရှင်းလင်း ထုချေချက်များမှာလည်း သက်သေမဲ့ ဖြစ်နေသဖြင့် ဘယ်သူမှ ယုံကြည်ဟန်မပြ။

ရေကြောင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်း ထုံးတမ်းများ အရ ကပ္ပတိန်ဖြစ်သူက အင်ဂျင်နီယာချုပ်ကြီးနှင့် ကုန်းပတ်အရာရှိ ချုပ်ကြီးဖြစ်သူတို့ကို သက်သေပြုကာ ညတွင်းချင်းပင် စုံစမ်းစစ် ဆေးရေး ကိစ္စရပ်များကို စတင်တော့မည်ဖြစ်သည်။

ယခုတော့ သူ့ကို တာဝန်မဲ့သူတစ်ယောက်၊ ခိုကပ်ချင် သူတစ်ယောက်ဟု ထင်မြင်ကြရုံသာမက လူလိမ်တစ်ယောက် အဖြစ်ပါ အမှတ်မှား ကုန်ကြပေတော့မည်လေ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## "သင်္ဘောကြီး၏ အညှာ"

"အား"

"ဂုတ်"

"ဘုံး"

သူရ တစ်ယောက် ရုတ်တရက် ပစ်လဲကျသွား၏။

သင်္ဘောအင်ဂျင်စက်ခန်းကြီး၏ အောက်ဆုံးထပ် သံပြ ကြမ်းခင်းကြီးပေါ်တွင် မှောက်လျက်ကြီး လဲကျလျက် တကျွတ်ကျွတ် နှင့် စုပ်သတ်နေရသည်။

အင်ဂျင်စက်ခန်းကြီးတစ်ခွင် တာဝန်အရ ပုံမှန်လှည့်လ စစ်ဆေးရစမြဲ။

သည်နေရာရောက်တိုင်း ရုတ်တရက် ဆွဲချခံလိုက်ရသ လဲကျသွားခဲ့ရသည်မှာ နှစ်ကြိမ်ရှိနေပြီ။

သံပြားကြမ်းပြင်မှာ သင်္ဘောဆေး ထူထူများဖြင့် ခြယ်သလိမ်းကျံထားသဖြင့် ကြွေအခင်းကဲ့သို့ ပြောင်လက်နေသ

သန့်ရှင်းသပ်ယပ် လှသည်မှာလည်း လဲလျောင်း အိပ် ချင်စရာပါပေ။



www.burmeseclassic.com

www.burmeseclassic.com



ချော်လဲစရာ အကြောင်းအချက်ဟူ၍ ဘာမှမရှိ။

သူသည် သတိကြီးသော တာဝန်ကျ ဂျူတီ အင်ဂျင်နီယာ တစ်ယောက်။

အဆင့်မြင့်ပညာတတ် တစ်ဦး။

လုပ်သက်ရင့်၊ အတွေ့အကြုံ ကြွယ်ဝသော ပရော်ဖက်ရှင် နယ် ပညာသည်။

ကလေးကလားဆန်ဆန်၊ နမော်နမဲ့ လဲကျတတ်သည့် မန္တန ပ် အရွယ်မဟုတ်။

မူးယစ်သေစာ မှီဝဲထားခြင်းမရှိ။

ကမ္ဘာ့အဆင့် ဘောလုံးသမားများ ခြေချိတ်ခံရ၍ ပစ်လဲ ကျသလို ဖြစ်ခဲ့ရသော သူ့ကိုယ်သူလည်း မကျေနပ်။

မကြိုက်။

တစ်ခုတော့ရှိသည်။

သူလဲကျစဉ်ခိုက် သူ့အနီးတွင် တာဝန်ကျ စက်ဆရာ တစ်ဦးဦး၊ စက်အကူတစ်ဦးဦး အလုပ်လုပ်ကိုင်နေခြင်းသော်လည်း ကောင်း၊ ဖြတ်သန်းသွားလာခြင်းသော်လည်းကောင်း မရှိခဲ့။

ထို့ကြောင့်သူ ဘာမှမဖြစ်သလို အရှက်ပြေနေနိုင်လေ သည်။

သူ ကမန်းကတန်း ကုန်းထမည်ပြုစဉ် တစ်စုံတစ်ခုကိုမြင် လိုက်ရ၏။

သူခေါင်းနပမ်း တအားကြီးသွား၏။

သိပ်လည်း ထိတ်လန့်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘုရား၊ ဘုရား"

မထသေးဘဲ မှောက်လျက်နေရင်းမှ သူ့မျက်စိအစုံက အသေအချာ ပွတ်သပ်ကြည့်လိုက်သည်။

ရေတွေ။

ရေတွေ။

ပင်လယ်ရေတွေ တစက်စက်နှင့် ယိုစိမ့် နေလို့ပါကလား

ဤယိုစိမ့်ရာ နေရာသည်ကား သင်္ဘောကြီး၏ အသက် တည်မြဲ၊ ရပ်တည်မှုအတွက် အန္တရာယ်ကြီးသော သော့ချက် နေရာဖြစ်လေသည်။

အလွန် အရေးကြီးလှသည့် နေရာဖြစ်၏။

သင်္ဘောကြီး၏ပင်မ အင်ဂျင်စက်ကြီးအပါအဝင် အမျိုး မျိုးအစားစားသော အရန်စက်ယန္တရား ကိရိယာ ထွေလီကာလီ များစွာတို့အတွက် အအေးခံရန် ရေကို အသုံးပြုကြရ၏။

ရေချိုနှင့်ရေငန် နှစ်မျိုးရှိသည့်အနက် ပင်လယ် သမုဒ္ဒ ရာပြင်ကျယ်ကြီးဆီမှ ပေါပေါများများနှင့် စရိတ်မဲ့ ရရှိနိုင်သော ရေငန် ကိုအအေးခံရေအဖြစ် အသုံးပြုကြ စမြဲဖြစ်သည်။

ထိုရေကို ရယူရန် ပင်လယ်ရေသွင်း ရေထိန်း ပင်မအဆို ကြီးကို အသုံးပြုကြရသည်။

ထိုရေထိန်းအဆုံကြီး၏ အဝင်ဝတွင် ရေသန့်စင် ရေစစ် ဆန်ကာကြီးများကို တပ်ဆင်ထားကြရလေသည်။

ထိုရေစစ် ဆန်ကာအုံကြီး၏ အဖုံးပြားကြီးဆီမှာ ရေတွေ တစက်စက် ယိုကျနေခြင်းသာတည်း။



www.burmeseclassic.com

www.burmeseclassic.com



မပြောကောင်း၊ မဆိုကောင်း သည်အဖုံးပြားကြီးသာ ရုတ်တရက် ပွင့်ထွက် ပျက်စီးသွားခဲ့ပါမူ သဘောကြီး၏ ပြင်ပမှ ဖိအားကြီးမားလှသော ပင်လယ်ရေများ စက်ခန်းကြီးထဲသို့ အရှိန်အဟုန်ပြင်းပြင်း ထန်ထန်ဖြင့် တားမရ၊ ဆီးမနိုင် ဒလဟော ဝင်ရောက်လာမည်မှာ မြေကြီးလက်ခတ် မလွဲပါတကား။

သူရ ရှေ့လျှောက်ဆက်ပြီး မတွေးရဲတော့။

ရေများယိုစိမ့်ရာနေရာသို့ လက်နှိပ်ဓာတ်မီးဖြင့် အသေအချာ စစ်ဆေးလိုက်သည်။

အဖုံးပြားကြီးကို အထူး ထိန်းကွပ်ထားသော ပင်မ နပ်မူလီကြီးများအနက်မှ အချို့က လျော့ရဲနေပါလား။

သူသည် ထိုနေရာမှ ချက်ခြင်းထပြီး အင်ဂျင်စက်ခန်းကြီး၏ တတိယထပ် စက်မှုအလုပ်ရုံကြီးရှိရာသို့ ခြေကုန်သုတ်ပြီး တက်လာခဲ့လေတော့သည်။

အင်ဂျင်နီယာချုပ်ထံပါ သတင်းပို့လိုက်သည်။

သူရ က သူ့လက်အောက်မှ တတိယအင်ဂျင်နီယာကို ကြီးကြပ်စေသည်။

စက်ဆရာများက ထိုရေသွင်း အထိန်းဆုံ့ရှိ ရေစစ်ခန်ကာအုံ အဖုံးပြားကြီး၏ မူလီများကို ဟိုက်ဒရောလစ် ...ရိယာများဖြင့် မူလအတိုင်းဖြစ်စေရန် ဖိချနေကြသည်။

ပထမအင်ဂျင်နီယာဖြစ်သူ သူရ ကတော့ တာဝန်ကျ ...င်ဂျင်နီယာများ၊ စက်ဆရာများ၊ စက်အလုပ်သင်များ၊ စက်ခန်း ...သူ သန့်ရှင်းရေးလုပ်သားများ အစရှိသော စက်ခန်းနှင့် ဆိုင်နွယ်



www.burmeseclassic.com

www.burmeseclassic.com



ရာ ဝန်ထမ်းများကို မေးမြန်း စုံစမ်း စစ်ဆေးနေ၏။

ယိုစိမ့်မှု အဖြစ်အပျက်ကို ဘယ်သူကမှ မသိရှိကြသေး။

အရင်ဆုံးသိရသူမှာ သူရ သာလျှင် ဖြစ်နေသည်။

ရေယိုခြင်းကြောင့် ကြိုတင်သတိပေး၊ အချက်ပေးသံများလည်း ကြားရခြင်း မရှိခဲ့ချေ။

ဝမ်းရေများ၏ နေ့စဉ်အတိုး၊ အလျော့ အခြေအနေမှာလည်း ကွန်ပျူတာစာရင်းဇယားများအရ ပုံမှန်အတိုင်းပင်ရှိကြောင်း ဝမ်းရေနှင့်ရေဆိုး ထိန်းသိမ်းမှု တာဝန်ခံ ပဥ္စမ အင်ဂျင်နီယာထံမှ သတင်းရလေသည်။

ဒါဆိုလျှင် ယခုနံနက် အလုပ်ခွင် ဆင်းခါစမှာပင် သည်ယိုစိမ့်မှု စတင်ခဲ့ခြင်း ဖြစ်လိမ့်မည်။

အင်ဂျင်စက်ခန်း တစ်ခုလုံးရှိ အရာရှိများနှင့် လုပ်သားများအားလုံး သည်ယိုစိမ့်မှု ဖြစ်ခဲ့ရာနေရာကို အခါမလပ် သတိအပြည့်ထားပြီး စောင့်ကြည့်ရန် လိုအပ်ကြောင်း ညွှန်ကြားလိုက်သည်။

ပြီးနောက် သူရ နှင့်တကွ စက်ခန်းအဖွဲ့သားများအားလုံး နေ့လည်ခင်းစာ သုံးဆောင်ကြရန် ခေတ္တတန်းဖြုတ် လူစုခွဲလိုက်ကြလေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## "ရေထိန်း အဆုံကြီး"

ပြဿနာအမျိုးမျိုး၊ ကိစ္စအသွယ်သွယ်တို့က မနားတမ်း ပေါ်ပေါက်နေသဖြင့် ပထမအင်ဂျင်နီယာ သူရ အဖို့ ကောင်းစွာ အနားမရသေးပါ။

အင်ဂျင်စက်ခန်းကြီး၏ ဒုတိယရာထူးအကြီးဆုံးနေရာကို "ဗမာ" မြေလတ်သားတစ်ယောက်က ပိုင်ပိုင်နိုင်နိုင် ရယူထားနိုင်သည်မှာ ဂုဏ်ယူစရာရယ်ပါ။

သူတို့သူတို့ ပြည်ခြားသားတွေ လုပ်ကိုင်ကြသော အလုပ်ကို ဟောသည် ရွှေဗမာတစ်ယောက်သည်လည်း ရင်ပေါင်တန်း လုပ်ကိုင် ဆောင်ရွက်နိုင်ပါသည်။

သူရ သည် ဤမော်တော်ကားတင် သမုဒ္ဒရာဖြတ် သင်္ဘောကြီးပေါ်သို့ အရေးပေါ် တက်ရောက်လာခဲ့ရသော်လည်း သူ့အလုပ်မှာသူ ပိုင်ပိုင်နိုင်နိုင် အကျွမ်းတဝင် ရှိလှ၏။

ကနဦးတုန်းက ပထမအင်ဂျင်နီယာဖြစ်သူ အန္တိယနိုင်ငံသားမှာ ဤသင်္ဘောကြီးပေါ်မှ ရေထဲသို့ ခုန်ချကာ ကိုယ့်ကိုယ်ကို အဆုံးစီရင် သွားသည်ဟု ရုံးချုပ်မှာကတည်းက သိခဲ့ရလေသည်။

ထို့ကြောင့်လည်း သူရတစ်ယောက် ဝန်ထမ်း အရေးပေါ် လိုအပ်ချက်အရ လုပ်ငန်းခွင်ထဲ ကမန်းကတန်း တိုးဝင်ခဲ့ရသည်။

မူလအရာရှိ၏ ဆောင်ရွက်ဆဲ လုပ်ငန်းကိစ္စအထွေထွေ အပြားပြားကိုလုပ်ငန်းပြ လက်လွှဲသွားခြင်း ပြုမည့်သူ မည်မည်ရရ



www.burmeseclassic.com

www.burmeseclassic.com



မရှိခဲ့ဘဲ စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ခဲ့သည်။

သူပိုင်ဆိုင်သော ဦးနှောက် ဉာဏ်ရည်၊ တတ်သိနားလည်မှုများနှင့် အတွေ့အကြုံများကို လက်ကိုင်ပြုကာ ဤသင်္ဘောကြီး၏ လုပ်ငန်းစဉ် နှောင့်နှေးကြွကြာမှု အလျဉ်းမရှိစေရေး၊ ပုံမှန်လည်ပတ်နိုင်ရေး၊ ပုံမှန် ခရီးဆက်နိုင်ရေး တို့အား အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

ယနေ့ညဦးပိုင်း။

နံနက်တုန်းက ယိုစိမ့်မှုဖြစ်ခဲ့သော နေရာကို ထပ်မံစစ်ဆေးရန် သူရ အင်ဂျင်စက်ခန်းကြီးဆီသို့ ဓာတ်လှေကားဖြင့် တစ်ကိုယ်တည်း ဆင်းလာခဲ့သည်။

သင်္ဘောကြီးပေါ်တွင် ယခင် ပထမအင်ဂျင်နီယာ၏ စိတ်မကောင်းစရာဖြစ်ရပ်ဆိုးနှင့် ပတ်သက်၍ သက်ဆိုင်ရာ အဖွဲ့များ၏ စုံစမ်းစစ်ဆေး မေးမြန်းစရာ ကိစ္စများက မပြီးပြတ်သေး။

ထို့ကြောင့် သင်္ဘောပိုင်ရှင်များ ဘုတ်အဖွဲ့၏ အေးဂျင့်ကိုယ်စားလှယ် ဧည့်သည်များ ရောက်ရှိနေချိန်တွင် စက်ခန်းတွင်း မည်သည့် ပြဿနာမှ ကြီးကြီးမားမား မပေါ်စေချင်။

အထူးသဖြင့် သူတို့ သိမသွားစေချင်။

မြင်မသွားစေချင်။

ကြားမသွားစေချင်။

ဤသင်္ဘောကြီးပေါ်တွင် ထိုဧည့်သည်များ လိုက်ပါလာသည်ဟုသာ ကြားသိထားရသည်၊ သေသေချာချာ မဆုံဖူးသေးချေ။

သူ့အလုပ်နှင့် တိုက်ရိုက်သက်ဆိုင်သော ကိစ္စရပ်များ



www.burmeseclassic.com

www.burmeseclassic.com



အတွက်သာ အေးဂျင့်နှစ်ဦးမျှနှင့် တွေ့ဆုံခဲ့ရပြီး ဖြစ်၏။

ကျန်သူများနှင့်မူ ဆုံခွင့် မကြုံသေးချေ။

အင်ဂျင်စက်ခန်းထဲမှ သူ၏ လက်အောက်ဝန်ထမ်းများနှင့်ပင် အာလာပ သလ္လာပ စကားစမြည်လေးများ ဟဟပြောချိန် မရလောက်အောင်ပင် ရှုပ်နေသော အလုပ်များကို ရှင်းထုတ်နေခဲ့ရလေသည်။

ဟော၊ ဟောဟိုက ဘာပါလိမ့်။

ရေသွင်းပင်မ အထိန်းအဆုံကြီး အနီးတွင် တစ်စုံတစ်ခုကို ရိုပ်ခနဲ တွေ့လိုက်ရသလို ရှိသည်။

ဟာ၊ ဟုတ်ရဲ့လား။

ဘာများပါလိမ့်။

သူ့ရ တစ်ခုခုကို မသင်္ကာ ဖြစ်သွားသည်။

ထို့ကြောင့် စက်ခန်း လေသွင်းပိုက်လိုင်း ပြွန်ကြီးဘေးတွင် အသာအယာ အကာအကွယ် ယူလိုက်သည်။

တိုက်ခိုက်ရေး ရဲဘော်များကဲ့သို့ လေပြွန်ကြီးကို ကျောနှင့်အသာကပ်ထားရင်း ခေါင်းလေးအသာပြူပြီး လှမ်းကြည့်လိုက်သည်။

ဘယ်သူ့ကိုမှ မတွေ့။

စိတ်ရှည်ရှည်နှင့် စောင့်ကြည့်နေမိသည်။

မကြာမီသဘော်အောက်ဆုံး ကြမ်းခင်းပြား ဘောင်အစပ်တွင် တစ်စုံတစ်ခုက တလှုပ်လှုပ်နှင့် ပေါ်လာလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

"မမြင် မတန်း"

ထိုလှုပ်ရှားနေမှုလေးကို သူသေသေချာချာ ကြည့်နေ၏။

လက်ကလေးတစ်စုံ ဖြစ်နေပါလား။

ထို့နောက် ခေါင်းလေးပါ ပေါ်လာ၏။

အလို။

ဘယ်သူပါလိမ့်။

လူတစ်ကိုယ်လုံးပေါ်လာပြီးနောက် ကြမ်းခင်းသံပြား ပေါ်သို့ လှစ်ခနဲ တက်လာသည်။

မှောင်ရိပ်ကျနေသော ဘက်ဖြစ်၍ ထိုသူ့မျက်နှာကို ကောင်းကောင်း မမြင်ရပေ။

အရပ်အမောင်းကတော့ တော်တော်လေး ထောင်မောင်း သည်။

သူရ မှတ်မိသမျှတော့ ယခု အင်ဂျင်စက်ခန်းဝန်ထမ်း

www.burmeseclassic.com

www.burmeseclassic.com



များထဲတွင် သည်လို အရုပ်အမောင်းမျိုး ရှိသူကို သူမသိ။

သည်လိုပုံစံမျိုးကိုလည်း မမြင်စဖူး။

ထိုသူသည် ပေကျံနေသော သူ့လက်နှစ်ဖက်ကို သူ၏ ဘောင်းဘီ တင်ပါးဘေးနှစ်ဖက်ဖြင့် အမြန်သုတ်နေသည်။

ပြီးလျှင် လေးဖက်ထောက်ကာ ထိုရေသွင်း အထိန်းဆုံကြီးကို ဖင်ပူးတောင်း ထောင်ကြည့်နေ၏။

တစ်အောင့်မျှ ကြာသောအခါ ထိုအထိန်းဆုံကြီး၏ အခြေရှိရာ သဘော်ဝမ်းဗိုက် ကြမ်းခင်းဆီသို့ လျှောခနဲ ပြန်လည်ဆင်းသက်သွား ပြန်၏။

ထိုသူ ပြန်၍တက်လာလေဦးမလားဟု တွေးကာ သူရအကာအကွယ် ယူထားလျက်မှ စောင့်ကြည့်နေသည်။

ကြာလာပြီ။

စောင့်ရင်း၊ စောင့်ရင်းမှ ခြေသလုံးများသာ တောင့်လာသည် ဆင်းသွားသူကတော့ ပြန်၍တက်လာခြင်း မရှိသေး။

သူ့တာဝန်ယူရာ အင်ဂျင်စက်ခန်းထဲမှ စက်ဆရာ သဘော်သား တစ်ဦးတစ်ယောက်မှ မဟုတ်။

ဒါဆိုလျှင် ကုန်းပတ်ဆိုင်ရာ တာဝန်ကျ သဘော်သား တစ်ဦးဦးများ ဖြစ်နေလေသလော။

သူရ မှာ ရောက်ခါစဖြစ်၍ သူ့စက်ခန်းထဲမှ ဝန်ထမ်းများ၏မျက်နှာကိုပင် အသေအလဲ မှတ်သားနေရသည့်ကြားထဲ ကုန်းပတ်ဆီမှ သဘော်သားဝန်ထမ်းများ၏ မျက်ခွက်များကိုပါ ကျက်မှတ်မိဖို့ ဆိုသည် အချိန်နည်းနည်း ထပ်မံယူမှ ရပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ညောင်းလာပြီ။

ကြာလည်းကြာလာပြီ။

ဖြစ်ချင်ရာဖြစ်၊

သည်အဲတိုင်း စောင့်ကြည့်နေလို့ကတော့ ထူးလာမည် မထင်တော့။

သူရ သည် လေပိုက်လိုင်းကွယ်ရာမှ ထွက်လာကာ ရေထိန်းအဆုံကြီးရှိရာအနီးသို့ သတိကြီးစွာဖြင့် ချဉ်းကပ်လာလေသည်။

အနီးသို့ရောက်သောအခါ ထိုသူဆင်းသွားရာ နေရာလောက်သို့ မှန်းဆပြီး ငုံ့ကာ ကြည့်လိုက်သည်။

သူမရှိပါလား။

သဘော်ဝမ်းဗိုက် အခင်းပြင် ပတ်ဝန်းကျင် ရှေ့နောက် ဘယ်ညာ ထပ်မံကြည့်လိုက်ပြန်တော့လည်း ဘယ်လိုမှရှာမရ။

များပြားရှုပ်ထွေးလှသော ပိုက်လိုင်းကြီးများ၊ ပိုက်လိုင်းငယ်များ အဘွယ်သွယ်တို့ကို မှောင်မှောင်မည်းမည်း မသဲမကွဲသာ မြင်ရသည်။

လက်နှိပ်ဓာတ်မီး အလင်းအားကောင်းကောင်း အောက်ဝယ် သက်ရှိဟူ၍ တစ်ကောင် တစ်မြီးမှ မတွေ့ရ။

သို့ဆိုလျှင် စောစောက သကောင့်သား တစ်ယောက် ကြမ်းခင်းအောက် သံပိုက်လိုင်းကြီးများကြားမှ ဖြတ်သန်းကာ အခြားတစ်နေရာရာသို့ ရွှေ့သွားလေသလား။

ထိုသို့ရွှေ့ရင်း တစ်နေရာရာမှ အပေါ်သို့ တက်သွားလေ

www.burmeseclassic.com



သလား။

သဘော်ာတည်ဆောက်မှု ပညာရပ်ကိုပါ နှံ့စပ်ကျွမ်းဝင်ထားလေသော သူရ အဖို့ သည်လိုနည်းဖြင့် အပေါ်သို့ တက်သွားနိုင်ဖွယ်လမ်းစ မရှိကြောင်း တိတိကျကျကြီး သိထားပြီးဖြစ်သည်။

အချို့သောပိုက်လိုင်းများက ပူလောင်နေပြီး ကန့်လန့်ဖြတ်ပိတ်ဆို့ ကာဆီး နေကြသည်များရှိ၏။

သူရ က သေချာမှုရှိစေရန် ဝမ်းဗိုက်ကြမ်းခင်းကို ကြည့်၍ရသော နေရာများမှ လက်နှိပ်ဓာတ်မီးအားပြင်းပြင်းဖြင့် စေ့စေ့စပ်စပ်ထိုးကာ ထိုးကာ ရှာဖွေ စစ်ဆေးပြန်သည်။

မြေကို့လျှို့၍ မိုးသို့ ပျံသည်မပျံသည်ထား၊ သဘော်ာဝမ်းဗိုက်ကြီးကို ဖောက်ထွင်းကာ ပြင်ပ ပင်လယ်ပြင်ကျယ်နက်ထဲသို့ လျှိုပြီးပဲ ထွက်သွားလေရော့သလားထင့်။

လူလည်းပမ်း၊ စိတ်လည်းကျွမ်း၊ ခြေသလုံးလည်း နွမ်းလှပါပြီ။

စိတ်အင့်မတန်ရှည်သော သူရ၊ ခုတော့ စိတ်က မမှန်ချင်တော့။

သူရ စိတ်ကသိကအောက်ဖြစ်စွာဖြင့် အောက်ဆုံးထပ်မှသည် အပေါ်ဆုံးထပ်ရှိ ထိန်းချုပ်ခန်းကြီးဆီသို့ ပြန်တက်လာခဲ့တော့သည်။

အင်ဂျင်ပင်မထိန်းချုပ်ခန်းထဲမှ လတ်ဆတ်သော လေနုအေးလေးကိုရှူရင်း စဉ်းစားခန်း ဝင်နေမိသည်။

တစ်မြန်နေ့ ညတုန်းက ကြုံခဲ့ရ၊ ဆုံခဲ့ရ၊ စိတ်ကသိက



www.burmeseclassic.com

www.burmeseclassic.com



အောက် ဖြစ်ခဲ့ရသည်များမှာ ဤသင်္ဘောကြီးပေါ်ရှိ လူဟောင်းများ ဖြစ်သော ဆီလောင်းများ၏ မျက်လှည့်ပြသလို လက်ချက်များလေလော။

အဖက်ဖက်မှ ခြိုင့်စဉ်းစား၏။

အပြန်ပြန်အလှန်လှန် တွေးတော၏။

ပြောင်းပြန် ပြန်စဉ်းစား၏။

လက်တွေ့ကျကျ ပြောရလျှင် လူတစ်ယောက်အနေနှင့် ဘယ်လိုမှ လုပ်ဆောင်အကောင်အထည် ဖော်နိုင်စွမ်း ရှိဖွယ်မမြင်ဟု ကောက်ချက်ချ ရလေတော့သည်။

ပြီးတော့ ယနေ့နံနက် ထိုရေထိန်းအဆုံးကြီးရှေ့၌ ထူးဆန်းစွာမှောက်လျက်လဲကျခဲ့ရသည့် သူ့အကြောင်းကိုလည်း အဖြေပေါ်အောင် တွေးမရ စဉ်းစားမရသေး။

ထို့အရင် ရှေ့ရက် တစ်ရက်တုန်းကလည်း သည်လိုပဲ မှောက်လျက် ထူးဆန်းစွာ လဲကျခဲ့ရသည့် အကြောင်းကို စဉ်းစားမိပြန်သည်။

စိတ်ထဲဝယ် ကသိကအောက်ဖြစ်မှုကိုသာမက မသိုးမသန့်ဖြစ်မှုကိုပါ ခံစားရလေ၏။

သို့သော်လည်း အကောင်းဖက်မှ စဉ်းစားလျှင်တော့ သည်လိုသည်နှယ် လဲကျသည်ကပင် ခပ်ကောင်းကောင်းဟု ယူဆမိလေသည်။

သို့မဟုတ်ပါက ဤပင်မရေထိန်း အဆုံးကြီးရှိ ရေစစ်ဆန်ကာအုံ အဖုံးပြားကြီးဆီမှ တိတ်တိတ်လေး ရေယိုစိမ့်နေမှုကို



www.burmeseclassic.com

www.burmeseclassic.com



မည်သို့တွေ့နိုင်ပါလိမ့်မည်နည်း။

ထိုကြောင့်သာ ချောင်နေလေသော မှုလီများကို အမြန်ဆုံး၊ အစောဆုံး ပြန်တပ်ပြီး အချိန်မီ၊ ကြိုတင်လက်ဦးမှုယူကာ ကာကွယ်လိုက်နိုင်ခြင်းဖြစ်လေသည်။

စိတ်ထဲဝယ် ခုလည်း နည်းနည်း ထင့်လာသည်။

ဘာကြောင့်ရယ်မသိ။

လေးလံလာသလို ခံစားရသည်။

ထိုရေထိန်း အဆုံကြီးရှိရာနေရာသို့ ထပ်မံသွားရောက်ကြည့်ချင်စိတ် ပေါ်ပေါက်လာပြန်၏။

သည်တစ်ခါတော့ သည်လိုကောင်နှင့် တွေ့လို့များတော့ တွေ့တွေ့ချင်း အမိဖမ်းကာ ပယ်ပယ်နယ်နယ် ဆုံးမ ပစ်လိုက်ရဦးမည်ဟု တေးထား၏။

တစ်ပေခွဲခန့်ရှည်သော တစ်လက်မ သံပိုက်လုံးတစ်ချောင်းကို အလုပ်ရုံ ဝပ်ရှော့ထဲမှ ရွေးယူလာခဲ့သည်။

သက်ာမကင်းစရာ တစ်ခုခုတွေ့သည်နှင့် စက္ကန့်မဆိုင်းဘဲ လက်ထဲမှ ဤသံပိုက်လုံးဖြင့် အပီအပြင် ပစ်ပေါက်ပြီး ခွေယိုင်ကျသွားအောင် ပညာပေးလိုက်မည်ဟု လက်ထဲမှာ တဆဆပြုရင်း လှေကားမှ ဆင်းလာသည်။

လှေကားမှ ရေထိန်းအဆုံကြီးရှိရာသို့ ကဲအကြည့်။

လား၊ လား။

* * *



www.burmeseclassic.com

www.burmeseclassic.com

“သူယောင်မလေး”

ထိုနေရာမှကား လူသားတစ်ဦး မတ်တတ်ရပ်နေပါကလား။

ကျားကျားလျားလျားအမျိုးသား တစ်ဦးတော့ မဟုတ်ပါပေ။

နုနုငယ်ငယ် မိန်းကလေးပျိုငယ် တစ်ဦး။

စကတ်တိုတို၊ ဆံပင်ဂုတ်ဝဲကျော်ကျော်၊ ကျောဟိုက်ကျယ်ကျယ်နှင့် လက်မောင်းသားလေးများ ဝင်းအိနေအောင်ပေါ်နေသော အလှအပလေး တစ်ခုပါလား။

သည်လို ခက်ခဲကြမ်းတမ်း ပင်ပန်းလှသော သင်္ချိုင်းသားလောက။

သည်လို လှလှပပ၊ နုနုနယ်နယ်လေးနှင့် အပ်စပ်ပါလို့လား။



www.burmeseclassic.com

www.burmeseclassic.com



မဆီလေးရယ်မှ မဆိုင်။

သူရ ဒေါသတွေ တလိပ်လိပ်၊ တရိပ်ရိပ် ထွက်လာသည်။

သည်သင်္ဘောကြီးပေါ် ရောက်ကတည်းက

ထင်မိယောင်မှား ဖြစ်ရပ်များ၊

ဇဝေဇဝါ မြင်ကွင်းများ၊

ဝိုးတိုးဝါးတား အဆုံအတွေ့များ၊

အူတိအူကြောင် လှုပ်ရှားမှုများ၊

ရှုချင့်စဖွယ် သင်းရနံ့များ၊

ဦးနှောက်စားစရာ ဇာတ်ဝင်ခန်းများကို မနားတမ်း ပေးနေကြပါလား။

BURMESE CLASSIC

စောစောတုန်းကလည်း ဘယ်ကငတိ၊ ဘယ်ကနော အကြောင်းပတ်ကြောင်နှင့် သည်ရေထိန်းအဆုံကြီးနားမှာဘဲ ရစ်သီဝဲခဲ့ပြီး ဘယ်ပျောက်သွားသည်မသိ။

ခုလည်း နုံနုငယ်ငယ်လှလှလေးတစ်ဦး၊

ဘာအကြောင်းနှင့်မှ မပတ်သက်ဖါဘဲ ယောင်လည်၊ ယောင်လည် သူယောင်မယ် လာလုပ် နေပြန်ပါချေပြီ။

သူမလေးသည် ခါးလေးကိုကိုင်း၊ ဒူးလေးနှစ်လုံးကို ထွတ်ပြီး ပင်မရေထိန်းအဆုံကြီးကို ငုံ့ကြည့်နေ၏။

လူတစ်ဖက်စာရှိ လေသွင်းပြွန်ကော်လံကြီးအကွယ်မှ သူရ အသာကွယ်ပြီး ချောင်းကြည့်နေသည်။

သည်တစ်ခါတော့ လက်နှေးနေ၍ မဖြစ်ပြီ။

တော်ကြာ သင်္ဘောဝမ်းဗိုက်အောက်ဆီသို့ ဆင်းသွားပြီး



www.burmeseclassic.com

www.burmeseclassic.com



ရှိန်းဆာယာပိုမောက်၍ ကွယ်ပျောက်သွားပါမှ ခက်ဦးမည်။

သည်တစ်ခါတော့ဖြင့် လက်လွှတ် မခံတော့ပြီ။

လက်ထဲမှ သံပိုက်ကို ခပ်ဆဆလေး ကိုင်လိုက်သည်။

ပုန်းနေရာမှ ဖျတ်ခနဲ ထွက်လိုက်သည်။

မိန်းကလေးဆိုပြီး ငဲ့ညှာနေ၍မဖြစ်ပြီ။

သူ့ရ စိတ်ထဲဝယ် မိန်းကလေးဆိုသည့် အသိလည်း မရှိနိုင်တော့ပါပြီ။

လောကကြီးထဲမှာ ကိုယ်မသိနိုင်သေးသော ကိစ္စများက မြောက်မြားစွာ ရှိနေကြသည် မဟုတ်ပါလား။

တစ်ချိန်တည်းမှာပင် သေသေချာချာချိန်ပြီး ထိုမိန်းမလှလေး ထံသို့ အရှိန်ပြင်းစွာဖြင့် ပစ်ပေါက် လိုက်လေတော့သည်။

ပစ်မှတ်ဆီသို့ သံပိုက်က တန်းတန်းမတ်မတ် ပျံသန်းသွားလေသည်။

စက္ကန့်ပိုင်းအတွင်း ထိုမိန်းကလေး ဖျတ်ခနဲ ပျောက်ကွယ်သွားလေမည်လား။

စောင့်ကြည့်နေလိုက်သည်။

"တိန်"

"အိုး၊ ဂေါ့"

သခင်၏ အမိန့်တော်အတိုင်း ပျံဝဲသွားသော သံပိုက်သည် မိန်းကလေး၏ ဖက်ပိုးတည့်တည့် ပစ်မှတ်ဆီသို့ တစ်လက်မလွဲအောင် ရောက်ရှိသွား လေ၏။

မိန်းကလေးမှာ ဖျတ်ခနဲပျောက်ကွယ်သွားဖို့ နေနေ



www.burmeseclassic.com

www.burmeseclassic.com



သာသာ ခေါက်ခနဲ ငိုက်သွားပြီးရှေ့သို့ ခွေခနဲ လဲကျသွားလေတော့သည်။

ဟိုက်၊ ပျောက်ကွယ်မသွားပါလား။

ဒါ၊ ဒါဆို လူ လူ လူပေါ့။

ပြဿနာတော့ စပြီထင်ပါရဲ့။

သူရ ခြေလှမ်းကျဲကြီးများနှင့် ပြေးသွားသည်။

လဲကျနေသူလေးထံ ချက်ခြင်းရောက်ရှိသွား၏။

မေ့မျော သွားပါလား။

အို၊ လူမှဟုတ်ပါလေစ။

ကြည့်ရတာ လူတော့ လူပါ။

သူမ လက်မောင်းအိုး အိအိလေးကို လက်ညှိုးလက်ခလယ် ပူးလျက် အသာအယာ တို့ကြည့်လိုက်သည်။

နူးညံ့လှပါကလား။

မွေးလည်း အလွန်မွှေးကြိုင်လှပါ၏။

စကတ်တိုတို ပေါင်လုံးရှည်ရှည် ခဲခဲလေးနှင့် လူသားစစ်စစ်မလေး ပါလား။

* * *

လန်းကြပါစေ

ဒဿ မဟိဒ္ဓ



www.burmeseclassic.com